ကြေးမုံ The Mirror

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့ (16-2-2014) (၇၇၅၈)

ထူးခြားသည့် ညအလှူချိန်များ

ဟားခါး
၄ ဒီဂရီစင်တီဂရိတ်
မိုးကုတ်
၅ ဒီဂရီစင်တီဂရိတ်
လွိုင်လင်
၆ ဒီဂရီစင်တီဂရိတ်

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

လက်ရှိအစိုးရနှင့် တပ်မတော် တိုင်းပြည်ငြိမ်းချမ်းရေးရရှိအောင် အစွမ်းကုန်ကြိုးပမ်းတည်ဆောက်နေ မကြာခင်ကာလတွင် မိမိတို့နိုင်ငံသည် အမှန်တကယ်ငြိမ်းချမ်းသွားမည်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခေါင်းဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် လာအိုသမ္မတနန်းတော်၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E.Mr. Choummaly SAYASONE အား သွားရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ ဗိုလ်ချုပ်မြထွန်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်ချုပ်တင်အောင်စန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်လွင်ဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတနှင့်အတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာပါစေကြောင်းဖြင့် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ဗိုလ်ချုပ်မှူးကြီး၏ ခရီးစဉ်အတွင်း လာအိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာမှုကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်အကြီးအကဲများ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခေါင်းဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ H.E.Mr. Choummaly SAYASONE နှင့်အဖွဲ့ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ပုသိမ်မြို့နှင့် အနီးတစ်ဝိုက်တွင် ပဥ္စဝတီ FM လှိုင်းနှုန်း ပြောင်းလဲထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပုသိမ်မြို့နှင့် အနီးတစ်ဝိုက်တွင် ပဥ္စဝတီ FM ထုတ်လွှင့်ခြင်းကို ယခင်လှိုင်းနှုန်း 88.9MHz ဖြင့် ထုတ်လွှင့်လျက်ရှိရာမှ ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ လှိုင်းနှုန်း 88.3MHz ဖြင့် ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်-မြန်မာပူးပေါင်း၍ ရွှေနန်းတော်ကျောင်းကြီး ပြုပြင်ထိန်းသိမ်းရေးစီမံကိန်းဖွင့်ပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၅

မန္တလေးမြို့ ရှေးဟောင်းယဉ်ကျေးမှု သစ်သားကျောင်းတော်ကြီးဖြစ်သည့် ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)အား အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ယဉ်ကျေးမှုအဆောက်အအုံများ ထိန်းသိမ်းခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ပြုပြင်ထိန်းသိမ်းခြင်းစီမံကိန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က မန္တလေး ရွှေကျောင်းရှေ့၌ ကျင်းပသည်။

အဆိုပါ စီမံကိန်းတွင် အမေရိကန်ဒေါ်လာငါးသိန်းဖြင့် ရွှေကျောင်း၏ မီးဘေးလုံခြုံရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ မှတ်တမ်းအချက်အလက်များ ပြုစုရေးနှင့်ထိန်းသိမ်းရေးလုပ်ငန်းများကို ယခုလမှစတင်၍အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကာလမှာ နှစ်နှစ်ကျော်ကြာမြင့်မည်ဖြစ်ကြောင်း ကမ္ဘာ့ယဉ်ကျေးမှုအဆောက်အအုံများရန်ပုံငွေအဖွဲ့မှ အစီအစဉ်ဒါရိုက်တာ Mr.Jeff Allen က ရှင်းလင်းပြောကြားသည်။

"ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ပြီးသွားရင် နောက်ထပ်ထိန်းသိမ်းတဲ့နည်းစနစ်ကို ချန်ထားခဲ့နိုင်ဖို့အတွက် လေ့ကျင့်ပေးမယ့်သင်တန်းတွေကိုလည်း စီစဉ်ပေးသွားမှာပါ"ဟု ၎င်းကပြောသည်။

ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းသည် အမေရိကန်-မြန်မာနှစ်နိုင်ငံ ပထမဆုံးပူးပေါင်းလုပ်ဆောင်သော လုပ်ငန်းဖြစ်ပြီး နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုမှတ်တိုင်တစ်ခုဖြစ်ကာ ပညာရှင်များပူးပေါင်းဆောင်ရွက်မှုကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားရန် ရည်ရွယ်ချက်ရှိကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

ယခုကဲ့သို့ ရွှေနန်းတော်ကျောင်းကြီးအား နှစ်နိုင်ငံပူးပေါင်း၍ ပြုပြင်ခွင့်ရသည့်အတွက် **စာမျက်နှာ ၃ ကော်လံ ၄ သို့** ✪

ယနေ့ **မာတိကာ**

ရွှေတိဂုံစေတီတော်ဝင်ကြေး မြန်မာကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံမည် — စာမျက်နှာ - ၂

တက်လုမ်းညီညီ ကျင့်ဝတ်နှင့်အညီ မီဒီယာကဏ္ဍသစ်ဆီ — စာမျက်နှာ - ၆

ကြေးမုံ စာ တည်း ရှု ထောင့် **၁၆-၂-၂၀၁၄၊ တနင်္ဂနွေနေ့**

အရိပ်

အရိပ်အာဝါသ ဟူသမျှသည် ငြိမ်းချမ်းမှုအတိဖြစ်စေ၏။ သစ်ရိပ်ဝါးရိပ်များသည် နေအပူဒဏ်မှ ကာကွယ်ပေး၏။ မိဘ၊ ဆရာသမားတို့အရိပ်သည် နွေးထွေးမှုနှင့် အေးမြမှုကို ဖြစ်စေ၏။ ရတနာသုံးပါး ရိပ်ကောင်းဆာယာသည်ကား တုနှိုင်းဖွယ်ရာမရှိ။ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာကို ပေးနိုင်စွမ်း၏။ သို့သော် လောင်းရိပ်ဆိုသည်မှာကား အရိပ်တစ်ခုဖြစ်သည်မှန်၏။ ဖွံ့ဖြိုးမှု၊ ငြိမ်းချမ်းမှုကိုကား ပေးနိုင်စွမ်းသည် မရှိ။ ရခဲပေစွလူ့ဘဝတစ်ခုလုံးကို နိမ့်ကျစေ၊ တန်ဖိုးမဲ့စေ၊ ပြိုလဲသွားစေနိုင်သည့် အရိပ်မည်းကြီးတစ်ခုသာဖြစ်၏။ ဤသို့သော လောင်းရိပ်မျိုးကို နယ်ပယ်အသီးသီးတွင် တွေ့မြင်နေရ၏။ ဘဝခရီးမှာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးတန်လုံး လောင်းရိပ်အောက်ရောက်ကာ ကံသုံးပါးလုံးမှောက်မှား စေလိုရာစေ လျှောက်သွားနေကြသူများ ဒုနှင့်ဒေးပါ။

ဥပမာ တစ်စုံတစ်ဦးနှင့် အဆင်မပြေ၊ မသင့်မမြတ်ဖြစ်ပြီဆိုလျှင် သူ့အကြောင်းအကောင်းမမြင်၊ အကောင်းမတွေး၊ အကောင်းမပြော၊ အကုသိုလ်စိတ်မနောနှင့်လုံးချာလည်ရှိနေတတ်၏။ ဆရာကြီး ပီမိုးနင်းစကားနှင့် ပြောရလျှင် ထိုထိုသောသူများသည် အခကြေးငွေတစ်ပြားမှ မရဘဲ ကျွန်ခံနေသည်နှင့်တူ၏။ တစ်ဖက်သားမှာ မည်သို့ရှိနေမည်မသိ၊ ထိုအသိပွားနေသူမှာကား အမြဲမပြတ်လောင်မြိုက်ခံနေရ၏။ လောင်းရိပ်မိခြင်း၏ နမူနာတစ်ခု။

ဆက်နွှယ်ရာ နေရာဒေသ၊ လူမျိုး၊ ဘာသာနှင့် ပတ်သက်ယှဉ်လာလျှင်လည်း အမှား၊ အမှန်အပေါ် စဉ်းစားဆင်ခြင်ဉာဏ်ကင်းကွာ တစ်ဖက်သတ် အမြင်အတွေးနှင့် ဘက်လိုက်မှု ရှိနေတတ်ကြ၏။ အတိတ်၏ ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အာဃာတနှင့်ယှဉ် အမြင်မမှန်နိုင်ကြ။ အထိမခံ ရှေ့ပန်းကန်၊ ဆတ်ဆတ်ထိမခံ ဖြစ်နေတတ်ကြ၏။ လောင်းရိပ်မိခြင်းတစ်မျိုး။

လူမျိုး၊ ဘာသာ၊ နေရာဒေသ ကွဲပြားမှုကြောင့် အချင်းချင်းကြားမှာ အချင်းများကြသလို လူမျိုးဘာသာ တူကြသူများကြားတွင်လည်း တိုက်ကြ၊ ခိုက်ကြနှင့် ပစ္စက္ခမြေကမ္ဘာပေါ်မှ ဒေသစစ်ပွဲများက သက်သေပြနေ၏။ ထိုနည်းတူ သားနှင့်အမိ၊ မောင်နှင့်အစ်မ သွေးသားအရင်းအချာကြားတွင်လည်း အခန့်မသင့်လျှင် ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့် ရှိနေတတ်ကြ၏။ အမှန်ကို မြင်နိုင်စွမ်းမရှိသည့် လက္ခဏာ၊ လောင်းရိပ်မိနေကြခြင်း၏ ပြယုဂ်များ။

အနှစ်ချုပ်ပါလျှင် မတူကွဲပြားမှုကြောင့်လည်း ပြဿနာဖြစ်ကြ၏။ တူပါလျက်နှင့်လည်း ပြဿနာဖြစ်နေကြ၏။ သူစိမ်းတစ်ရံကြောင့်လည်းဖြစ်၊ သွေးသားအရင်းအချာကြောင့်လည်း ပြဿနာဖြစ်နှင့် မြေကမ္ဘာနေရာအနှံ့တညီးညီးတပြောင်ပြောင် လောင်မြိုက်နေကြ၏။

"တစ်စုံတစ်ဦးသည် မြစ်တစ်စင်းကို နှစ်ကြိမ်ဆင်း၍မရ" ဆိုစကားရှိ၏။ စဉ်ဆက်မပြတ် စီးဆင်းနေသော ရေအလျဉ်ကြောင့်ဖြစ်၏။ မပြတ်ရွေ့လျားနေတတ်မှု၏ နိယာမသဘာဝ၊ လောက၏ ဖြစ်စဉ်ဖြစ်ရပ်တိုင်းတွင် "ဖြစ်၊ တည်၊ ပျက်" အင်္ဂါသုံးရပ်ရှိစမြဲ။ ဤသည်ပင် လောကသစ္စာအနှစ်တရား၊ အရွေ့အလျဉ်၏ မြန်ဆန်လွန်းမှုအရှိန်အဟုန်ကို တစ်ဆက်တစ်စပ်တည်းမြင်အကောင်ဒြပ်ထင်လျက် အမြင်မှောက်မှား တံလျှပ်ရေထင် ရွှေသမင်အလိုက်မှား လောကမာယာကြားမှာ လမ်းမှားလိုက်နေကြသူများ။ အမှား၊ အမှန်ကို ခွဲခြားဝေဖန် မြင်နိုင်စွမ်းသည့် ဉာဏ်အမြင်မရှိသေးသမျှ လောင်းရိပ်ဟူသမျှကို ချေဖျက်ပျက်ပြယ်နိုင်စွမ်းမည် မဟုတ်သေး။ ငြိမ်းချမ်းမှုနှင့် ဝေးပြီးရင်းဝေးနေရဦးမည်သာ။

"လူမိုက်တို့သည် ဤလောက၌ မိမိတို့အမြဲမနေ သေရဦးမည်ကို မအောက်မေ့၊ မဆင်ခြင်ဘဲ ခိုက်ရန်ပွားကုန်၏။ ပညာရှိတို့သည်ကား မိမိအမြဲမနေ သေရဦးမည်ကို သိမြင်ဆင်ခြင်ကြ၍ လူမိုက်တို့ကိုမတုဘဲ ခိုက်ရန်ငြိမ်းအောင် ပြုကုန်၏။" ဗုဒ္ဓ၏အမြင်ကြည်လင် ဘဝနေနည်း အနှစ်တရားဒေသနာတစ်ခု။

"လူ့ဘဝသက်တမ်းသည် တိုလွန်း၏။ သေးသိမ်နေဖို့ အချိန်မရှိပါ" အင်္ဂလန်နန်းရင်းဝန် ဒွေ့စ်ရေးလီ၏ အာဃာတမရှိ ငြိမ်းချမ်းမှုအတိနှင့် သုတိမင်္ဂလာစကား။

"ကျွန်ုပ်တို့အားလုံး ညီအစ်ကိုမောင်နှမတွေပါ"။ ဟင်နရီဒျူးနန့်၏ လူသားဆန်သည့် ကရုဏာစကား။

လောင်းရိပ်အောက်မှ လွန်မြောက်ပြီးသူများ၏ ဘဝနေနည်း အနှစ်စကားများ။ ။

ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး (၁/၂၀၁၄)အစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကုန်စျေးနှုန်းတည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြည်သူများ၏ လိုလားချက်နှင့် တင်ပြတောင်းဆိုမှုများကို တာဝန်ရှိသူများက လိုက်လျော ဆောင်ရွက်ပေးနိုင်အောင် အလေးထားကြရန်လိုအပ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် ဆင်းရဲချမ်းသာကွာဟမှု များပြားနေပါက ကောင်းမွန်သောရလဒ်ကောင်းဖြစ်မှာမဟုတ်သည့်အတွက် အားလုံးဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ် အောင်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် Public နှင့် Private များ၏စွမ်းရည်များကို ပေါင်းစပ်ရမှာဖြစ်ကြောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိပြီး အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် နိုင်ငံတော်ဘက်မှ လိုအပ်သည့်ဖြေလျှော့ပေးမှုများ ပြုလုပ်ပေးခြင်း၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေ ဖြစ်စေမည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ရေးဆွဲပြဋ္ဌာန်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုကဏ္ဍတွင် အသွင်သဏ္ဌာန်နှင့်အနှစ်သာရများ မြင့်တင်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေးအတွက် လက်ကားစျေးများ ထူထောင်နိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိဆန်စျေးနှုန်းအနေဖြင့် တောင်သူလယ်သမားများအတွက် တွက်ခြေကိုက်သလို စားသုံးသူအတွက်လည်း သင့်တင့်သည့် စျေးနှုန်းဖြစ်ပါကြောင်း၊ မကြာမီနွေစပါးများလည်း ပေါ်ထွက်လာတော့မှာဖြစ်ကြောင်း၊ ဌာနဆိုင်ရာများ၊ ကုန်သည်အသင်းအဖွဲ့များအနေဖြင့် ပြည်တွင်းထုတ်လုပ်နိုင်မှုပမာဏကို မပြတ်လေ့လာဆန်းစစ်ပြီး စားသုံးသူပြည်သူ မျှတသောစျေးနှုန်းဖြင့် စိတ်လက်ချမ်းသာစွာ ဝယ်ယူစားသုံးနိုင်ရေးကို ဦးစားပေးလုပ်ဆောင်ရန် လိုအပ်သလို စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ ရသင့်ရထိုက်သည့် အကျိုးအမြတ်များခံစားရရှိနိုင်ရေးကို တွက်ချက်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ပြည်ပမှတင်သွင်းသောကုန်စည်များနှင့် ပြည်တွင်း ထုတ်လုပ်သော ကုန်စည်များသည် စားသုံးသူတို့အတွက် လုံခြုံစိတ်ချရသော ကုန်စည်များဖြစ်စေရန် အားလုံး ဝိုင်းဝန်းဆောင်ရွက်ရမှာဖြစ်ပါကြောင်းနှင့် စားသုံးရန် မသင့်သော ကုန်စည်များ၊ အတုအပများ တင်သွင်းလာမှုများကိုလည်း ထိရောက်စွာ အရေးယူသွားမှာ ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးချက်များအရ ငွေလွှဲရာတွင် အခနှုန်းထားကြီးနေမှုနှင့် သယ်ယူပို့ဆောင်ခအပါအဝင် အခြားမလိုအပ်သည့် ကြားခံကုန်ကျစရိတ်များလျှော့ချနိုင်ရေးကို ဆောင်ရွက်သွားရန်နှင့်ပဲအရောင်းအဝယ်ပြုလုပ်ရာတွင် လေရောင်းလေဝယ်ကိစ္စအားထိရောက်စွာ အရေးယူသွားရန် သဘောတူဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေတိဂုံညော့်ဝင်ကြေး မြန်မာကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရွှေတိဂုံစေတီတော်ကြီးသို့ လာရောက်လေ့လာကြည်ညိုကြသော ကမ္ဘာလှည့်ခရီးသည်များ၏ ဇော့်ဝင်ကြေးကို ဧပြီ ၁ ရက်မှ စတင်၍ မြန်မာကျပ်ငွေဖြင့်ပြောင်းလဲကောက်ခံသွားမည် ဖြစ်ကြောင်းဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါ စေတီတော်သို့ လာရောက်လေ့လာကြည်ညိုကြသော ကမ္ဘာလှည့်ခရီးသည်တစ်ဦးလျှင် ယခင်ကငါးဒေါ်လာ၊ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်ကာ ၈ ဒေါ်လာ ကောက်ခံခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက် မှစတင်၍ မြန်မာကျပ်ငွေ ၈၀၀၀ ကျပ်နှုန်းကောက်ခံရန် စီစဉ်နေခြင်းဖြစ်သည်။ထိုသို့ ပြောင်းလဲကောက်ခံရန် စီစဉ်ခြင်းမှာ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ရာတွင် ဇော့်ဝင်ကြေးပေးသွင်းရာ၌ ဟောင်းနွမ်းသော ငွေစက္ကူများပါရှိကြောင်း၊ ယင်းစက္ကူများကို ဘဏ်သို့ပေးသွင်းအပ်နှံရာတွင် လည်းကောင်း၊ ခရီးသွားလမ်းညွှန်များ၊ ကမ္ဘာလှည့်ခရီးသည်များနှင့် အငြင်းပွားမှု၊ အဆင်မပြေမှုများဖြစ်ပွားရခြင်းကြောင့် နောင်တွင် မဖြစ်ပွားရအောင် ဇော့်ဝင်ကြေးငွေကို မြန်မာကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံပါက အဆင်ပြေအကျိုးရှိမည်ဟုလည်း အကြံပြုလာခြင်းများရှိသောကြောင့် ဂေါပကအဖွဲ့အနေဖြင့် ပြောင်းလဲကောက်ခံရန် စီစဉ်ထားခြင်းဖြစ်သည်ဟု သိရသည်။

(၆၈၀)

ဥတု
ရာသီ
တောကို
မှီ၏

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးနှင့်အဖွဲ့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးနှင့်ဇနီးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းတွင် Don Chan Palace Hotel ရှိ Convention Hall-B ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး Lieutenant General Douangchay PHICHITH နှင့်ဇနီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း လာအိုပြည်သူ့တပ်မတော် အနုပညာဖျော်ဖြေရေးတေးဂီတအဖွဲ့မှ လာအိုရိုးရာအကများ၊ တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။**(အပေါ်ပုံ)**

ညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသား ကာကွယ်ရေးဝန်ကြီး Lieutenant General Douangchay PHICHITH နှင့် ဇနီးတို့သည် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုအမှတ်တရလက်ဆောင်များပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❖ ရှေ့ဖုံးမှ

အပြန်အလှန်လည်ပတ်မှု အမြဲတမ်းရှိနေသော အိမ်နီးချင်းနိုင်ငံများဖြစ်ပါကြောင်း၊ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတက်ရောက်စဉ် မိမိအား နွေးထွေးစွာကြိုဆိုခဲ့ကြသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းလုံးညီညွတ်မှုကို လက်တွေ့မြင်တွေ့ခဲ့ရပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးနှင့် တပ်မတော်ခေါင်းဆောင်များ၏ ပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်မှုများသည် အောင်မြင်လိမ့်မည်ဟု မိမိယုံကြည်ပါကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ-လာအိုနှစ်နိုင်ငံသည် ရှည်လျားသောဆက်ဆံရေး သမိုင်းကြောင်းရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း အယူအဆအမျိုးမျိုးကြောင့် စိတ်ဝမ်းကွဲခဲ့ပြီး ပဋိပက္ခမျိုးစုံပေါ်ပေါက်ခဲ့ကာ ယင်းပဋိပက္ခများငြိမ်းချမ်းအောင် အစိုးရအဆက်ဆက်ကြိုးပမ်းခဲ့ကြပါကြောင်း၊ နိုင်ငံတစ်ခုသည် မည်သည့်စနစ်ပဲကျင့်သုံးသည်ဖြစ်စေ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပါမှ ၎င်းနိုင်ငံတိုးတက်မှုရရှိမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံတွင်လည်း လက်ရှိအစိုးရနှင့် တပ်မတော်သည် ယခုထက်ပို၍ တိုင်းပြည်ငြိမ်းချမ်းရေးရရှိအောင် အစွမ်းကုန် ကြိုးပမ်းတည်ဆောက်နေပြီး မကြာခင်ကာလတွင် မိမိတို့နိုင်ငံသည် အမှန်တကယ်ငြိမ်းချမ်းသွားမည်ဖြစ်ပါကြောင်း၊ မည်သည့်နိုင်ငံတွင်မဆို တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် တာဝန်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် တိုင်းပြည်၏ အခြေအနေနှင့်ကိုက်ညီသော ဒီမိုကရေစီစနစ်ကိုသွားနေပြီဖြစ်ကြောင်း၊ မိမိတို့အခိုင်အမာပြောကြားလိုသည်မှာ လက်ရှိနိုင်ငံရေးအခြေအနေထက်ပိုမိုကောင်းမွန်အောင် ရှေ့သို့သာချီတက်လျှောက်လှမ်းမည်ဖြစ်ပြီး လက်ရှိအခြေအနေမှ နောက်ကြောင်းပြန်လှည့်မှာ မဟုတ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို အာဆီယံအသိုက်အဝန်းက အသိအမှတ်ပြုထောက်ခံသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီးတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိ လာအိုနိုင်ငံသို့လာရောက်ခြင်းသည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်ကောင်းမွန်စေရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးနှင့်လည်း နှစ်နိုင်ငံတပ်မတော်အချင်းချင်း အပြန်အလှန်ရင်းနှီးစွာလည်ပတ်ရေး၊ အားကစား၊ ယဉ်ကျေးမှုဆိုင်ရာများနှင့် ဘာသာရပ်ဆိုင်ရာသင်တန်းများ အပြန်အလှန်တက်ရောက်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိုလည်း ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ လာအိုနိုင်ငံသည် မိမိတို့နိုင်ငံနှင့် အရင်းနှီးဆုံးအိမ်နီးချင်းမိတ်ဆွေနိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ သမိုင်းကြောင်းအရ ရှည်လျားသော ချစ်ကြည်ရင်းနှီးမှုကို မိမိတို့မျိုးဆက်သစ်များအနေဖြင့် ပိုမိုခိုင်မြဲအောင် တည်ဆောက်သွားမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လာအိုသမ္မတကြီးက မြန်မာ့တပ်မတော်၏ ခံယူချက်၊ ယုံကြည်ချက်ကို ရှင်းလင်းစွာ ပြောကြားခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့လာအိုနိုင်ငံသည်လည်း ၁၉၇၅ ခုနှစ် လွတ်လပ်ရေးရရှိပြီးကတည်းက နိုင်ငံတည်ငြိမ်မှုရှိအောင် အစွမ်းကုန်ကြိုးပမ်းခဲ့ပါကြောင်း၊ မိမိတို့သည် အခက်အခဲအမျိုးမျိုးကြားမှ လာအိုနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ယခုထက်ပိုမိုကောင်းမွန်အောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မဲခေါင်မြစ်ကူးချစ်ကြည်ရေးတံတား ပြီးစီးသွားပါက နှစ်နိုင်ငံကုန်သွယ်မှု၊ ဆက်ဆံမှုယခုထက်ပိုမိုလာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

✪ အမေရိကန်မှ

အမေရိကန်-မြန်မာနှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုကောင်းမွန်စေပြီး ယဉ်ကျေးမှုဆိုသည်မှာ မျှဝေခံစားနားလည်ဖို့ဖြစ်သည်ဟု အမေရိကန်နိုင်ငံသံရုံး မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး Mr.Derek Mitchell က ဆိုသည်။

"ရွှေနန်းတော်ကျောင်းကြီးဟာ မြန်မာနိုင်ငံရဲ့ အလှပဆုံးနဲ့လာရောက်လည်ပတ်မှုအများဆုံး ကျောင်းတော်ကြီးဖြစ်ပါတယ်။ ယခုစီမံကိန်းမှာ ပြည်သူများပါ ပူးပေါင်းဆောင်ရွက်စေချင်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ စီမံကိန်းတွင် ပါဝင်သည့် ဦးဝင်းမောင်(တမ္ပဝတီ)ကလည်း "ယခင်ပြုပြင်ထိန်းသိမ်းတဲ့လုပ်ငန်းတွေကို ရှေးဟောင်းသုတေသနက ဝန်ထမ်းတွေနဲ့ ပြည်တွင်းဗိသုကာပညာရှင်တွေကသာ လုပ်ဆောင်ခဲ့ပြီး အခုအချိန်မှာတော့ ပြည်ပ ပညာရှင်များကပါ သုံးဦးသုံးဖလှယ် ပူးပေါင်းပါဝင်ပြီး လုပ်ဆောင်တဲ့အတွက် ပထမဆုံး ကမ္ဘာ့အဆင့်မီထိန်းသိမ်းမှုလုပ်ငန်းဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါလုပ်ငန်းတွင် ကမ္ဘာ့ယဉ်ကျေးမှု အဆောက်အအုံများ ရန်ပုံငွေအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ မန္တလေးဒေသခံ မြန်မာမှုပညာရှင်များနှင့် အခြားစိတ်ပါဝင်စားသူများ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမည်ဖြစ်ပြီး သမိုင်းတန်ဖိုး၊ ခေတ်လက်ရာတန်ဖိုး မြင့်မားလှသည့် ရွှေကျောင်းတော်ကြီး ပိုမိုခိုင်ခံ့တည်တံ့စေရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာမှု မြန်မာ့ဟန်များ မပျောက်ပျက်စေရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မင်းထက်အောင်-မန်းကိုယ်ပွား)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၁၆-၂-၂၀၁၄ (တနင်္ဂနွေနေ့)

၅း၀၀	ပဋ္ဌာန်းပါဠိတော်၊ပရိတ်နိဒါန်း မင်္ဂလသုတ်
၅း၄၀	"ခန္ဓာငါးပါး၊ သစ္စာလေးပါး" တရားတော် (သုညတဓမ္မဆရာတော် ဘဒ္ဒန္တစန္ဒသေန)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရူး" (အပိုင်း-၁)
၉း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၈၄)
၁၁း၄၅	အနုပညာမိုးကောင်းကင်
၃း၁၀	ဗီဒီယိုပြခန်း
၆း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရူး" (အပိုင်း-၂)
၉း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၈၅)
၁၁း၂၀	အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၃၀	Granada -Real Betis	(Star Sports)
၁၀း၃၀	Getafe - Real Madrid	(Star Sports)
နံနက်ပိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၁၂း၃၀	Athletic Club - Espanyol	(Star Sports) (MRTV-4)
၂း၃၀	Sevilla - Valencia	(Star Sports)

*** ပွဲစဉ်အပြောင်းအလဲ ရှိနိုင်ပါသည်။**

ကုသိုလ်လည်းရ
ဝမ်းလည်းဝ
ကျသင့်အခွန်
တို့ကျေပွန်

စီးပွားရေး ပူးပေါင်းမှုဆိုင်ရာ ဂျပန် – မဲခေါင် ဆွေးနွေးပွဲ ကျင်းပမည်

တိုကျို ဖေဖော်ဝါရီ ၁၅

ဂျပန်နိုင်ငံနှင့် မဲခေါင်မြစ်ရိုးတစ်လျှောက်ရှိ အရှေ့တောင်အာရှနိုင်ငံ ငါးနိုင်ငံတို့မှ အစိုးရတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကျွမ်းကျင်သူ ပညာရှင်များသည် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေး ဆွေးနွေးနိုင်ရန် ဖေဖော်ဝါရီ ၁၈ ရက်တွင် တိုကျို၌ ဖိုရမ်ဆွေးနွေးပွဲကို ကျင်းပကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့်ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်များသည် အခြေခံအဆောက်အအုံနှင့် အထူးစီးပွားရေးဇုန်များ၊ ကျန်းမာရေးနှင့်ဆေးဝါး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများဖြစ်ကြသော နယ်ပယ်ကဏ္ဍသုံးရပ်နှင့် ပတ်သက်၍ အလေးအနက်ပြု ဆွေးနွေးကြမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။



ဗီယက်နမ်နိုင်ငံ အနောက်တောင်ပိုင်း မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ တစ်နေရာကို တွေ့ရစဉ်။

မဲခေါင်မြစ်ရိုးတစ်လျှောက် အရှေ့တောင်အာရှနိုင်ငံများ၌ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဖိုရမ်ဆွေးနွေးပွဲ၏ ရလဒ်များကို ယခုနှစ်နှောင်းပိုင်းတွင် ကျင်းပမည့် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲနှင့်ထိပ်သီးဆွေးနွေးပွဲတို့သို့ အစီရင်ခံတင်ပြသွားမည်ဖြစ်သည်။

၂၀၁၅ ခုနှစ်ထက် နောက်မကျဘဲ အာဆီယံစီးပွားရေး အသိုက်အဝန်း ထူထောင်မှုပြုလုပ်ရန် ရည်မှန်းချက်နှင့်အညီ ရှေးရှုဆောင်ရွက်နေကြချိန်တွင် ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက တိုကျိုတွင် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော မဲခေါင်ဒေသ ထိပ်သီးဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

ကျိုဒို။

*syeEbfwGESf;bfwbfwdf

တိုကျို ဖေဖော်ဝါရီ ၁၅

ဂျပန်နိုင်ငံမြို့တော်တိုကျိုနှင့် ဒေသများတွင် နှင်းမုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး လူပေါင်း ၈၅၀ ထိခိုက်ဒဏ်ရာရမှုများရှိကြောင်း ကျိုဒိုသတင်းဌာနက ဖေဖော်ဝါရီ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ မြို့တော်တိုကျိုတွင် နှင်းမုန်တိုင်းတိုက်ခတ်ပြီးနောက် တွေ့ရစဉ်။

တိုကျိုတွင် ဖေဖော်ဝါရီ ၁၄ ရက်က ဆီးနှင်းများသိပ်သည်းစွာ ကျဆင်းခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက် နံနက် အစောပိုင်းတွင် ၂၆ စင်တီမီတာ အမြင့်ရှိ ဆီးနှင်းထုဖြစ်ပေါ်ခဲ့သည်။

နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လမ်းများပေါ်တွင် ဆီးနှင်းခဲများ ဖုံးလွှမ်းသွားခဲ့ပြီး မော်တော်ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့သည်။ ဂျပန်နိုင်ငံအလယ်ပိုင်း ရှီဂါးမြို့၌ မော်တော်ယာဉ်တစ်စီးနှင့် ထရပ်ကားတစ်စီးတို့ တိုက်မိခဲ့ရာ ယာဉ်မောင်းတစ်ဦး သေဆုံးခဲ့ရသည်။

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း အိုရီစာမြို့တွင် လယ်ထွန်စက်တစ်စီး တိမ်းမှောက်ခဲ့ရာ လယ်သမားတစ်ဦး သေဆုံးခဲ့ရသည်။

ဆီးနှင်းခဲများ ဖုံးလွှမ်းနေသော အဝေးပြေးလမ်းများပေါ်တွင်လည်း ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့သည်။ ဂျပန်နိုင်ငံ ရှီဇုအိုကာမြို့အနီးတွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။

တိုကျိုမြို့ဆင်ခြေဖုံး ဆီတာဂါယရပ်ကွက်၌ ဆီးနှင်းများ ပျော်ဆင်းမှုကြောင့် လမ်းအချို့ရေလွှမ်းမိုးလျက်ရှိရာ မော်တော်ယာဉ်များ ခက်ခက်ခဲခဲ မောင်းနှင်နေကြရသည်။

နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် တိုကျိုရှိ ဟာနီဒါလေဆိပ်၌ လေယာဉ်ခရီးစဉ် ၆၂၈ ခုအထိ ဖျက်သိမ်းခဲ့ရသဖြင့် ခရီးသည်ရာပေါင်းများစွာမှာ လေဆိပ်ရှိခရီးသည်များနားနေဆောင်အတွင်းမှာပင် ခိုလှုံနေကြရသည်။

ဂျပန်နိုင်ငံတွင် လွန်ခဲ့သည့် ရက်သတ္တပတ်က ဆီးနှင်းမုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး ၁၁ ဦးသေဆုံးကာ လူပေါင်း ၁၂၀၀ ခန့်ဒဏ်ရာရရှိခဲ့ရသည်။

ကျိုဒို။

ကိုလံဘီယာနိုင်ငံတွင် ရွှေတွင်းပြိုကျ လူငါးဦးသေဆုံး၊ ၁၇ဦး ဒဏ်ရာရ

ဘိုဂိုတာ ဖေဖော်ဝါရီ ၁၅

ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်း၌ ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းက တရားမဝင် လုပ်ကိုင်နေသော ရွှေတွင်းတစ်တွင်း ပြိုကျသဖြင့် ငါးဦးထက်မနည်း သေဆုံးပြီး ၁၇ဦးဒဏ်ရာရရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အဆိုပါ ရွှေတွင်းမှာ ဘန်တာဘာဘရာမြို့အနီးရှိ တောအုပ်အလယ်တွင်ရှိပြီး အလွန်ခေါင်သဖြင့် သွားလာရေးခက်ခဲကြောင်း၊ သို့ဖြစ်၍ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ဆောင်ရန် မလွယ်ကူကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကနဦး စုံစမ်းရရှိချက်သတင်းတွင် တရားဝင် လုပ်ကိုင်ခွင့်လိုင်စင်မရရှိဘဲ မြေကြီး တူးဖော်ခြင်းကြောင့် မြေပြိုကျမှု ဖြစ်ပွားရခြင်းဖြစ်ကြောင်း ဌာနဆိုင်ရာ အကြီးအကဲတစ်ဦးက ပြောကြားသည်။

ကိုလံဘီယာနိုင်ငံသည်ရွှေအရင်းအမြစ် ကြွယ်ဝသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့ရာတွင် အချို့သောဒေသများက အစိုးရဆန့်ကျင်သော လက်နက်ကိုင်အုပ်စုများ၏ ထိန်းချုပ်မှုအောက်တွင် ကျရောက်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **ဆင်ဟွာ။**

မီးတောင်ပေါက်ကွဲပြီးနောက် ဂျာဗားကျွန်း၌ လေဆိပ်များ ပြန်လည်ဖွင့်လှစ်

ဂျကာတာ ဖေဖော်ဝါရီ ၁၅

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းရှိ မီးတောင်တစ်လုံး ပေါက်ကွဲခဲ့ပြီးနောက် ယင်းနိုင်ငံရှိလေဆိပ်အများအပြားကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း ယနေ့သတင်းများတွင်ဖော်ပြသည်။

ဂျာဗားကျွန်းဆွယ်တစ်လျှောက် လေထု အရည်အသွေးမြင့်တက်လာကြောင်း သတင်းထောက်များကဆိုသော်လည်း ဂျာဗားကျွန်းဆွယ်ရှိ မြို့များနှင့်ကျေးရွာများ၌ ဖုန်မှုန့်နှင့်ပြာမှုန်များ ဖုံးလွှမ်းမှုရှိနေကြောင်း သတင်းများ၌ ဖော်ပြသည်။

ပျံ့နှံ့

ထောင်နှင့်ချီသော အိမ်ခြေရာခြေမဲ့သူများ အနေဖြင့် လုံခြုံသောအဝတ်အထည်များ ပြတ်လပ်နေကြောင်း သတင်းတွင်ဖော်ပြသည်။ ဂျာဗားကျွန်းရှိ ကီလာဒ်မီးတောင်ပေါက်ပွဲမှုကြောင့် ယင်းမီးတောင်မှထုတ်လွှတ်သည့် ပြာမှုန်များနှင့် အပျက်အစီးများ ကြီးမားကျယ်ဝန်းသော နေရာဒေသသို့ ပျံ့နှံ့ခဲ့ပြီး လူသုံးဦးသေဆုံးခဲ့ရသည်။

အဆိုပါမီးတောင်သည် ပေါက်ကွဲမှုများမဖြစ်ပေါ်မီ ရက်သတ္တပတ်များစွာ မြည်ဟည်းထစ်ချုန်းမှုများ ဖြစ်ပေါ်ခဲ့သည်။ **ဘီဘီစီ။**

ဆိုမာလီအစိုးရထံပေးပို့သော လက်နက်များ စစ်သွေးကြွများထံ လမ်းကြောင်းပြောင်း ရောက်ရှိ

မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၁၅

ဆိုမာလီအစိုးရအဖွဲ့ထံသို့ ပေးပို့သောလက်နက်များသည် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသော စစ်သွေးကြွများနှင့် တိုင်းရင်းသားမျိုးနွယ်စုခေါင်းဆောင်များထံသို့ လမ်းကြောင်းပြောင်းရောက်ရှိသွားသည်ကို တွေ့ရှိရကြောင်း ကုလသမဂ္ဂ လေ့လာစောင့်ကြည့်ရေးအဖွဲ့က ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

ဆိုမာလီနိုင်ငံ၌ အစိုးရအထက်တန်း တာဝန်ရှိသူများ ကိုယ်တိုင် ဥပဒေမဲ့လက်နက်လွှဲပြောင်းပေးမှုများတွင် ပါဝင်ပတ်သက်နေကြောင်း ဆိုမာလီနှင့် အီရီထရီးယားဆိုင်ရာ ကုလသမဂ္ဂ စစ်ရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

လက်နက်မှောင်ခိုထုတ်မှုများတွင် အစိုးရအာဏာပိုင်များပါဝင်ပတ်သက်နေခြင်းကြောင့် ဆိုမာလီနိုင်ငံအား ကုလသမဂ္ဂက လက်နက်ဆိုင်ရာ အရေးယူပိတ်ဆို့မှု ပြန်လည်ပြုလုပ်သင့်ကြောင်း အဆိုပါအဖွဲ့က တိုက်တွန်းသည်။ ဆိုမာလီအာဏာပိုင်များသည် လက်နက်ဆိုင်ရာ စီမံခန့်ခွဲမှုများတွင် မမှန်မကန် ပြုလုပ်နေကြကြောင်း၊ မိုဂါဒစ်ရှူးမြို့ရှိ လဟာပြင်ဈေးအတွင်း လက်နက်များအရောင်းအဝယ် ပြုလုပ်နေပုံကို ဓာတ်ပုံအထောက်အထားများအရ သိရှိရကြောင်း စစ်ရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ဆိုမာလီနိုင်ငံ၌ အက်ဘဂါးမျိုးနွယ်နှင့် ဟာဘာဂီဒီယာမျိုးနွယ် အကြီးအကဲများထံသို့လည်း လက်နက်များကို တရားမဝင်လွှဲပြောင်းပေးအပ်မှုများ ရှိနေကြောင်း ကုလသမဂ္ဂက စုံစမ်းတွေ့ရှိရသည်။ လက်ရှိသမ္မတ ဟာဆန်ရှိတ်မိုဟာမက်သည် အက်ဘဂါးမျိုးနွယ်စုဝင်တစ်ဦးဖြစ်သည်။

ဆိုမာလီနိုင်ငံရှိ အယ်လ်ရှာဘတ် စစ်သွေးကြွအုပ်စုသည် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိပြီး ယင်းအုပ်စု၏ တပ်မှူးတစ်ဦးထံသို့ လက်နက်များ လွှဲပြောင်းပေးအပ်ခဲ့ပုံကိုကုလသမဂ္ဂက စုံစမ်းဖော်ထုတ်နိုင်ခဲ့သည်။ **ရိုက်တာ။**

ဆိုမာလီနိုင်ငံရှိ ပြည်သူ့စစ်အဖွဲ့ဝင်များကို တွေ့ရစဉ်။

ရေကြောင်းဘက်ဆိုင်ရာ အသုံးချပစ္စည်းများနှင့် သက်ဆိုင်သည့် ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဂျပန်နိုင်ငံ Japan Ship Machinery and Equipment Association မှ ရေကြောင်းဘက်ဆိုင်ရာ အသုံးချပစ္စည်းများနှင့် သက်ဆိုင်သည့် ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၄ ရက် ညနေ၄ နာရီတွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ Japan Ship Machinery and Equipment Association မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားပထမပိုင်းတွင် Japan Ship Machinery and Equipment Association မှ Chairman Mr. Motoyoshi Nakashima နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေတို့က အမှာစကားများ ပြောကြားပြီး ဂျပန်ကုမ္ပဏီများဖြစ်သည့် TERAMOTO IRON WORKS Co.,Ltd, NAKASHIMA PROPELLER CO.,Ltd, THE HANSHIN DIESELWORKS LTD, YANMAR CO.,LTD,TAIYO ELECTRIC CO.,LTD, DAIHATSU DIESEL MFG CO.,LTD , FUJI TRADING CO.,LTD, TOKYO KEIKI INC. တို့က မိမိတို့ကုမ္ပဏီများအလိုက် ထုတ်လုပ်ဖြန့်ချိသည့် ရေကြောင်းဘက်ဆိုင်ရာထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြသကြသည်။

ဒုတိယပိုင်းအစီအစဉ်အရ ဂုဏ်ပြုညစာစားပွဲ ဆက်လက်ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေနှင့် Mr.Motoyoshi Nakashima တို့က အမှာစကားပြောကြားသည်။ Japan Ship Machinery and Equipment Association (JSMEA) အနေဖြင့် မြန်မာနိုင်ငံအတွင်း ရေကြောင်းဆိုင်ရာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ရေရှည်တိုးတက်ကောင်းမွန်အောင် ထိန်းသိမ်းဆောင်ရွက်သွားနိုင်ရန်နှင့် သင်္ဘောကျင်းများ အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားရန် ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန်အတွက် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး JSMEA အဖွဲ့တွင် လိုက်ပါလာသည့် ဂျပန်ကုမ္ပဏီများအနေဖြင့် ဒီဇယ်အင်ဂျင်များ၊ မီးစက်များ၊ ဝန်ချီစက်များ၊ ကရိန်းများ၊ ရေယာဉ်သုံးပန်ကာများ၊ လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းကိရိယာများ၊ GYRO, COMPASS, RADAR, INTEGRATED BRIDGE SYSTEM အစရှိသည့် အဆင့်မြင့်နည်းပညာသုံးရေကြောင်းနှင့်ဆက်သွယ်ရေးဆိုင်ရာကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးသည့် ကုမ္ပဏီများ ပါဝင်ကြောင်း သိရသည်။

Japan Ship Machinery and Equipment Association အဖွဲ့သည် ၂၀၁၃ခုနှစ် မတ် ၂၀ ရက်တွင် မြန်မာနိုင်ငံသို့ ပထမအကြိမ်လာရောက်ခဲ့ပြီး ရန်ကုန်မြို့ Traders Hotel ၌ ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်သည့် ရှင်းလင်းပွဲကျင်းပခဲ့ရာ ဂျပန်လုပ်ငန်းရှင် ၃၀ လိုက်ပါခဲ့ပြီး ယခုဒုတိယအကြိမ်လာရောက်ရာတွင် ဂျပန်ကုမ္ပဏီကြီး ၁၃ ခုမှ လုပ်ငန်းရှင်များပါဝင်ပြီး ၎င်းတို့အနက်ကုမ္ပဏီရှစ်ခုမှ ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်းနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့ အခြေစိုက် Wealth Ocean International Co.,Ltd. မှ တာဝန်ယူကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဆိုင်ရာဆပ်ကော်မတီသို့ ဆက်သွယ်အကြံပြုနိုင်

၁။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကာကွယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းကဏ္ဍအသီးသီး အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်မှု ပိုမိုလျင်မြန်ထိရောက်စေရန် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးမည့် ကာကွယ်ရေးဆိုင်ရာဆပ်ကော်မတီအား ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်သူများ၏ အကြံပြုချက်များအပေါ် ကာကွယ်ရေးဆိုင်ရာဆပ်ကော်မတီက တိုက်ရိုက်လက်ခံညှိနှိုင်းပေါင်းစပ် ဖြေရှင်းပြန်ကြားသွားမည်ဖြစ်ပါသဖြင့် အကြံပြုချက်များပေးပို့ရန် အောက်ပါအတိုင်းဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၆၇-၄၀၄၄၂၉
ဖက်စ်- ၀၆၇-၄၀၄၄၄၃
အီးမေးလ်- kyawnyunt .dymod @gmail. com
ကာကွယ်ရေးဆိုင်ရာဆပ်ကော်မတီ

အမြန်လမ်းအတွက် အရည်အသွေးကောင်းသော တာယာများကို ရွေးချယ်သုံးစွဲလာကြ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ယာဉ်မောင်းအများစုသည် ယခုနောက်ပိုင်းတွင် အမြန်လမ်း၌ မောင်းနှင်ရန် အရည်အသွေးကောင်းသော တာယာများကိုသာ ရွေးချယ်သုံးစွဲလာကြကြောင်း ရန်ကုန်အခြေစိုက် တာယာအရောင်းဆိုင်များထံမှ စုံစမ်းသိရသည်။

ယခင်က ဈေးနှုန်းကိုသာ ကြည့်၍ ဝယ်ယူကြရာတွင် မလိုလားအပ်သော အန္တရာယ်များကြောင့် မိမိ၏ခွေတာမှုသည် ဆုံးရှုံးမှုနှင့်နှိုင်းယှဉ်ပါက မကာမိဘဲ ပိုမိုနစ်နာ ဆုံးရှုံးမှုများရှိနိုင်ခြင်းကြောင့် အရည်အသွေးပိုင်းကို အဓိကထားလာကြခြင်းဖြစ်ကြောင်း သိရသည်။ "အများဆုံးကတော့ အရင်က တရုတ်တာယာတွေ သုံးကြတယ်။ အခုနောက်ပိုင်းတော့ အမြန်လမ်းမှာ မောင်းတော့မယ်ဆိုရင် အရည်အသွေးကောင်းတဲ့ တာယာတွေကိုပဲ ရွေးချယ်တပ်ဆင်လာတယ်။ တရုတ်တာယာတွေကိုတော့ သာမန်ခရီးတိုလောက်ပဲသုံးကြတယ်"ဟု တာယာလုပ်ငန်းရှင်ဦးသိန်းနိုင်က ရှင်းပြသည်။

ထိုတရုတ်တာယာများသည် ၉၀ ရာခိုင်နှုန်းအရည်အသွေးစိတ်မချရဘဲ ၁၀ ရာခိုင်နှုန်းလောက်သာ အရည်အသွေးကောင်းများရှိခြင်းကြောင့် အမြန်လမ်းမများတွင် မောင်းနှင်ရန် တာယာရွေးချယ်သုံးစွဲမှုပုံစံပြောင်းလဲလာခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ရှင်းပြခဲ့သည်။ တာယာကြောင့်ဖြစ်သော ယာဉ်မတော်တဆမှုများလည်း တွေ့မြင်သိရှိလာရခြင်းကြောင့် အရည်အသွေးကို အဓိကထားလာသည့်ဈေးကွက်အခြေအနေမျိုး ကူးပြောင်းလာကြောင်း တာယာလုပ်ငန်းလုပ်ကိုင်သူများက ဆိုကြသည်။

"တချို့ငွေကြေးတတ်နိုင်တဲ့သူတွေဆိုရင် ခရီးဝေးမသွားခင် ကိုယ်သွားမယ့် လမ်းပေါ်မူတည်ပြီး လုံခြုံမှုဖြစ်မယ့် အရည်အသွေးကောင်းတာယာတွေကိုပဲ လဲတပ်ကြတာများလာပါတယ်"ဟု စီးပွားရေးလုပ်ငန်းရှင် ဦးမင်းဇော်က ရှင်းပြခဲ့သည်။

ယခုကားတာယာဈေးကွက်တွင် ဂျပန်တာယာများနှင့် အပြိုင်ဈေးကွက်ယှဉ်၍ အမေရိကန်တာယာများလည်း ဝင်ရောက်နေကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)



ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အဝီစိရေတွင်းများတူးဖော်ရန် အလှူငွေလှူဒါန်းနိုင်ကြောင်း ဖိတ်ခေါ်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ဆင်တဲဝအနောက်ခြမ်းနယ်မြေရှိ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသော ကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အနက်ပေ ၁၀၀၀ ရှိ လေးလက်မ တွင်းနက် စက်ရေတွင်း ရေမြှုပ်ပန့်၊ ရေတင်စက်ထိန်းချုပ်အဆောက်အအုံနှင့်ဂါလန် ၅၀၀၀ဆံ့ ရေကန်တို့ပါဝင်သည့် စက်ရေတွင်းတစ်တွင်းလျှင် ငွေကျပ်သိန်း ၂၀၀ ဖြင့် တူးဖော်ဖြည့်ဆည်း ပေးလျက်ရှိပါသည်။

သောက်သုံးရေအခက်အခဲရှိနေသော ပြည်သူများအတွက် ရေကုသိုလ်ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဒါန်းလိုပါက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ) ဖုန်း-၀၆၇-၄၁၀၂၂၄၊ ၀၆၇-၄၁၀၁၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ဖိတ်ခေါ်အပ်ပါသည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

တက်လှမ်းညီညီကျင့်ဝတ်နှင့်အညီ မီဒီယာကဏ္ဍသစ်ဆီ

ဒေါက်တာသီတာတင်

ယနေ့မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်နှင့်အညီ အဘက်ဘက်၌ ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် မီဒီယာကဏ္ဍသည်လည်း မထုတ်ဝေမီ ကြိုတင်စိစစ်ခြင်းမှ လုံးဝကင်းလွတ်ခွင့်ပေးခဲ့သည်မှာ တစ်နှစ်ခွဲကာလမျှကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ မီဒီယာလောကကြီး ပိုမိုတိုးတက်လာစေရန်ရည်သန်၍ ထိုသို့ဖြေလျှော့မှုများပြုလုပ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ယခင်ထုတ်ဝေခွင့်ကန့်သတ်ထားသည့် စာပေအမျိုးအစားများဖြစ်သည့် နိုင်ငံရေး၊ ဂမ္ဘီရစာပေအစရှိသည်များ ထုတ်ဝေခွင့်ရခဲ့သလို ပုဂ္ဂလိကသတင်းစာထုတ်ဝေခွင့်ကိုလည်း ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ ဖြန့်ချိခွင့်ပြုခဲ့ရာ ယနေ့အချိန်အထိ ပုဂ္ဂလိကသတင်းစာ ၁၈ စောင်ထုတ်ဝေလျက်ရှိပါသည်။ ဆက်လက်၍လည်း ထုတ်ဝေခွင့်များခွင့်ပြုပေးလျက်ရှိပါသည်။ ထိုသို့ဖြေလျှော့ပေးမှုကြောင့် မီဒီယာကဏ္ဍပိုမိုပွင့်လင်းတိုးတက်လာခဲ့သော်လည်း လွတ်လပ်စွာလုပ်ဆောင်ခွင့်ကို ကျင့်သုံးရာတွင် တစ်ဖက်မှလည်းစောင့်ထိန်းအပ်သည့် မီဒီယာကျင့်ဝတ်များရှိသလို တာဝန်ယူမှုနှင့် တာဝန်ခံမှုဆိုသည်တို့ကိုလည်း ကျင့်သုံးမှသာလျှင် မီဒီယာသည် ကောင်းမွန်သောပတ်ဝန်းကျင် ရှိလာမည်ဖြစ်ပြီး လူမှုအဖွဲ့အစည်းနှင့် နိုင်ငံတော်အကြား သတင်းအချက်အလက်များကို ဆက်သွယ်ပေါင်းကူးဖြန့်ချိပေးသည့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အပြုသဘောဆောင်သော အခန်းကဏ္ဍမှလုပ်ဆောင်ပေးနိုင်မည်ဖြစ်သည်။

မြန်မာမီဒီယာကဏ္ဍသည် လျင်မြန်စွာပြောင်းလဲလာသည်ကို တွေ့မြင်နေရပါသည်။ အွန်လိုင်းမီဒီယာသုံးစွဲမှုမြင့်တက်လာနေပြီး သမားရိုးကျမီဒီယာနယ်ပယ်ကိုပင် ချင်းနင်းနေရာယူလျက် ရှိလာခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အင်တာနက် သုံးစွဲရရှိနိုင်မှုသည် ဖွံ့ဖြိုးမှုနည်းပါးနေသေးသော်လည်း ပညာတတ်လူငယ်လူရွယ်များသည် သမားရိုးကျမီဒီယာဖြစ်သည့် ပုံနှိပ်မီဒီယာသုံးစွဲမှုထက် ဒစ်ဂျစ်ဒယ်မီဒီယာကို ပိုမိုအသုံးပြုသည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုသို့ အင်တာနက်သုံးစွဲမှုများပြားလာသည့်အလျောက်သတင်းအချက်အလက်များ စီးဆင်းမှုမှာလည်း လျင်မြန်လာခဲ့ပါသည်။ သတင်းအချက်အလက်များ လျင်မြန်စွာ စီးဆင်းမှုသည် ကောင်းကျိုးအနေဖြင့် ပြည်သူများသတင်းကို လတ်ဆတ်စွာ သိရှိနိုင်ခွင့်ရှိသော်လည်း တစ်ဖက်မှ ဆိုးကျိုးကိုလည်းဖြစ်ပေါ်နိုင်ပါသည်။ လျင်မြန်စွာစီးဆင်းသော သတင်းအချက်အလက်များသည် မှန်ကန်တိကျရန်လိုသလို အမုန်းပွားရန်များစေသည့် Hate Speech ကဲ့သို့ သော သတင်းအချက်အလက်များမဖြစ်စေရန်လည်း လိုအပ်ပေသည်။ သို့ဖြစ်၍ စာနယ်ဇင်းလောကသားများအနေဖြင့် စာနယ်ဇင်းကျင့်ဝတ်များကို ကောင်းစွာသိရှိလိုက်နာရန်မှာ မည်မျှအရေးကြီးကြောင်း ထင်ရှားလှပါသည်။

သို့သော် နိုင်ငံတော်မှ မီဒီယာလွတ်လပ်ခွင့်ကို ဒီမိုကရေစီစံနှင့်အညီ လမ်းဖွင့်ပေးခဲ့သော်လည်း သတင်းအချက်အလက်များကို လွတ်လပ်စွာ ရေးသားဖော်ပြကြရာတွင် မီဒီယာကျင့်ဝတ်များဖြစ်သည့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ စာနယ်ဇင်းကျင့်ဝတ်တစ်ခုဖြစ်သည့် " သတင်းမီဒီယာတစ်ခုကဖော်ပြသော သတင်းတိုင်း အချက်အလက် တိကျမှန်ကန်ရေးနှင့် တတ်နိုင်သမျှပြည့်စုံရန်စိစစ်ရမည်" ဟူသောကျင့်ဝတ်၊ Society of Professional Journalists ၏ကျင့်ဝတ်တစ်ခုဖြစ်သည့် အမှုမဲ့အမှတ်မဲ့ မှားယွင်းစွာသတင်းဖော်ပြခြင်းကို မဖြစ်ပေါ်စေရန် သတိထားလုပ်ဆောင်ခြင်းနှင့် ရရှိသည့် သတင်းမှန်၊မမှန် သတင်းအရင်းအမြစ်များအားလုံးကို ဆန်းစစ်ခြင်းကိုပြုလုပ်ရမည်။ သတင်းအချက်အလက်များကို မိမိလိုရာသို့တမင်ဆွဲယူရေးသားလုပ်ဆောင်မှုကို မည်သည့်အခါမျှ မပြုလုပ်ရပါ" ဟူသောကျင့်ဝတ်များကိုလိုက်နာမှုအားနည်းနေသည်ကို တွေ့ရှိနေရပါသည်။ ထို့အပြင် Society of Professional Jounalists ၏ ကျင့်ဝတ်တစ်ခုဖြစ်သည့် " သတင်းဓာတ်ပုံများ(သို့) ဗီဒီယိုများကို မိမိလိုရာသို့ဆွဲ၍ နဂိုအတိုင်းမဟုတ်ဘဲ ပုံပျက်အောင်ပြုလုပ်၍ မဖော်ပြရ"ဟူသော ကျင့်ဝတ်ကိုလည်း လိုက်နာမှုအားနည်းနေသည်ကို တွေ့ရှိနေရပါသည်။ သတင်းဓာတ်ပုံများ(သို့) ဗီဒီယိုများကို ကာယကံရှင်၏ ခွင့်ပြုချက်မပါရှိဘဲ မိမိလိုရာသို့ဆွဲ၍ ပုံဖျက်ကာ လုပ်ဆောင်ခြင်း၊ ခိုင်မာမှုမရှိသော သတင်းအရင်းအမြစ်များမှ သတင်းရယူရေးသားခြင်း၊ လိုရာဆွဲ၍ ရေးသားနေခြင်း၊ သတင်းဖော်ပြရာတွင် ရရှိသောသတင်းကို အစအဆုံးဖော်ပြခြင်းမရှိဘဲ မူရင်းဆိုလိုသော အဓိပ္ပာယ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော အဓိပ္ပာယ်မျိုးရေးသားကာ ထိုသတင်းကို ဖတ်ရှုကြားသိရသည့် အများပြည်သူများအကြား မကျေနပ်မှု၊ ထိုသတင်းကို ပြောကြားသည့် ပုဂ္ဂိုလ်(သို့) ထိုပုဂ္ဂိုလ်ကိုယ်စားပြုသည့် အဖွဲ့အစည်းအပေါ် အများပြည်သူများက အထင်သေး အမုန်းပွားစေခြင်း၊ ထိုပုဂ္ဂိုလ် (သို့) ထိုပုဂ္ဂိုလ် ကိုယ်စားပြုသည့် အဖွဲ့အစည်းများ၏ ကျော်စောသတင်းနှင့် သိက္ခာကို ကျဆင်းစေ နိုင်သည်အထိ ဆိုးရွားစွာ သတင်းကိုမိမိတို့လိုသလို ဆွဲယူဖော်ပြ အဓိပ္ပာယ်ဖွင့်ကာ စာလုံးမည်းကြီးများ (Bold Letters) ဖြင့်ရေးသား တင်ပြမှုများသည် Smear Campaign (ခေါ်) အိုးမဲသုတ် သိက္ခာကျစေသော ရေးသားမှုများတိုးပွားလာခြင်း သည် မြန်မာမီဒီယာလောကတွင် ဝမ်းနည်းဖွယ်ရာပင် ဖြစ်ပါသည်။

မြန်မာမီဒီယာဖြင့် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ တည်ဆောက်ရမည့် အစား လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ ဘာသာတစ်ခုနှင့် တစ်ခုအကြား အထင်အမြင်လွဲမှားမှု၊ ရန်လိုမုန်းတီးမှုနှင့် အဆုံးတွင် ပဋိပက္ခများဖြစ်ပွားနိုင်သည်အထိ နိုင်ငံတော်၏ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေနိုင်ခြင်းများ၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တို့အပေါ် ကျော်စောသတင်း၊ ဂုဏ်သတင်းတို့ယုတ်လျော့စေခြင်း၊ မလိုလားအပ်သော အမှုကိစ္စများ ဖြစ်ပေါ်စေနိုင်ခြင်းတို့ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာမီဒီယာကဏ္ဍသည် တာဝန်သိသော၊ တာဝန်ခံသော မီဒီယာဝန်းကျင်ကောင်းတစ်ခု ပေါ်ပေါက်လာစေရန် ရည်ရွယ်ကာ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတကာ မီဒီယာအထောက်အပံ့အဖွဲ့ (International Media Support) နှင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် မီဒီယာဖွံ့ဖြိုးရေး အစီအစဉ်ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါသည်။

> "လွတ်လပ်စွာလုပ်ဆောင်ခွင့်ကို ကျင့်သုံးရာတွင် တစ်ဖက်မှလည်းစောင့်ထိန်းအပ်သည့် မီဒီယာကျင့်ဝတ်များရှိသလို တာဝန်ယူမှုနှင့် တာဝန်ခံမှုဆိုသည်တို့ကိုလည်း ကျင့်သုံးမှသာလျှင် မီဒီယာသည် ကောင်းမွန်သောပတ်ဝန်းကျင်ရှိလာမည်ဖြစ်ပြီး လူမှုအဖွဲ့အစည်းနှင့် နိုင်ငံတော်အကြား သတင်းအချက်အလက်များကို ဆက်သွယ်ပေါင်းကူးဖြန့်ချိပေးသည့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ လုပ်ဆောင်ပေးနိုင်မည်ဖြစ် "

အဆိုပါ စာချုပ်ပါ ပူးပေါင်းဆောင်ရွက်မည့် မီဒီယာဖွံ့ဖြိုးမှု အစီအစဉ်များစွာအနက် စာနယ်ဇင်းအတတ်ပညာဆိုင်ရာ အရည်အသွေးများ (Professional Journalism) များ တိုးပွားလာစေရန်အတွက် ဆောင်ရွက်ရာတွင် ဓာတ်ပုံစာနယ်ဇင်းသမားများနှင့် ပုံနှိပ်စာနယ်ဇင်းသမားများကို သင်တန်းပေးခြင်း၊ ဓာတ်ပုံပွဲတော် ကျင်းပပေးခြင်းနှင့် Myanmar Journalism School ကျောင်းတစ်ခုကို အခြားသောပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့ အစည်းများဖြစ်သည့် Myanmar Forever Group, UNESCO, ဥရောပ မီဒီယာဖွံ့ဖြိုးမှုအဖွဲ့များဖြစ်သော Canal France International (CFI)၊ ဂျာမနီနိုင်ငံရှိ DW Akademie နှင့် ဆွီဒင်နိုင်ငံရှိ Fojo Media Institute တို့ ပူးပေါင်းဖွင့်လှစ်ရန် စီစဉ်ခြင်းတို့ပါဝင်ပါသည်။ ဤနေရာတွင် Myanmar Jounalism School နှင့်ပတ်သက်၍ အနည်းငယ်တင်ပြလိုပါသည်။ အဆိုပါ ကျောင်းဖွင့်လှစ်ရန်နှင့်ပတ်သက်သော အစီအစဉ်ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက ရန်ကုန်မြို့တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ပြင်သစ်နိုင်ငံယဉ်ကျေးမှုဝန်ကြီး Ms.Aurelie Filipetti တို့အကြားချုပ်ဆိုသည့် ရုပ်ရှင်နှင့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ချုပ်ဆိုပွဲတွင် တင်ပြခဲ့ကြပါသည်။ ထို ကျောင်းကို ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များမှာ စာနယ်ဇင်းကျင့်ဝတ်များတွင် အမြစ်တွယ်ပါရှိနေသည့် နိုင်ငံတကာ စာနယ်ဇင်းတန်ဖိုးများကို တိုးတက်လာစေခြင်းဖြင့် ယုံကြည်အားထားရသော သတင်းတင်ပြမှုများ ရေးသားတင်ပြနိုင်စေရန်နှင့် မြန်မာနိုင်ငံအတွက် စာနယ်ဇင်းဆိုင်ရာအရည်အသွေးများကိုလည်း သတ်မှတ်ကျင့်သုံးနိုင်ရန်တို့ဖြစ်ပါသည်။ ထို Myanmar Journalism School တွင် အစကနဦးအဖြစ်တစ်နှစ်ကြာဒီပလိုမာသင်တန်းပေးခြင်းကို ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် IMS တို့အကြားချုပ်ဆိုခဲ့သည့် MoU ပါ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်တစ်ခုမှာ ငြိမ်းချမ်းရေးဖြစ်စဉ်ဟူသော နယ်ပယ်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက် သမ္မတကြီးခေါင်းဆောင်သော အစိုးရသစ်သည် ငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ငြိမ်းချမ်းရေးဆွေးနွေးလျက်ရှိပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်သူများသိရှိရန်သတင်းရေးသားတင်ပြမှုသည် ငြိမ်းချမ်းရေးဖြစ်စဉ်အောင်မြင်မှုနှင့် ဒီမိုကရေစီစနစ်ခိုင်မာစွာပေါ်ထွန်းမှုတို့အတွက် အရေးပါလှပါသည်။ သို့သော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းတင်ပြရေးသားရန်အတွက် စာနယ်ဇင်းဆိုင်ရာ ဗဟုသုတကျွမ်းကျင်မှုအပိုင်းတွင် အားနည်းနေမှုနှင့်ပဋိပက္ခများနှင့်ပတ်သက်၍ သတင်းရေးသားရာတွင် တစ်ဖက်သတ်ရေးသားမှုနှင့် တိုက်ရိုက်(သို့)သွယ်ဝိုက်သောအားဖြင့် အကြမ်းဖက်မှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ရေးသားမှုများပါဝင်နေသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ မလိုလားအပ်သော ကိစ္စရပ်များမဖြစ်ပေါ်စေရန်နှင့် စာနယ်ဇင်းအရည်အသွေးများပြည့်ဝလာစေရန်အတွက် Conflict Sensitive Journalism သင်တန်းများကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၃ ခုနှစ် ဇွန်လအထိ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မုံရွာ၊ ကလေး၊မြစ်ကြီးနား၊ တောင်ကြီး၊ လားရှိုး၊ မကွေးနှင့် ပုသိမ် ၁၁ မြို့များတွင် ပို့ချပေးခဲ့ပါသည်။ ထို့ပြင် မြန်မာနိုင်ငံအတွက် Conflict Sensitive Journalism သင်တန်းလက်စွဲကို ရေးသားပြုစုလျက်ရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပဋိပက္ခဖြစ်စဉ်နှင့် ပတ်သက်သောသတင်းရေးသားမှုအပေါ် မီဒီယာစောင့်ကြည့် (Monitor) လုပ်မည့်အစီအစဉ်ကိုလည်းလုပ်ဆောင်ရန်ရှိပါသည်။ ထို့အပြင် အခြားသော မီဒီယာလက်တွေ့လုပ်ဆောင်သူများနှင့် စာနယ်ဇင်းများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ရန် လက်ရှိဆောင်ရွက်နေသည့် လုပ်ဆောင်မှုများကို ထောက်ပံ့ပေးရန်နှင့် အဖွဲ့အစည်းများနှင့် သင်တန်းပို့ချမှုများ ဆောင်ရွက်ရာတွင် ပါဝင်ကူညီပေးရန်တို့ဖြစ်ပါသည်။

မီဒီယာဖွံ့ဖြိုးရေးအစီအစဉ်ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာအရ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးရမည့် လုပ်ငန်းအချို့မှ အစီအစဉ်များ ချောမွေ့စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သော အစိုးရဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ထောက်ပံ့ပေးရန်၊ ဒေသအဆင့် စီမံချက်လုပ်ငန်းများအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများမှတစ်ဆင့်လိုအပ်သော ထောက်ပံ့ပေးမှုများ ဆောင်ရွက်ပေးရန်၊ အစီအစဉ်ကို ချောမွေ့စွာအကောင်အထည်ဖော်ရန်အတွက် အစိုးရဌာနအသီးသီးကြား လိုအပ်သောညှိနှိုင်းဆောင်ရွက်မှုများဆောင်ရွက်ပေးရန် IMS ၏ အတိုင်ပင်ခံပညာရှင်များ နိုင်ငံတကာပညာရှင်များအတွက် လိုအပ်သော အကူအညီများထောက်ပံ့ပေးရန် (ဥပမာ-ပြည်ဝင်ခွင့်ဗီဇာ)၊ မြန်မာနိုင်ငံအတွင်း IMS ၏ တည်ရှိမှုကို မှတ်ပုံတင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းတွင် ကူညီထောက်ပံ့မှုပေးရန် အစရှိသည်တို့ဖြစ်ပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ရှိကျေးရွာများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ပြင်စလူမြို့နယ်ခွဲ ပိုးလောင်းကျေးရွာရှိ ပိုးလောင်းတိုက်နယ်ဆေးရုံနှင့် ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်(၅)ချက်နှင့် အညီ ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ငွေများအား ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ကျန်ရှိသည့်ကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများတွင် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ဖော်ဆောင်ရာတွင် လက်ကားဈေး (Whole Sale Market)၊ လက်လီဈေး (Retail Market)များ ဖော်ဆောင်ရန်လိုအပ်ပါကြောင်း၊ ကျေးလက်ဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျေးရွာပြည်သူ့ဆေးရုံ ရှေ့ရှိ မြစ်ကမ်းပါးထိန်း ရေလှိုင်းကာတိုင်များပြုပြင်ရေး၊ ဆေးရုံသုံးကာကွယ်ဆေးများ သိမ်းဆည်းရန်အတွက် ရေခဲသေတ္တာတစ်လုံး၊ ကျေးရွာမှ မုန်တိုင်းဒဏ်ခံ အဆောက်အအုံသို့ သွားသည့်လမ်းကွန်ကရစ်ခင်းရန်အတွက် ဘိလပ်မြေအိတ်များ၊ ချောင်းကူးပွန်တံတားပြုပြင်ခြင်းနှင့် စာသင်ကျောင်းအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပြည်ထောင်စုနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ ကျင်းပနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့အပြင် ပိုးလောင်းကျေးရွာအုပ်စုအတွင်းရှိ ချမ်းသာကုန်း၊ သာယာကုန်း၊ ပြန့်ကြီး၊ ကိုင်းထောင်၊ ဝါးတောကုန်းကျေးရွာများအတွက် ကျေးလက်ဖွံ့ဖြိုးရေး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြင်စလူမြို့နယ်ခွဲ ခနိဆိပ်ကျေးရွာအုပ်စု ဒေါင့်ချောင်းကျေးရွာ၌ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ပိန္နဲကုန်း၊ ရွှေကုန်း၊ တရုတ်ကုန်း၊ မဒေါ့၊ ကြောင်ရွာ၊ ခနိဆိပ်၊ မှန်ကောင်း၊ ပိုးလောင်းလေ၊ ရွာလေးချောင်းနှင့် ဒေါင့်ချောင်းကျေးရွာ စာသင်ကျောင်းများအတွက် စာသင်ခုံများ၊ စားပွဲခုံများ၊ ဒေါင့်ချောင်းကျေးရွာ စာသင်ကျောင်း အမိုးမျက်နှာကြက် ပြုပြင်ပေးရေး၊ ဆိုလာမီးဖြင့် ကျေးရွာမီးလင်းရေး၊ မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ဆောက်လုပ်နိုင်ရေးနှင့် ကျေးလက်ဒေသ ကျန်းမာရေးဌာနခွဲ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးရွာပြည်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ၌ ဒေသခံများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အရင်းမပျောက် မတည်ငွေဖြင့် ကျေးလက်ဘဏ် ထူထောင်နိုင်ရေးအတွက် ဒေသခံရပ်မိရပ်ဖများက အကျိုးဆောင် ကော်မတီဝင်များ ဖွဲ့စည်းပေးရန် လိုအပ်ကြောင်းဖြင့် ပြောကြားပြီး ကြိမ်ချောင်းကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၃၈ ရွာရှိ အခြေခံပညာစာသင်ကျောင်း ၂၀ အတွက် စာသင်ခုံများ၊ ဆရာ ဆရာမ ထိုင်ခုံများ၊ စားပွဲခုံများ၊ ကြိမ်ချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် သိမ်ကျောင်းဆောက်လုပ်ရန်အတွက် ဘိလပ်မြေအိတ်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘိုကလေးမြို့ ဧရာဝတီဆိပ်ကမ်း၌ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဝင်များ၊ ခရီးသွားပြည်သူများနှင့် တွေ့ဆုံသည်။

ဘိုကလေးမြို့သည် ဧရာဝတီတိုင်းဒေသကြီး၏ ကုန်စည်စီးဆင်းရာ ရေလမ်းကြောင်းအချက်အချာနေရာတစ်ခုဖြစ်သည့်အတွက် ဆိပ်ခံဗောတံတား ပြုပြင်ဆောက်လုပ်ပေးရေးနှင့် စာသင်ကျောင်းများအတွက် စာသင်ခုံများ၊ စားပွဲခုံများ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဘိုကလေးမြို့နယ်အတွင်းရှိ သပြေကုန်းကျေးရွာ၊ ပိုက်စလှကျေးရွာနှင့် မစိန်ကျေးရွာ စာသင်ကျောင်းများအတွက် စာသင်ခုံများနှင့် မြစ်ဝကျွန်းပေါ်ဒေသအတွင်း အထွက်နှုန်းကောင်း မျိုးရိုးမြင့် ဥစားဘဲ၊ အသားစားဘဲများ မွေးမြူနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ESIA ရေးသားပြုစုသည့် ကုမ္ပဏီမှ အမှုဆောင်ဒါရိုက်တာနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ချက်အစီရင်ခံစာ (ESIA) ရေးသားပြုစုသည့် Knight Piesold Consulting ကုမ္ပဏီမှ အမှုဆောင်ဒါရိုက်တာ Mr. David Morgen နှင့်အဖွဲ့တို့သည် ယမန်နေ့ညနေ ၃ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအကောင်အထည်ဖော်ခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုများကို စိစစ်သုံးသပ်ပြီး နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ESIA အစီရင်ခံစာအပေါ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ ဖွဲ့စည်းကာ စိစစ်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

Knight Piesold Consulting ကုမ္ပဏီသည် ကမ္ဘာပေါ်တွင် သတ္တုမိုင်းစီမံကိန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှု လျော့နည်းစေရေးအတွက် ESIA အစီရင်ခံစာပြုစုရာ၌ အတွေ့အကြုံများစွာရှိသော နိုင်ငံတကာအသိအမှတ်ပြုသည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သည်။

(သတင်းစဉ်)

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ချက် အစီရင်ခံစာအပေါ် စိစစ်သုံးသပ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၏ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုဆန်းစစ်ချက် အစီရင်ခံစာအပေါ် စိစစ်သုံးသပ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးသို့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာနှင့် စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ ဖွဲ့စည်းခဲ့သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ မြန်မာ့စီးပွားရေးလီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေး၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းနှင့် အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ ပြင်ပကျွမ်းကျင်ပညာရှင်များ၊ ဘက်မလိုက်သော အကဲဖြတ်အဖွဲ့မှ အဖွဲ့ဝင်များ၊ မြန်မာ့ပတ်ဝန်းကျင် သိပ္ပံမှ ကိုယ်စားလှယ်များ၊ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ Knight Piesold Consulting Company Ltd. တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် စပ်လျဉ်း၍ ပြည်သူလူထု၏ ယုံကြည်မှုရရှိရေး အထူးအလေးပေးဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်းက မြန်မာ-ဝမ်ပေါင် ကုမ္ပဏီအနေဖြင့် Knight Piesold Consulting Company Ltd. ဖြင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာရေးဆွဲပြုစုစေရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ချက် အစီရင်ခံစာနှင့် ပတ်သက်၍ စိစစ်သုံးသပ်ရေးအဖွဲ့၏ သုံးသပ်ချက်များအပေါ် Knight Piesold Consulting Company Ltd. အဖွဲ့ခေါင်းဆောင် David Morgan က ပြောကြားရာတွင် ESIA Scoping Study ကို Knight Piesold Consulting Company Ltd. မှ ကျွမ်းကျင်ပညာရှင်များဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ Baseline Study ကို Environment Myanmar Cooperative Company Ltd. မှ ပညာရှင်များဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့၏ ဆွေးနွေးသုံးသပ်အကြံပြုချက်များအပေါ် ၁၇-၁၂-၂၀၁၃ရက်၊ ၂၄-၁-၂၀၁၄ရက်၊ ၄-၂-၂၀၁၄ ရက်များတွင် ပြန်လည်ရှင်းလင်းတင်ပြခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Knight Piesold Consulting Company Ltd. အဖွဲ့ခေါင်းဆောင် David Morgan ပါ ပြည်ပပညာရှင် ငါးဦးတို့က သက်ဆိုင်ရာဘာသာရပ်အလိုက် အသေးစိတ်ရှင်းလင်းတင်ပြရာ စိစစ်သုံးသပ်ရေးအဖွဲ့က ပြန်လည်သုံးသပ်ဆွေးနွေးအကြံပြုကြသည်။ ဆက်လက်၍ မြန်မာ-ဝမ်ပေါင် ကုမ္ပဏီမှ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူများက ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးထိခိုက်မှုလျော့နည်းစေရေးအတွက် လိုက်နာဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအပေါ် စိစစ်တွေ့ရှိချက်များနှင့် Knight Piesold Consulting Company Ltd. မှ ပြန်လည်ဖြေကြားချက်များနှင့်စပ်လျဉ်း၍ သုံးသပ်တင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသော မြန်မာ-ဝမ်ပေါင် ကုမ္ပဏီ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့မှ တာဝန်ရှိသူများ၊ Knight Piesold Consulting Company Ltd. မှ ပညာရှင်များ၊ အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ဝင်များ၊ ပြင်ပကျွမ်းကျင်ပညာရှင်များက ညှိနှိုင်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဗီယန်ကျင်းမြို့ရှိ ထပ်လွမ်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြစဉ်။ (မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးချုပ်နှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဖေဖော်ဝါရီ ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် Don Chan Palace Hotel ဧည့်ခန်းမ၌ လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Major General Suvone Leoungbounmy က လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်၊ ဗိုလ်ချုပ်မြထွန်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်တင်အောင်စန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်လွင်ဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနရုံးအဖွဲ့အကြီးအကဲနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဗိုလ်ချုပ်မှူးကြီးက မိမိလာအိုနိုင်ငံသို့ လာရောက်ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်ရည်ရွယ်၍ လာရောက်ခြင်း ဖြစ်ပါကြောင်း၊ လာအိုနှင့်မြန်မာသည် နယ်နိမိတ်ထိစပ်နေသောကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းမှုသည်လည်း ဆက်စပ်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လာအိုနိုင်ငံ၏ အကျိုးစီးပွားထိခိုက်မှု မှန်သမျှကို လက်မခံသလို မြန်မာ့အကျိုးထိခိုက်မည့် ကိစ္စရပ်များကိုလည်း လာအိုနိုင်ငံမှ လက်ခံလိမ့်မည်မဟုတ်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံ တပ်မတော် ယခုထက်ပိုမိုရင်းနှီးစေရန်အတွက်နှစ်နိုင်ငံတပ်မတော်ခေါင်းဆောင်များ အဆင့်လိုက်အပြန်အလှန်လည်ပတ်ရေးနှင့် အားကစားအဖွဲ့များလာရောက်၍ ချစ်ကြည်ရေး ပြိုင်ပွဲများ ကျင်းပနိုင်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Major General Suvone Leoungbounmy အား အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

နံနက် ၁၀ နာရီခွဲတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့သည် ဗီယန်ကျင်းမြို့ရှိ ထပ်လွမ်ဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဆောင်မီနန်း လာအိုရိုးရာလက်မှုချည်ထည် ပိုးထည်လုပ်ငန်းသို့ သွားရောက်လေ့လာကြပြီး မယ်တော်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ခိုင်ဆုန်ဖုဝီဟန် လာအိုအမျိုးသားကာကွယ်ရေးတက္ကသိုလ်သို့ ရောက်ရှိရာ ဧည့်ခန်းမ၌ တာဝန်ရှိသူများက တက္ကသိုလ်သမိုင်းကြောင်းနှင့် လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ခိုင်ဆုန်ဖုဝီဟန်လာအိုအမျိုးသားကာကွယ်ရေး တက္ကသိုလ်ကျောင်းအုပ်ကြီး Brigadier General Thongloi SILIVONG တို့သည် အထိမ်းအမှတ် တံဆိပ်များ အပြန်အလှန်ပေးအပ်ကြပြီး စာသင်ကြားနေမှုများအား လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့နှင့် ခိုင်ဆုန်ဖုဝီဟန် လာအိုအမျိုးသားကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဆောင်သောအဖွဲ့တို့သည် တက္ကသိုလ်ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

နေပြည်တော်စည်ပင်ဘဏ်လီမိတက်(ဇမ္ဗူသီရိဘဏ်)ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နေပြည်တော်စည်ပင်သာယာရေးကော်မတီ နေပြည်တော် စည်ပင်ဘဏ်လီမိတက် (ဇမ္ဗူသီရိဘဏ်)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့ သီရိကျော်စွာလမ်း သီရိရတနာအဆင့်မြင့်ဈေးအနီးရှိ အဆိုပါဘဏ်အဆောက်အအုံ မျက်နှာစာ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်စည်ပင်ဘဏ်လီမိတက်(ဇမ္ဗူသီရိဘဏ်) အဆောက်အအုံအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့်နေပြည်တော်စည်ပင်ဘဏ်လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်လတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ထို့နောက် ဘဏ်ဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဧည့်သည်တော်များသည် နေပြည်တော်စည်ပင်ဘဏ်လီမိတက်(ဇမ္ဗူသီရိဘဏ်) အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့်နေပြည်တော်စည်ပင်ဘဏ်လီမိတက်(ဇမ္ဗူသီရိဘဏ်)သည် ဇမ္ဗူသီရိမြို့ အမှတ် (အေ-၀၉) သီရိကျော်စွာလမ်း သီရိရတနာအဆင့်မြင့်ဈေးအနီးတွင် ဖွင့်လှစ်ထားပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ ဈေးများမှ ဈေးဆိုင်ခန်းရှင်များနှင့် တည်ဆောက်ရေး ကုမ္ပဏီများမှ လိုအပ်သော ချေးငွေများကို ထုတ်ချေးခြင်း၊ ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပိုမိုအဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်စီးပွားရေး
တိုးတက်အောင်မြင်ဖို့
ကြေးမုံ
သတင်းစာတွင်
ကြော်ငြာစို့

စည်သူပိုလ်ကလေးဦးတင့်အောင်အားဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)က ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ချီးမြှင့်ခံရသော စည်သူ ပိုလ်ကလေးဦးတင့်အောင်အား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး ဒေါ်ခင်ဆွေမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီးများ၊ ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ဂုဏ်ပြုစကားပြောကြားသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီး တစ်ဦးဖြစ်သည့် ဒါရိုက်တာ ဦးအောင်မြင့်မြတ်ကလည်း မုဒိတာစကား ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီးများနှင့် ဥက္ကဋ္ဌတို့က စည်သူပိုလ်ကလေးဦးတင့်အောင်အား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ကြပြီး စည်သူပိုလ်ကလေးဦးတင့်အောင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

(သတင်းစဉ်)

သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေးနှင့် သတ္တမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေးကို ၁၃၇၅ခုနှစ် တပေါင်းလဆန်း (၂၊ ၃၊ ၄)ရက် (၂၀၁၄ ခုနှစ် မတ်လ ၂၊ ၃၊ ၄)ရက် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ၍ ၁၃၇၅ခုနှစ် တပေါင်းလဆန်း (၅၊ ၆)ရက် (၂၀၁၄ခုနှစ် မတ်လ ၅၊ ၆)ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် အစည်းအဝေးကို ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၇၅ခုနှစ် တပေါင်းလဆန်း(၁)ရက် ၂၀၁၄ခုနှစ် မတ် ၁ ရက် စနေနေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်ရန်လည်းကောင်း၊ သတ္တမအကြိမ်နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ၁၃၇၅ခုနှစ် တပေါင်းလဆန်း(၈၊ ၉၊ ၁၀)ရက် ၂၀၁၄ခုနှစ် မတ်(၈၊ ၉၊ ၁၀)ရက် စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် ၁၃၇၅ခုနှစ် တပေါင်းလဆန်း (၇)ရက် ၂၀၁၄ခုနှစ် မတ်လ ၇ ရက် သောကြာနေ့တွင်လည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ပင့်စာများအချိန်မီ မရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင်ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် စင်ကာပူနိုင်ငံ၌ကျင်းပခဲ့သော လေကြောင်းဆိုင်ရာအကြီးအကဲများထိပ်သီးအစည်းအဝေးနှင့် လေကြောင်းပြပွဲသို့ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၃ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပသော လေကြောင်းဆိုင်ရာ အကြီးအကဲများ ထိပ်သီးအစည်းအဝေး (SINGAPORE AIRSHOW LEADERSHIP SUMMIT 2014)နှင့် လေကြောင်းပြပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပို့ဆောင်ရေးဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ကမ္ဘာ့လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီဥက္ကဋ္ဌများ၊ လေကြောင်းလိုင်းများမှ CEO များနှင့် လေကြောင်းစီးပွားရေး လုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

၂၀၁၄ခုနှစ် လေကြောင်းဆိုင်ရာ အကြီးအကဲများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းတွင် စင်ကာပူနိုင်ငံ Raffles City Convention Centre ၌ ကျင်းပရာ စင်ကာပူနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာရီချောက်တောင်က အမှာစကားပြောကြား၍ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် အစည်းအဝေး စတင်ကျင်းပရာ စင်ကာပူပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Lui Tuck Yew အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Tony Tyler၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Dr. Olumuyiwa Benard Aliu တို့က အမှာစကားပြောကြားကြသည်။

လွန်ခဲ့သည့် ၁၅ နှစ်ကထက်စာလျှင် ခရီးသွားဖွံ့ဖြိုးမှုသည် နှစ်ဆခန့် မြင့်တက်လျက်ရှိရာ အာရှပစိဖိတ်ဒေသ လေကြောင်းခရီးသွားဖွံ့ဖြိုးမှုသည် ကမ္ဘာ့ခရီးသွားလာမှု၏ ထက်ဝက်ခန့်ရှိသည်။ လေယာဉ်အရေအတွက်မှာလည်း သုံးဆခန့် မြင့်တက်လာသည်နှင့်အညီလေယာဉ်များ အကြီးစားပြင်ဆင်ထိန်းသိမ်းသည့် စီးပွားရေးလုပ်ငန်းမှာလည်း ဒေသအတွင်း လျင်မြန်စွာဖွံ့ဖြိုးလာခဲ့သည်။ ထိုသို့ လျင်မြန်စွာဖွံ့ဖြိုးလာမှုနှင့်အညီ လုပ်ထုံးလုပ်နည်းများ၊ ဈေးကွက်အင်အားများ ဘေးအန္တရာယ်ကင်းရှင်းမှု၊ စိတ်ချလုံခြုံမှု၊ ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချနိုင်ရေး၊ ခရီးသည်များ၏ သက်သောင့်သက်သာ ဖြစ်ရေးနှင့် ဝန်ဆောင်မှုကောင်းမွန်စွာ ဖြည့်ဆည်းပေးရေးနှင့် ဈေးကွက်သစ်များ ဖော်ဆောင်ရေးဆွေးနွေးကြသည်။

၂၀၁၄ခုနှစ်သည် ကမ္ဘာ့လေကြောင်းစီးပွားရေးလုပ်ငန်း အခိုင်အမာနှစ်တစ်နှစ်ဖြစ်သလို လေကြောင်းပို့ဆောင်ရေးသမိုင်း နှစ်(၁၀၀)ပြည့်ပြီး ဒုတိယရာစုနှစ်အသစ်အား စတင်ချိန်ဖြစ်ကြောင်း၊ ယခင်နှစ်တွင် ခရီးသည် သုံးဘီလီယံနှင့် ကုန်တန်ချိန် ၄၈ သန်းတန် သယ်ဆောင်နိုင်ခဲ့ပြီး အလုပ်အကိုင် ၅၇ သန်း ရှာဖွေပေးနိုင်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံး လေကြောင်းစီးပွားရေးသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံ၊ ကမ္ဘာ့ GDP ၏ ၃ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့စီးပွားရေး၏ ၇ ဒသမ ၅ ရာခိုင်နှုန်းခန့်အား ရင်းနှီးမြှုပ်နှံရန် မျှော်မှန်းလျက်ရှိကြောင်း ဆွေးနွေးခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့လေကြောင်းနှင့် အမေရိကန်နိုင်ငံ GE ကုမ္ပဏီမှ GE Capital Aviation Services (GECAS) မှ Boeing 737-800 နှင့် 737-8MAX လေယာဉ်အသစ် ၁၀ စင်း အားငှားရမ်းရေး နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးပွဲ သို့ GECAS မှ President နှင့် CEO ဖြစ်သူ Mr. Norman C.T Liu၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Derek Mitchell နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအတွက် အမေရိကန်နိုင်ငံ တာဝန်ခံအတွင်းရေးမှူး Mr. Kemeth. E. Hyattတို့ အတူတက်ရောက်ခဲ့သည်။ MOU အရ Project တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၉၆၀ ကျော်ဖြစ်သည်။ GECAS ၏ Boeing လေယာဉ်ကုမ္ပဏီမှ Boeing 737-800 လေယာဉ်အသစ်ခြောက်စင်းနှင့် 737-8MAX လေယာဉ်အသစ် လေးစင်းအား ၂၀၁၅ခုနှစ် ဇွန်လမှ ၂၀၂၀ ခုနှစ်အတွင်း တစ်နှစ်လျှင် နှစ်စင်းနှုန်းဖြင့် မြန်မာ့လေကြောင်းသို့ ပေးအပ်သွားမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် စင်ကာပူလေကြောင်းပြပွဲ၌ ပြင်သစ်နိုင်ငံ ATR လေယာဉ်ကုမ္ပဏီမှ Senior Vice President Mr. Jacques နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် ATR လေယာဉ်အကြီးစားပြုပြင်ထိန်းသိမ်းရေးစက်ရုံ (MRO) တစ်ခုကို မြန်မာ့လေကြောင်းနှင့် ပူးပေါင်းတည်ဆောက်ရေးကိစ္စအား ဆွေးနွေးခဲ့ကြသည်။ စက်ရုံတည်ဆောက်ကာလ ကိုးလကြာမြင့်ပြီး တစ်နှစ်လျှင် ATR လေယာဉ် ၁၈ စင်း အကြီးစား ပြုပြင်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ၎င်းစက်ရုံအတွက် လိုအပ်သည့် အင်ဂျင်နီယာနှင့် Mechanics များကိုလည်း ATR မှ လက်မှတ်ရသည်အထိ လေ့ကျင့်ပျိုးထောင်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးသည်။ ၎င်းအပြင် မြန်မာ့လေကြောင်းအတွက် နှစ်စဉ် ATR 72-600 လေယာဉ်အသစ်များကို တစ်နှစ်နှစ်စင်းနှုန်းဖြင့် ၂၀၁၅ မှ ၂၀၁၇ထိ ခြောက်စင်း ဝယ်ယူမည့်ကိစ္စကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ Misubishi ကုမ္ပဏီသို့ရောက်ရှိပြီး MRJ လေယာဉ်အသစ် ထုတ်လုပ်မှု အခြေအနေကို Vice President Hitoshi Hank Iwasa က ရှင်းလင်းပြောကြားပြီး ခရီးသည် ၉၀ ဆံ့ MRJ လေယာဉ်များအား ၂၀၁၇ခုနှစ်တွင် စတင်ရောင်းချမည် ဖြစ်ကြောင်းနှင့် လေယာဉ်စွမ်းပကားများကို ရှင်းလင်းပြသည်။

ညနေပိုင်းတွင် အမေရိကန်နိုင်ငံ Cessna လေယာဉ်ကုမ္ပဏီ၌ Director Mr. Brian P. Mcdonald နှင့်တွေ့ဆုံပြီး ဝယ်ယူထားပြီးသော Grand Cravan လေယာဉ်နှစ်စင်း အခြေအနေနှင့် လေယာဉ်တွင် ကောင်းကင် ဓာတ်ပုံရိုက်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အတွက် ဖြည့်ဆည်းဆောင်ရွက်လိုမှုတို့ကို ဆွေးနွေးကြပြီး ၂၀၁၄ခုနှစ် ဇူလိုင်လတွင် နောက်ထပ် လေယာဉ်အသစ်နှစ်စင်း ဝယ်ယူရေးအတွက် စာချုပ်ချုပ်ဆိုရန် အပြီးသတ်ဆွေးနွေးခဲ့ကြသည်။ Cassnaကုမ္ပဏီမှ နှစ်စဉ် Grand Cravan လေယာဉ်စင်းရေ ၁၀၀ ကျော် ထုတ်လုပ်ပြီး အားလုံး ရောင်းချရကြောင်း၊ မြန်မာနိုင်ငံမှ လိုအပ်သည့် အကူအညီများလည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ Cessna လေယာဉ်ကုမ္ပဏီမှ ခင်းကျင်းပြသထားသော Cessna Jet လေယာဉ်များကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံ Grand Copthome Wate Front Hotel ၌ ကျင်းပသော EU-ASEAN ထိပ်သီး အစည်းအဝေးသို့ တက်ရောက်ခဲ့ကြပြီး လေကြောင်းစီးပွားရေးဈေးကွက်ဖြစ်နိုင်ခြေနှင့် အခွင့်အလမ်းများအတွက် လေကြောင်းလိုင်း၊ လေဆိပ်အကြီးအကဲများနှင့် တက်ရောက်သူများက ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် လေကြောင်းလုံခြုံစိတ်ချစွာ ပျံသန်းနိုင်ရေးနှင့်လေကြောင်း လမ်းညွှန်ထိန်းသိမ်းရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်း တက်ရောက်ဆွေးနွေးခဲ့သည်။

ထို့နောက် လေကြောင်းပြပွဲ ရှိ Boeing လေယာဉ်ကုမ္ပဏီပြခန်း၌ Boeing ကုမ္ပဏီ President Mr. Ralph L(Skip) Boyce နှင့်တွေ့ဆုံပြီး အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးနှင့် လေကြောင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ရေးသင်တန်းများနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးနှင့်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းအဖွဲ့ (IATA)မှ ညွှန်ကြားရေးမှူးချုပ် Mr. Tony Tyler ၏ ဖိတ်ကြားချက်အရ အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ချုပ်ရုံးချုပ်သို့ သွားရောက်တွေ့ဆုံပြီး လေကြောင်းစီးပွားရေးတွင် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ခရီးသွားများအတွက် လုံခြုံစိတ်ချစွာ ပျံသန်းနိုင်ရေးနှင့် ခေတ်သစ်နည်းပညာများ လေ့ကျင့်သင်ကြားပေးရေး၊ အကောင်းဆုံး ဝန်ဆောင်မှုများဖြစ်အောင် ကူညီဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးပြီး IATA အဖွဲ့ဝင်ဖြစ်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ စည်သူပိုလ်ကလေး ဦးတင့်အောင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ **(သတင်းစဉ်)**

(၃၁)ကြိမ်မြောက် ဓမ္မာစရိယနှင့် ပထမပြန်မဟာဘွဲ့နှင်းသဘင်ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၅

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လှူဒါန်းပူဇော်သည့် (၃၁)ကြိမ်မြောက် ဓမ္မာစရိယနှင့်ပထမပြန်မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းတည့် ၁၂ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ မိုးထိကျောင်းတိုက် စည်သာကျောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏ၊ နိုင်ငံတော်ဩဝါဒါစရိယ မြတောင်တိုက်၊ ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သာသနာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇ အဂ္ဂမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသတို့ အမှူးပြုသော ဘွဲ့နှင်းနာယက ဆရာတော်သံဃာတော်အရှင်မြတ်များ၊ မန္တလေးတိုင်းဒေသကြီး သံဃနာယက ဆရာတော်များ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နာယက ချုပ်ဆရာတော်၊ ပရိယတ္တိ စာသင်တိုက်ကြီးများမှ စာချဆရာတော်များ၊ ဓမ္မာစရိယဘွဲ့ခံဆရာတော်များနှင့် စာမေးပွဲအသီးသီးတွင် အထူးအောင်မြင်တော်မူကြသော သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။ အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ မိုးထိကျောင်းတိုက် စည်သာကျောင်းဆရာတော်ကြီးထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းဆရာတော်ကြီးက သမ္မောဒနီယ သာရဏီယ ဩဝါဒကထာ ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့က သာသနာရေးဆိုင်ရာများ အသီးသီး လျှောက်ထားကြပြီးနောက် ဘွဲ့နှင်းနာယကဆရာတော်၊ သံဃာတော် အရှင်မြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယခုနှစ် (၆၆)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ အောင် (၁) ပါး၊ မူလအာဘိဓမ္မိက အောင် (၃) ပါး၊ ဒီဃဘာဏက အောင်(၂)ပါး၊ဝိနယဓရအောင်(၁၅) ပါး၊ ဥဘတောဝိဘင်္ဂဓရအောင်(၄၃) ပါး၊ ရေးဖြေစာမေးပွဲတွင် မူလအဘိဓမ္မာကောဝိဒ (၁)ပါး၊ ဒီဃနိကာယကောဝိဒ (၁)ပါး၊ ဝိနယကောဝိဒ (၆) ပါး၊ ဥဘတောဝိဘင်္ဂ ကောဝိဒ(၆)ပါး စုစုပေါင်း (၇၈)ပါး သာသနာ့အာဇာနည်အရှင်မြတ်များ အောင်မြင်ခဲ့ကြပြီး ၂၀၁၃ ခုနှစ်တွင် ကျင်းပပြီးစီးခဲ့သည့် ဓမ္မာစရိယစာမေးပွဲတွင် ဖြေဆိုသည့်ပုဂ္ဂိုလ်ပေါင်း (၂၂၅၄၃) ပါး အနက် ကျမ်းရင်းသုံးကျမ်းအား သာသနာ့ဓဇ ဓမ္မာစရိယ ဘွဲ့ရ(၅၂၆) ပါး၊ ကျမ်းရင်းနှစ်ကျမ်းအောင် (၉၉၉) ပါး၊ ကျမ်းရင်းတစ်ကျမ်းအောင် (၁၅၃၇) ပါး၊ မြန်မာဂုဏ်ထူးအောင် (၇) ပါးရှိပြီး ပထမပြန်စာမေးပွဲတွင် ဖြေဆိုသည့်ပုဂ္ဂိုလ်ပေါင်း (၄၉၇၉၇) ဦးရှိ၍ အောင်မြင်သည့်ပုဂ္ဂိုလ်ပေါင်း (၆၂၁၂) ဦး၊ နိကာယ်စာမေးပွဲတွင် ဖြေဆိုသည့်ပုဂ္ဂိုလ်ပေါင်း (၁၃၆၃၂) ဦးတွင် အောင်မြင်သူပေါင်း(၁၉၇၀) ဦး ရှိကြောင်း သိရှိရ၍ ပရိယတ္တိသာသနာတော်အတွက် အားတက်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

❀ ကျောဖုံးမှ

ကစားကွက် တည်မရဖြစ်ခဲ့သော် လည်း မိနစ် ၃၀ နောက်ပိုင်းတွင် ဂိုးများဆက်တိုက်ရရှိကာ အိမ်ကွင်းနိုင်ပွဲဆက်စံချိန်ကိုဆက်ထိန်းနိုင်ခဲ့ခြင်းဖြစ်သည်။ ၃၁ မိနစ်တွင် ရန်ကုန်အသင်း ပင်နယ်တီရခဲ့ပြီး ဆီဇာက အမှားအယွင်းမရှိကန်သွင်းခဲ့သောကြောင့် ရန်ကုန်အသင်း ဂိုးစတင်ရရှိခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်အသင်းက ဂိုးများဆက်တိုက် ရရှိခဲ့ပြီး ဆီဇာက ၄၁၊၄၈၊ ၇၃ မိနစ်တို့တွင် သုံးဂိုးထပ်မံသွင်းယူကာ ၄၅ မိနစ်တွင် ကျော်ကိုကို၊ ၅၆ မိနစ်တွင် အီမာဆင်က သွင်းယူခဲ့သည်။

(အောင်ဆန်းကွင်း)
ရတနာပုံ - နှစ်ဂိုး

(ဖွန်ဆီကာ-ပင်နယ်တီ)
ဇွဲကပင် - တစ်ဂိုး
(ကင်တာရာ)

(သုဝဏ္ဏကွင်း)
နေပြည်တော် - သုံးဂိုး
(အိုဘာဒင်၊ ဂျောင်နှင့်ဒီပီဒီ)
ချင်းယူနိုက်တက် - တစ်ဂိုး
(မာတူနာ)

[ယနေ့ပွဲ]
(သုဝဏ္ဏကွင်း)
မနောမြေ - မကွေး
(အောင်ဆန်းကွင်း)
ရောဝတီ - ကမ္ဘောဇ

(၆၇)ကြိမ်မြောက် မွန်အမျိုးသားနေ့(ရန်ကုန်)အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

(၆၇)ကြိမ်မြောက် မွန်အမျိုးသားနေ့ (ရန်ကုန်) အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် (၆၇)ကြိမ်မြောက် မွန်အမျိုး သားနေ့(ရန်ကုန်)ကျင်းပရေးကော်မတီ ဥက္ကဋ္ဌနိုင်ဖေတင်တို့က အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက်အခမ်းအနားသို့တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံတော်၊ မွန်အမျိုး သားအလံတော်နှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

ဆက်လက်၍ အခမ်းအနားသဘာပတိအဖွဲ့ဝင် ဒေါက်တာမင်းတင်မွန်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုလွှတ်တော်နာယကသူရဦးရွှေမန်း၏ (၆၇)ကြိမ်မြောက် မွန်အမျိုးသားနေ့ သဝဏ်လွှာကို မွန်ပြည်နယ်မဲဆန္ဒနယ်(၇)ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကော်မတီဥက္ကဋ္ဌ တရုတ်-မြန်မာ ပါလီမန်ချင်းဆက်ဆံရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဗညားအောင်မိုး က ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ဖေတင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကျင်းပရေးကော်မတီ၏ မွန်အမျိုးသမီးများထံ ပန်ကြားမည့် ပန်ကြားလွှာကို ဒုတိယဥက္ကဋ္ဌ မိကွန် ချစ်ချစ်ကလည်းကောင်း၊ ပြည်သူ့လွှတ်တော် တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ် အောင်ဆန်းစုကြည်ထံမှ ပေးပို့သော သဝဏ်လွှာကိုကျင်းပရေးကော်မတီ ဘဏ္ဍာရေးမှူး မိနီလာခင်ကလည်းကောင်း ဖတ်ကြားကြပြီး (၈၈)မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ မင်းကိုနိုင်က မွန်အမျိုးသားနေ့နှင့်စပ်လျဉ်း ၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မွန်ရိုးရာ တေးသီချင်းများ **(အောက်ပုံ)**၊ ယိမ်းအကများ၊ နိုင်ငံကို ချစ်စိတ်နှင့် တိုင်းတစ်ပါးရန်မှ ကာကွယ်ခဲ့ပေးသော မွန်သူရဲကောင်း သမိန်ဗရမ်းက တရုတ်စစ်သူကြီး ဂါမဏိကို စီးချင်းထိုး အနိုင်ယူခဲ့ပုံ တစ်ခန်းရပ်ပြဇာတ်၊ မွန်ရိုးရာ စာပေများ၊ ပန်းချီများနှင့်မွန်ရိုးရာဝတ်စုံများစသည့် ဈေးရောင်းပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများ၊မွန်ရိုးရာအစာအစားများ၊ စတုဒိသာ အကျွေးအမွေးများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရသည်။

(သတင်းစဉ်)

❖ စာမျက်နှာ ၆ မှ

နိုင်ငံတော်တွင် ဒီမိုကရေစီစနစ်နှင့် မီဒီယာကဏ္ဍ ပွင့်လင်းလာသည်နှင့်အမျှ အများပြည်သူများသိအပ်သော အစိုးရဌာနဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရရှိစေရန် မီဒီယာနှင့်ဆက်သွယ်၍ ဆောင်ရွက်နိုင်ရန်နှင့် မီဒီယာမှမေးသောမေးခွန်းများကိုဖြေကြားနိုင်ရန် အစိုးရဌာနအသီးသီးတွင် ပြောရေးဆိုခွင့်ရှိသူများအဖွဲ့ ဖွဲ့စည်းထားပါသည်။ သို့သော် နှစ်ပေါင်းများစွာ မီဒီယာနှင့်ထိတွေ့ဆက်ဆံမှုအလေ့အထနည်းပါးခဲ့သောကြောင့် မီဒီယာနှင့်ဆက်ဆံရာတွင် စိုးရိမ်မှုများရှိနေခြင်းနှင့် အတွေ့အကြုံနည်းပါးမှုများမှာ ယနေ့ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများပင်ဖြစ်ပါသည်။ ယင်းအခြေအနေများကို ကုစားနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်တွင်း ပြည်ပမှ မီဒီယာကျွမ်းကျင်ပညာရှင်များအား ဖိတ်ကြား၍ မီဒီယာနှင့်ထိတွေ့ဆက်ဆံမှု သင်တန်းများကို ပြုလုပ်ပေးခဲ့ပါသည်။ ထို့အပြင် ပြန်ကြား ရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများအတွက် သတင်းပညာနှင့် ပတ်သက်၍ သိရှိနိုင်စေရန် ပြည်တွင်း ပြည်ပမှ ပညာရှင်များကို ဖိတ်ကြား၍ သင်တန်းများကိုလည်း ပို့ချပေးခဲ့ပါသည်။ အဆိုပါသင်တန်းများမှာ မတ် ၁၄ ရက်မှ ၂၅ ရက်အထိ ဆရာဦးကိုကိုလှိုင်၊ ဆရာမောင်ဝံသ၊ ဆရာဦးရဲနိုင်မိုး၊ ဆရာဦးကိုကို (စက်မှုတက္ကသိုလ်)၊ ဆရာဦးဟိန်းလတ်၊ ဆရာဦးတင့်ဆွေ၊ ဆရာဦးရဲမြင့်ဖေနှင့် ဆရာဦးမြတ်ခိုင်တို့သင်ကြားပေးသည့် သတင်းထောက်သင်တန်း၊ ၂၀၁၁ ခုနှစ် မေလမှ အောက်တိုဘာလအတွင်း ဆရာဦးရဲနိုင်မိုးက သင်ကြားပေးသည့် သတင်းမီဒီယာနှင့် ပြည်သူ့ဆက်ဆံရေးသင်တန်း ငါးကြိမ်၊ ၁၉-၁၁-၂၀၁၂ မှ ၂၃-၁၁-၂၀၁၂ အထိ UNESCO အထောက်အပံ့ဖြင့် မီဒီယာပညာရှင် Mr. Graham Wattas နှင့် Ms. Sardra တို့က သင်ကြားပေးသော Public Relations Training For Government Officials သင်တန်း၊ ၂၆-၁၂-၂၀၁၂ မှ ၂၈-၁၂-၂၀၁၂ အထိ UNESCO ၏ အထောက်အပံ့ဖြင့် ဆရာဦးရဲနိုင်မိုး သင်ကြားပေးသော Public Relations Training For Government Officials သင်တန်း၊ အများပြည်သူဝန်ဆောင်မှုသတင်းစာ အုပ်ချုပ်ရေးအဖွဲ့ဝင်များမှ ပြန်ကြားရေးဝန်ကြီးဌာနရှိ သတင်းထောက်များကို သတင်းပညာသင်တန်းများ၊ ၂၂-၅-၂၀၁၃ မှ ၂၃-၅-၂၀၁၃ အထိ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် မီဒီယာပညာရှင်များဖြစ်သည့် Ms. Barbarar Swann၊ Mr. Blair Levin၊ Mr. David D Oxensord နှင့် Mr. Jim Me Queeny တို့က သင်ကြားပေးသည့် The Development of Communication Strategy သင်တန်း၊ ၁၆-၇-၂၀၁၃ မှ ၁၇-၇-၂၀၁၃ အထိ စင်ကာပူနိုင်ငံ အထောက်အပံ့ဖြင့် ပညာရှင် Ms. K Bhavani က သင်ကြားပေးသည့် Crisis Media Management သင်တန်း၊ ၁၄-၈-၂၀၁၃ မှ ၂၃-၈-၂၀၁၃ အထိ အမေရိကန်နိုင်ငံ USAID အထောက်အပံ့ဖြင့် မီဒီယာပညာရှင် Ms. Margnenite Sullivan သင်ကြားပေးသည့် မီဒီယာကိုထိရောက်စွာ အသုံးချရေးသင်တန်း နှစ်ကြိမ်၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း ဂျာမနီနိုင်ငံ၏ အထောက်အပံ့ဖြင့် ဦးသီဟန်မျိုးညွန့်၊ The Hiroshima Peace Institute မှ Professor Dr. N Ganesan၊ ဆရာမဒေါ်စိမ့်ရီထက်နှင့် ဆရာ Dr. တင်မောင်မောင်သန်းတို့ သင်ကြားပေးသည့် Civil Service Training သင်တန်း သုံးကြိမ်၊ ၁၀-၁၀-၂၀၁၃ မှ ၁၁-၁၀-၂၀၁၃ အထိ Dr. ဒေါ်သီတာတင် သင်ကြားပေးသည့်မီဒီယာအကြောင်းနှင့် ပြည်သူ့ဆက်ဆံရေးသင်တန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် ၁၂-၁၁-၂၀၁၃ မှ ၁၄-၁၁-၂၀၁၃ အထိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်နှင့် ဆရာဦးရဲနိုင်မိုးတို့ သင်ကြားပေးသည့် ပြည်သူ့ဆက်ဆံရေးသင်တန်း၊ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၄ ရက်အထိ ဂျာမနီနိုင်ငံ Konrad Adenauer Stiftung အဖွဲ့၏ အထောက်အပံ့ဖြင့် The Hiroshima Peace Institute မှ Professor Dr. Ganesen နှင့် ဆရာမ ဒေါ်စိမ့်ရီထက်တို့ သင်ကြားပေးသည့် Civil Service Training သင်တန်း နှစ်ကြိမ်တို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာမီဒီယာကဏ္ဍသည် တာဝန်သိသော၊ တာဝန်ခံသော မီဒီယာဝန်းကျင်ကောင်းတစ်ခု ပေါ်ပေါက်လာစေနိုင်မည်ဖြစ်ပါသည်။

ကလောင်အစွမ်းဖြင့် ကောင်းမှုပြုနိုင်သလို၊ ကလောင်အစွမ်းဖြင့် မတည်ငြိမ်မှုနှင့်အကျိုးယုတ်စေမှုများဖြစ်စေနိုင်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်နှင့် လူမှုအသိုက်အဝန်းအပေါ် အကျိုးပြုမည့် တာဝန်သိသော၊ တာဝန်ခံသော ကျင့်ဝတ်နှင့်ညီသော မီဒီယာဝန်းကျင်ဖြစ်ပေါ်ရေးမှာ တစ်ဦးတစ်ယောက်ကောင်းရုံမျှဖြင့် မရနိုင်၊ တစ်စု တစ်ဖွဲ့ ကောင်းရုံမျှဖြင့်မရနိုင်၊ အစိုးရအဖွဲ့ကောင်းရုံမျှဖြင့်မရနိုင်ပါ။ သက်ဆိုင်သည့်သူများအားလုံး (Stakeholders) များမှ တက်ညီလက်ညီဖြင့် လုပ်ဆောင်မှသာလျှင် အများပြည်သူများလိုလားတောင့်တသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မှုများ အစဉ်သဖြင့် ရရှိနိုင်မည်မှာ မလွဲဧကန်ပင်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ကချင်ပြည်နယ်(ရုံးချုပ်)ဖွင့်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၅

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း၏ ကချင်ပြည်နယ်(ရုံးချုပ်)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က အမှတ်(၅၉) ပြည်ထောင်စုလမ်းမကြီး မြေမြင့်ရပ်ကွက် မြစ်ကြီးနားမြို့တွင်ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ကချင်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်အောင်၊ ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးပေါ်ဦးနှင့် အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို မြို့တော်ခန်းမတွင် ဆက်လက်ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အာမခံလုပ်ငန်းသည် နိုင်ငံတော်၏စီးပွားရေးလုပ်ငန်းများကို ကာကွယ်စောင့်ရှောက်ပေးသော လုပ်ငန်းဖြစ်သဖြင့် ကိုယ်ရံတော်တပ်မှူး လုပ်ငန်းပင်ဖြစ်ကြောင်း၊ အာမခံလုပ်ငန်းနှင့် အာမခံလုပ်ငန်း၏ အကျိုးကျေးဇူးရနိုင်ပုံများကို မြို့ကြီးပြကြီးများတွင်သာမက ကျေးလက်တောရွာများအထိပါ အာမခံလုပ်ငန်းများကို ပျံ့နှံ့အောင်ဆောင်ရွက်ကြရန်နှင့် အာမခံသည် နိုင်ငံတော်၏ ဆင်းရဲမှုပပျောက်ရေး လုပ်ငန်းများတွင်လည်း တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု လုပ်ငန်းတစ်ခုလည်းဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးက အာမခံလုပ်ငန်းပြန့်ပွားအောင် ပြုလုပ်ဆောင်ရွက်ရန် အစဉ်အမြဲလမ်းညွှန်ထားပါကြောင်းပြောကြားသည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က "အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းသည် ပုဂ္ဂလိကအာမခံလုပ်ငန်း လိုင်စင်ရရှိသော ကုမ္ပဏီ ၁၁ ခုတွင် အပါအဝင်ဖြစ်ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ မော်လမြိုင်၊ မုံရွာ၊ မကွေး၊ ပုသိမ်၊ လားရှိုးနှင့်မြိတ်မြို့အစရှိသည့် မြို့တော်များတွင် ဒေသဆိုင်ရာရုံးချုပ်များ အသီးသီးဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သော ကချင်ပြည်နယ်(ရုံးချုပ်)သည် ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော အာမခံအကာအကွယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အနီးကပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းရှင်းလင်းတင်ပြသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းသည် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာနှင့် စီးပွားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးခြင်းမှ ပြန်လည်အစားထိုးကာကွယ်ပေးရန်အတွက် မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ပြည်သူပြည်သား အသက်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံနှင့် သမာဓိအာမခံတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

(ကြေးမုံ)

မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

ကောလင်း ဖေဖော်ဝါရီ ၁၅ - စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက စည်ပင်သာယာဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို ရွှေမင်းဝံလမ်း စည်ပင်ဈေးကြီးတောင်ဘက်တွင် ပြုလုပ်ရာ မြို့နယ်မီးဘေးတားဆီးကာကွယ်မှုကော်မတီဥက္ကဋ္ဌ ဦးသန်းလေးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဌေးမြင့်က မီးလောင်ရာတွင် စက်သုံးဆီအသုံးပြု၍ မီးငြိမ်းသတ်ရေးကို ပညာပေးဟောပြောပြီး မီးသတ်စက်မော်တော်ယာဉ်များဖြင့် သရုပ်ပြခြင်း၊ ဆီမီးလောင်ကျွမ်းမှု (D.C.P) မီးသတ်ဆေးဘူးများဖြင့် ငြိမ်းသတ်နည်းများကို မီးသတ်ယာဉ်လေးစီးဖြင့် လက်တွေ့ပြသကြောင်းသိရသည်။ **(၂၁၄)**





လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်တွင် ဆောက်လုပ်မည့် စုစုပေါင်း ကြမ်းခင်းဧရိယာ ၁၂၀၀၀၀ စတုရန်းပေရှိ လေးထပ်ရုံးအဆောက်အအုံသစ် ဆောက်လုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊အချိန် - ၁၇-၂-၂၀၁၄ ရက်၊ ၉း၃၀ နာရီ
တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊အချိန်- ၂၄-၂-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ
Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက်၊ အချိန် - ၃၁-၃-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် (၃၀၀၀၀)ကျပ် နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါပါလုပ်ငန်းနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ်အား ၂၇-၂-၂၀၁၄ ရက် ၁၃း၀၀ နာရီတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ်(၂၇)၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ တင်ဒါဝယ်ယူထားသော ကုမ္ပဏီများအနေဖြင့် မပျက်မကွက် တက်ရောက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁/၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

ပညာရေးရုပ်မြင်သံကြားလိုင်းမှ ပညာရေးဆိုင်ရာသတင်းများ၊ လှုပ်ရှားမှုများ၊ သတင်းဓာတ်ပုံများ ရိုက်ကူးထုတ်လွှင့်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပညာရေးရုပ်မြင်သံကြားလိုင်းမှ ပညာရေးဆိုင်ရာ သတင်းများ၊ လှုပ်ရှားမှုများ၊ သတင်းဓာတ်ပုံများ ရိုက်ကူး ထုတ်လွှင့်ရေးညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေး ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်က ပညာရေးရုပ်မြင်သံကြား လိုင်းမှ ပညာရေးဆိုင်ရာ သတင်းများ၊ လှုပ်ရှားမှုများ၊ သတင်းဓာတ်ပုံများ၊ ပြည်သူလူထုသို့ အသိပေးစေလိုသော အကြောင်းအရာများကို ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ် ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက ပညာရေးရုပ်မြင် သံကြားလိုင်းထုတ်လွှင့်ခြင်းသည် မူဝါဒနှင့် ရည်မှန်းထား သော ပရိသတ်ရှိရန်လိုအပ်မှု၊ အစီအစဉ်များ ရိုက်ကူးခြင်း နှင့် တည်းဖြတ်ခြင်းပြုလုပ်သူများသည် ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များကို သိရှိနားလည်သူဖြစ်ရန် လိုအပ်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးရန်ပြောကြားကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၏ ဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များရှင်းလင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၅

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုး သမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများ၏ ဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းသည့် အခမ်းအနားကို နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ဝန်ကြီးဌာန အမျိုးသမီး ရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်နန္ဒာမွန်းက ကိုယ်ဝန်ဆောင် မိခင် စောင့်ရှောက်ရေး၊ သားဖွားမိခင် ကျန်းမာရေး၊ ကလေးငယ်များ၏ ကျန်းမာရေး၊ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများ အဆင် ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး၊ ဝန်ထမ်းမိသားစုများ၏ လူမှုရေး အခက်အခဲများကို ကူညီစောင့်ရှောက် ပေးရေး၊ ဝန်ကြီးဌာနရှိ ဝန်ထမ်းများ အကြား မိသားစုစိတ်ဓာတ်ပိုမိုခိုင်မာ ကာ အချင်းချင်းရိုင်းပင်းကူညီရေး၊ နွေရာသီ ကျောင်းပိတ်ရက်တွင် ကျောင်းသားလူငယ်များ ပညာ ဗဟုသုတ ရှာမှီးနိုင်ရေးတို့တွင် ကူညီ ထောက်ပံ့ပေးနိုင်မည့် နည်းလမ်းများ ကို ပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးဌာန အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့် ကြည်က မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်က ချမှတ်ထားသော ရည်ရွယ်ချက်များ၊ ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ် များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး သည်။

ထို့နောက် တက်ရောက်လာကြ သော အမျိုးသမီးဝန်ထမ်းများက လိုအပ်သည်များ တင်ပြကြပြီး ဆောင် ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တာဝန်များခွဲဝေပေးအပ် သည်။

အခမ်းအနားသို့ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာန/အဖွဲ့အစည်း များမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြား ရေးမှူးများ၊ ဌာနဆိုင်ရာ အရာထမ်း များ၏ ဇနီးများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

ကျေးရွာချင်းဆက်တံတား တည်ဆောက်

ကြံခင်း ဖေဖော်ဝါရီ ၁၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနသည် ဧရာဝတီ တိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့နှင့် ကျေးရွာအုပ်စုငါးအုပ်စု ဆက်သွယ်သော ဖားတရှဉ်းချောင်း ကူးတံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ကြံခင်းမြို့နယ် ဦးစီးမှူးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက်က တံတားတည်ဆောက်ရေးလုပ် ငန်းခွင်သို့ရောက်ရှိပြီး**(ယာပုံ)** ကျေး ရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ၊ တံတားဖြစ်မြောက်ရေး ကော်မတီများနှင့်တွေ့ဆုံ၍ ဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက် ချက်များအပေါ် ရှင်းလင်းဆွေးနွေး ခဲ့ကြသည်။ အဆိုပါ ချောင်းကူးတံတား မှာ ၁၇၅ လက်မ×၁၂လက်မ×၂၈လက်မ သံကူကွန်ကရစ်တိုင်၊ သံပေါင်ရက်မ၊ သစ်သားကြမ်းခင်းတံတားအမျိုးအစား ဖြစ်ပြီး ရွေးနွယ်ဘွားကုမ္ပဏီမှ တာဝန် ယူဆောက်လုပ်နေခြင်းဖြစ်သည်။ ဖား တရှဉ်းချောင်းကူးတံတားဆောက်လုပ် ပြီးစီးပါက ဒေသအတွင်းရှိ ကျေးရွာ အုပ်စု ငါးအုပ်စု၊ ကျေးရွာပေါင်း ၃၃ ရွာမှ ကျေးလက်နေပြည်သူများကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရ သည်။

(ဝင်းဗိုလ်ပြန်/ဆက်)

ပျဉ်းမနားအချုပ်စခန်းမီးရှို့၍ အချုပ်ခန်းဖောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားအချုပ်စခန်းရှိ အချုပ်ခန်းကို အော်ဟစ်မီးရှို့၍ အချုပ်ခန်းဖောက်မှု ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီခွဲတွင် ဖြစ်ပွားကြောင်း သိရ သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက အချုပ်သား ၃၀၀ ခန့်ရှိ သော ပျဉ်းမနားအချုပ်စခန်းရှိ အခန်း အမှတ် (၇)တွင် ပုဒ်မ ၃၀၂ ဖြင့် အချုပ်ကျခံနေရသူ မောင်မောင်နိုင် သည် စိတ်ဖောက်၍ မိမိကိုယ်မိမိနံရံကို ခေါင်းဖြင့်တိုက်ရာ ဦးခေါင်းကွဲသွား သဖြင့် တာဝန်ကျရဲတပ်ဖွဲ့ဝင်တို့က ပျဉ်းမနားခုတင် (၂၀၀) ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူပြီး အချုပ် ခန်းအတွင်း ပြန်ရောက်စဉ် နံနက် ၈ နာရီခွဲတွင် မောင်မောင်နိုင်သည် စိတ်ဖောက်၍ သူ့ကိုနှိပ်စက်နေ ကြောင်း အော်ဟစ်ကာ ၎င်းကိုချုပ် ထားသော အခန်းအမှတ်(၇)၏ အခန်းသော့အား သတင်းစာစက္ကူ အဝတ်စတို့ဖြင့်ပတ်၍ မီးရှို့သဖြင့် ဘေးခန်းများ (၅/၈)အခန်းများသို့ မီးကူးခဲ့မှုဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ အချိန်နှင့် တစ်ပြေးညီ နေပြည်တော်တိုင်း ရဲတပ် ဖွဲ့မှ ရဲမှူးကြီး အောင်အောင်နှင့်တပ်ဖွဲ့ ဝင်များ၊ နေပြည်တော်တိုင်းအကူ ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စိုးမြင့်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ နယ်မြေ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် တပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားမီးသတ်စခန်း မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင် မြင့်နှင့် တပ်ဖွဲ့ဝင်များရောက်ရှိခဲ့သည်။

အဆိုပါ အချုပ်ခန်းမီးရှို့အခန်း ဖောက်သူ ပုဒ်မ ၃၀၂ မောင်မောင် နိုင်တို့အား ခြောက်လှန့်၍ သေနတ်ဖြင့် ကျည်ဗလာထည့်ကာ မိုးပေါ်ထောင် ၁၀ ချက်ခန့်ဖောက်ခဲ့ပြီး မီးလောင်ရာသို့ ပျဉ်းမနားမီးသတ်စခန်း မှ မီးသတ်ယာဉ်လေးစီးဖြင့် နံနက် ၁၀ နာရီ ၁၀ မိနစ်မှ စတင်လောင်ကျွမ်း ခဲ့သောမီးအား ၁၀ နာရီ ၄၅ မိနစ်တွင် ငြိမ်းသတ်နိုင်ကြောင်းသိရှိရပြီး ရဲမှူး ဦးသန်းမြင့်က ကြီးကြီးကျယ်ကျယ် မဖြစ်ပွားကြောင်းပြောကြားခဲ့သည်။

ကျော်သူရ (နေပြည်တော်)

FOREIGN COMPANY COMING TO MYANMAR
In The Telecommunication field
IS LOOKING FOR:

1. CIVIL ENGINEERS
2. CIVIL WORKS CONTRACTORS
3. SITE SUPERVISORS(construction, electrical and tower erection)
4. RIGGERS(experience in working at Heights)

KNOWLEDGE of ENGLISH REQUIRED

Zaw Min 09450063496
zaw.min@mer-group.com
david_ke@mer-group.com



ကမ္ဘာ့နှစ်လိုဖွယ်အကောင်းဆုံးအမျိုးသမီး အမ်မီလီယာကလပ်ခ်

HBO ရုပ်သံလိုင်း၏ စိတ်ကူးယဉ် ဒရာမာ ဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် Game Of Thrones ဇာတ်လမ်းတွဲ၏ ပင်တိုင် မင်းသမီးတစ်ဦးဖြစ်သည့် အမ်မီလီယာကလပ်အား ကမ္ဘာ့နှစ်လိုဖွယ် အကောင်းဆုံးအမျိုးသမီးအဖြစ် မဲပေးရွေးချယ်ခြင်းခံခဲ့ရကြောင်း သိရသည်။

မင်းသမီး အမ်မီလီယာသည် AskMen ဝက်ဘ်ဆိုက်တွင် မဲအရေအတွက်ပေါင်း တစ်သန်းကျော်ဖြင့် ထိပ်ဆုံးမှ မဲပေး ရွေးချယ် ခံခဲ့ရခြင်းဖြစ်ပြီး ယင်းဝက်ဘ်ဆိုက် အသုံးပြုသူများမှ နာမည်ကျော် အမျိုးသမီးများ၏ ထင်ရှားသည့် စွမ်းဆောင်ရည်၊ စိတ်ဝင်စားခံရမှုနှုန်းတို့ကို အခြေခံ စိစစ်ကာ ၂၀၁၄ ခုနှစ်အတွင်း နှစ်လိုဖွယ်အကောင်းဆုံးအမျိုးသမီးဆန်ခါတင် ၉၉ ဦးအနက်မှ အမ်မီလီယာက မဲပေးရွေးချယ်ခံခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

ထို့အပြင် Mad Men ရုပ်သံ ဇာတ်လမ်းတွဲမှ အမေရိကန်မင်းသမီး Alison Brie က ဒုတိယနေရာတွင် လည်းကောင်း၊ မင်းသမီး Emily Ratajkowski က တတိယနေရာတွင် လည်းကောင်း အသီးသီးရပ်တည် လျက်ရှိကြောင်း သိရသည်။ ❐❐

စတုတ္ထမြောက်သားငယ်ကို အနုပညာလောကသားမဖြစ်စေလိုသည့် ကိတ်ဝင်းစလက်

အကယ်ဒမီဆုရှင် မင်းသမီး ကိတ်ဝင်းစလက်သည် ညီအစ်မလေးယောက်ရှိသည့်အနက် သုံးဦးမှာ အနုပညာလောကသားများဖြစ်သည့်အတွက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကမွေးဖွားခဲ့သည့် စတုတ္ထမြောက် သားငယ် ဘီးယားဝင်းစလက်ကို အနုပညာလောကသား တစ်ဦးမဖြစ်စေလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

တိုက်တန်းနစ်မင်းသမီးဟု တင်စားခေါ်ဝေါ်ကြသည့် မင်းသမီး ကိတ်ဝင်းစလက်ကို ဇာတ်ကားများနှင့် တီဗွီဖန်သားပြင်ပေါ်တွင် ဝတ်လစ်စားလစ်ဖြင့် မြင်တွေ့နေကြရသည့်အတွက် ဝေဖန်မှုများရှိခဲ့သော်လည်း ယင်းသို့ အပြစ်ထောက်ပြခြင်းများအတွက် နေသားတကျရှိနေပါကြောင်း ဆိုသည်။

“ကျွန်မက အသက်အရွယ်ရနေပါပြီ၊ လူတွေက အဲဒီအတွက် ဘယ်လိုတွေဝေဖန်နေကြပေမယ့်လည်း ကျွန်မတကယ်ကိုဂရုမစိုက်ပါဘူး”ဟု ရုပ်ရှင်မဂ္ဂဇင်းတစ်ခုနှင့်အင်တာဗျူးတွင် ဖြေကြားခဲ့သည်။

မင်းသမီး ကိတ်ဝင်းစလက်သည် အောင်မြင်မှုမတိုင်မီက အခက်အခဲ ပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ရပါကြောင်း၊ ထိုအချိန်က အိပ်မပျော်နိုင်လောက်အောင် ကြောက်စိတ်များ ပြည့်နှက်နေချိန်က မည်သူမျှ ကူညီစာနာခဲ့ခြင်းမရှိပါကြောင်း၊ ယင်းတို့သည် သရုပ်ဆောင်နေခြင်းမဟုတ်ဘဲ ဘဝ၏အစိတ်အပိုင်း တစ်ခုမျှသာ ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အော်စကာဆုရှင် မင်းသမီး ကိတ်ဝင်းစလက်သည် ၁၉၇၃ ခုနှစ်က ထွက်ရှိခဲ့သည့် ဒုတိယကမ္ဘာစစ်အတွင်းက အမျိုးသမီးဝတ်စုံချုပ်လုပ်သူတစ်ဦးအကြောင်း ပုံဖော်ထားသည့် The Dressmaker ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရန် စီစဉ်ထားကြောင်းသိရသည်။

ကိုယ့်သီချင်းကိုပြန်စိတ်ပျက်နေသည့် မက်ဒေါနား

ကမ္ဘာ့ဂီတလောကတွင် ပေါ့ပ်ဘုရင်မတစ်ပါးဟု တင်စားခေါ်ဝေါ်ခြင်းခံရသည့် တေးသံရှင် မက်ဒေါနားက အလုပ်များနေစဉ်အတွင်း သူ၏သီချင်းများကို ပြန်ကြားရပါက ခေါင်းကိုက်မိကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။

မကြာမီကာလက ကနေဒါ၌ ဖွင့်လှစ်ခဲ့သည့် ၎င်း၏ Hard Candy ကိုယ်ကာယလေ့ကျင့်ရေး အားကစားခန်းမတွင် လေ့ကျင့်နေစဉ်အတွင်း သူ၏သီချင်းများကို ပြန်နားထောင်မိသည့်အခါ လွန်စွာပင် စိတ်ပျက်မိပါကြောင်း၊ ဂီတကို လွန်စွာမှပင် ချစ်မြတ်နိုးသော်လည်း အလုပ်လုပ်နေသည့်အခါတွင် အခြားသူသီဆိုထားသည့်သီချင်းများကိုသာ နားဆင်လိုသည့်ဆန္ဒရှိကြောင်း တေးသံရှင် မက်ဒေါနား က ဖွင့်ဟခဲ့သည်။

အသက်(၅၅)နှစ်အရွယ်ရှိမက်ဒေါနားက သူ၏ သီချင်းများကို ပရိသတ်များက နှစ်သက်ကြသလို မိမိကိုယ်တိုင်လည်း နှစ်သက်ပါကြောင်း၊ တစ်ခါတစ်ရံ ကိုယ်ကာယအားကစားလုပ်နေချိန်များတွင် နားထောင်ချင်စိတ် မရှိပါကြောင်း၊ ထို့အတူ ၎င်း၏ခန္ဓာကိုယ်အချိုးအစားလှပမှုအပေါ် အများက ချီးမွမ်းကြသော်လည်း တစ်ခါတလေ မိမိကိုယ်ကို မုန်းမိသည်များရှိတတ်ပါကြောင်း ဆိုခဲ့သည်။

ဟောင်ကောင်၊ တရုတ်နှင့် ဂျပန်သရုပ်ဆောင်များအား ပူးတွဲမြင်တွေ့ရမည့် အချစ်ဇာတ်ကားသစ်

A Hundred Million Devil Falls for Me

ဟောင်ကောင်အက်ရှင်မင်းသား ဂျူလီယန်ချန်းက ဟောင်ကောင်အခြေစိုက် တရုတ်မင်းသမီး Chrissie Chau ၊ ဂျပန်မင်းသား Teruyuki Kagawa တို့နှင့် အတူ အချစ်ဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး ယင်းဇာတ်ကားကို A Hundred Million Devil Falls for Me ဟု အကြမ်းဖျင်းအမည်ပေးထားကြောင်း သိရသည်။

ယင်းဇာတ်ကားသစ်သည် ၁၉၉၀ ပြည့်နှစ်ခန့်က မင်းသမီး ဂျူလီယာရောဘတ်ပါဝင်သရုပ်ဆောင်ထားသည့် နာမည်ကျော်ဟောလိဝုဒ်ဇာတ်ကားဖြစ်သည့် Pretty Woman ဇာတ်ကားနှင့် ဇာတ်အိမ်တည်ဆောက်ပုံချင်းတူညီပြီး ယင်းဇာတ်ကားကို ဂျပန်၊ ဥရောပ၊ မက္ကဆီကို စသည့် နိုင်ငံတကာမှ အလှအပရှုခင်းများထည့်သွင်းကာ လာမည့် ဧပြီလတွင် စတင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသစ်တွင် ဂျပန်မင်းသား Teruyuki Kagawa က ဂျပန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအဖြစ် ဟောင်ကောင်မင်းသား ဂျူလီယန်ချန်းနှင့်အပြိုင် ပါဝင်သရုပ်ဆောင် သွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် အဆိုပါဇာတ်ကားသစ်၏ ဇာတ်ညွှန်းပိုင်းဆိုင်ရာများကို ရေးသားနေဆဲဖြစ်ပြီး ရိုက်ကူးရေး မစတင်မီ အပြီးသတ်စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး Chrissie Chau သည် ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း Yahoo! ဝက်ဘ်ဆိုက်တွင် ရှာဖွေမှု အများဆုံးခံရသည့်မင်းသမီးအဖြစ် ထင်ရှားခဲ့သူတစ်ဦးဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် Yahoo! ၏ ရေပန်းအစားဆုံး မင်းသမီးဆု ရရှိခဲ့သူတစ်ဦးလည်းဖြစ်သည်။

ယခုလက်ရှိတွင် မင်းသမီး Chrissie Chau သည် သရီးဒီဒစ်ဂျစ်တယ် အင်န်တာတိန်းမန့်နှင့် ဇာတ်ကား ၁၂ ကားစာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၈ သန်း တန်ဖိုးရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုမည်ဖြစ်ကြောင်းနှင့် အဆိုပါ စာချုပ်ချုပ်ဆိုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြုလုပ်မည် ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင် - စုစည်းရေးသားသည်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံအရှေ့မြို့နယ်၊ (၁၅၇)ရပ်ကွက်၊ မြေကွက်အမှတ် (၁၀၄၅)၊ အကျယ်အဝန်းပေ(၄၀×၆၀) အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဥပဒေနှင့်အညီ လက်ဝယ်လက်ရှိပိုင်ဆိုင်သူ ဦးသန်းဝင်း [၈/ခမန(နိုင်)၀၉၅၄၁၅]ထံမှ ဒေါ်သန်းသန်းဌေး[၁၂/ကမတ(နိုင်)၀၀၆၅၀၉]က ဝယ်ယူရန်အတွက် စရန်ငွေပေးထားပြီး ဖြစ်ပါသည်။ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ လူကိုယ်တိုင်သိ၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းဌေး[၁၂/ကမတ(နိုင်)၀၀၆၅၀၉]
ဖုန်း ၀၉-၂၅၄၀၀၄၅၈၇

တိုက်စစ်မှူးမိုက်ကွန်၏ မိသားစုအား ထူးချွန်လုပ်ခလစာ ရှက်ခ်တာဒိုးနက်စ်ခ်ပေးမည်

အသက်(၂၅)နှစ်အရွယ်သာရှိသေးသည့် တိုက်စစ်မှူး မိုက်ကွန်သည် ပြီးခဲ့သည့် သီတင်းပတ်က ဒိုးနက်စ်ခ်မြို့တွင် ကားမတော်တဆမှုတစ်ရပ် ဖြစ်ပွားကာ ဘောလုံးလောကကို ၎င်း၏အသက်ဇီဝိန်အခြွေခံရခြင်းဖြင့် နှုတ်ဆက်သွားခဲ့ပြီဖြစ်သည်။ သို့ရာတွင် ၎င်းကစားခဲ့သည့် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းအနေဖြင့် တိုက်စစ်မှူးမိုက်ကွန်မရှိတော့သော်လည်း မိုက်ကွန်၏ ထူးချွန်လုပ်ခလစာကို ၎င်းမိသားစုသို့ ပေးအပ်သွားမည်ဖြစ်ကြောင်း ရှက်ခ်တာဒိုးနက်အသင်းအမှုဆောင်အရာရှိဖြစ်သူပယ်လ်ကင်က လူသိရှင်ကြားထုတ်ဖော်ပြောကြားခဲ့ သည်။

တိုက်စစ်မှူး မိုက်ကွန်နှင့် ရှက်ခ်တာဒိုးနက်စ်အသင်း၏ စာချုပ်သက်တမ်းသည် ၂၀၁၅ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း ဖေဖော်ဝါရီ ၈ ရက်က ဒိုးနက်စ်ခ်မြို့တွင် ကားမတော်တဆမှုဖြစ်ကာ သေဆုံးသွားခဲ့ရသည်။

သို့ရာတွင် အသင်း၌ မိုက်ကွန်မရှိတော့သော်ငြား ရှက်ခ်တာဒိုးနက်ခ်စ်အသင်းအနေဖြင့် မိုက်ကွန်၏ စာချုပ်မှ ကျန်ရှိသည့်လုပ်ခလစာနှင့်ညီမျှသောငွေကြေးပမာဏကို လူ့လောက၌ ကျန်ရစ်ခဲ့သည့် မိုက်ကွန်၏ မိဘနှစ်ပါးနှင့် သမီးငယ်တို့အား ပေးအပ်သွားမည်ဖြစ်ကြောင်း ရှက်ခ်တာဒိုးနက်ခ်စ်အမှုဆောင်အရာရှိ ပယ်လ်ကင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျူလီယိုဆီဇာ တိုရွန်တိုအသင်းသို့ အငှားသွားရောက်ကစား

အသက်(၃၄)နှစ်အရွယ်ရှိပြီဖြစ်သော ချန်ပီယံရှစ်ကလပ်ကျူပီအာအသင်းမှ ဂိုးသမားဂျူလီယိုဆီဇာသည် ဘရာဇီးတွင် ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားအကြိုအဖြစ် ပထမပွဲထွက်ခွင့်ရအသင်းတစ်သင်းတွင် ကစားရန်အလို့ငှာ တိုရွန်တိုအသင်းသို့ အငှားစာချုပ်ဖြင့်ပြောင်းရွှေ့သွားခဲ့ကြောင်းသိရသည်။

ဂိုးသမားဂျူလီယိုဆီဇာသည် အသင်းသစ်ဖြစ်သော တိုရွန်တိုအသင်းသို့ အငှားဖြင့်ပြောင်းရွှေ့လာခဲ့ပြီးနောက် အလွန်စိတ်လှုပ်ရှားမိကြောင်းနှင့် တိုရွန်တိုအသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းနှင့်ပတ်သက်၍လည်း နိုင်ငံလက်ရွေးစင်အသင်းနည်းပြဖြစ်သူ ဖီးလစ်ပီစကော်လာရီနှင့်ဘရာဇီးအသင်းနည်းစနစ်ဒါရိုက်တာဖြစ်သူ အယ်လ်ဘာတိုပါရီရာတို့အား ပြောကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် တိုရွန်တိုအသင်းသို့အငှားသွားကစားရန် ဆုံးဖြတ်ခဲ့သည့် အဓိကအကြောင်းခြင်းရာသည် ၎င်းနှင့်တိုရွန်တို နည်းပြရိုင်ယန်နယ်လ်ဆင်တို့၏ ဆက်ဆံရေးကြောင့်ဖြစ်ကြောင်း အင်တာဂိုးသမားဟောင်းဖြစ်သူ ဂျူလီယိုဆီဇာက ထုတ်ဖော် ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၁၄ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို မတ် ၁ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အလွတ်တန်းတစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၃၅)နှစ်နှင့်အထက်တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် (၄၅)နှစ်နှင့်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် (၅၅)နှစ်နှင့်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် (၆၀)နှစ်နှင့်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ထို့အပြင် Myanmar CP တင်းနစ်ပြိုင်ပွဲကို မတ် ၁၆ ရက်မှ ၂၂ ရက်ထိလည်းကောင်း၊ Myanmar Open တင်းနစ်ပြိုင်ပွဲကိုဧပြီ၅ရက်မှ၉ရက်အထိလည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

နယူးကာဆယ်နှင့်ပွဲတွင် ဂိုးသွင်းပေးခဲ့ပြီးနောက် လက်ရှိခြေစွမ်းကို ထိန်းထားရန် ချက်ဒ်လီအား ရှားဝုဒ်အားပေး

ဘယ်လ်ဂျီယံကြယ်ပွင့် နက်ဆာချက်ဒ်လီသည် နယူးကာဆယ်အသင်းနှင့်စပါးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် စပါးအသင်းအတွက် ဂိုးသွင်းယူပေးခဲ့ခြင်းကြောင့် လက်ရှိခြေစွမ်းကို ထိန်းထားပြီး ဆက်လက်ဂိုးသွင်းယူပေးနိုင်ရန် စပါးအသင်းနည်းပြတင်ရှားဝုဒ်က ချက်ဒ်လီအား အားပေးစကားဆိုခဲ့သည်။

ဘယ်လ်ဂျီယံကြယ်ပွင့် နက်ဆာချက်ဒ်လီသည် ပြီးခဲ့သည့် နွေရာသီက တွမ်တီးအသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ဗုဒ္ဓဟူးနေ့က နယူးကာဆယ်အသင်း၏ အိမ်ကွင်းစိန့်ဂျိမ်းပက်ခ်တွင် စပါးအသင်းအတွက် ဂိုးသွင်းယူပေးခဲ့ခြင်းသည် ၎င်း၏ ပထမဆုံးသော ပရီမီယာလိဂ်သွင်းဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ချက်ဒ်လီသည် ပရီမီယာလိဂ်ကလပ် စပါးအသင်းအတွက် လိဂ်ပွဲရှစ်ပွဲပါဝင်ကစားပေးထားပြီးဖြစ်သည်။ စပါးအသင်းသည် နည်းပြတင်ရှားဝုဒ် လက်ထက်တွင် တစ်ပွဲသာရှုံးပွဲကြုံခဲ့ပြီး လက်ရှိတွင် ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့်(၆)တွင် ရပ်တည်လျက်ရှိကာ ထိပ်ဆုံးလေးသင်း စာရင်းဝင်ရန် အလားအလာကောင်းတစ်ရပ် ရှိနေသေးကြောင်း နည်းပြတင်ရှားဝုဒ်က ပြောကြားခဲ့သည်။

ငွေကြယ်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၆-၂-၂၀၁၄ (တနင်္ဂနွေနေ့)

၆:၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆:၂၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၆:၃၀	တေးဂီတအစီအစဉ်
၉:၄၀	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၁၀:၅၀	"မနီတို့၏ ရွာနှင့်မြစ်" (ကာတွန်း)
၁၁:၁၀	ဂီတတံခါးလေးဖွင့်ပါဦး
၁၂:၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၄:၁၅	"၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သိကောင်းစရာ" (ရူပဗေဒဘာသာရပ်)
၇:၀၀	ပြည်တွင်းသတင်း
၈:၄၅	ကြယ်ပွင့်များရဲ့အထင်ကရတေးများ ရင်ခုန်လက်ကမ်းတေးသစ်လမ်း

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ပိန်းတန်းရပ်နေ
(ဦးဝင်းဆွေ)-ဒေါ်နွယ်နီအေးတို့၏သား

ဗိုလ်ကြီးကျော်သူရ

B.Sc(Phys), D.S.A(ME,Metallurgy) (MISA,Russia)

နှင့်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ ရှမ်းဂေါင်းရပ်နေ
ဦးသန်းနိုင်-ဒေါ်သန်းသန်းဝေတို့၏သမီး

မထက်ထက်အောင်

B.Sc(Computer Science)(Hons)

တို့သည် ၁၅-၂-၂၀၁၄ ရက်(စနေနေ့)တွင် နှစ်ဖက်လူကြီးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကျော်သူရ+မထက်ထက်အောင်

လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာဖွယ် တွေ့ရှိသူများအား ဖမ်းဆီးစစ်ဆေး

အလုံ ဖေဖော်ဝါရီ ၁၅

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အလုံမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိအဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၁ ရက် ည ၇ နာရီ ၁၀ မိနစ်တွင် ပြေးလေးပြေးကောက်တို ဖမ်းဆီးရမိရေးအတွက် လှည့်ကင်းတာဝန်ဆောင်ရွက်စဉ် လွတ်လပ်ရေးရပ်ကွက် ဆင်မင်းလမ်းနှင့် ကမ်းနားလမ်းထောင့်တွင် မသင်္ကာဖွယ်တွေ့ရှိသူ မိုးဝင်း (၂၉)နှစ် ဇီးကုန်းကျေးရွာအုပ်စု မင်းလှမြို့နယ်နေသူအားခေါ်ယူစစ်ဆေးရာ မိုးဝင်းထံမှ အရှည် ၁၈ လက်မခန့်ရှိ သုံးမူးလုံးသံချောင်း ၁၂၀ ကို ခန္ဓာကိုယ်တွင် အရှည်တစ်ပေခန့်ရှိ သားရေကြိုးဖြင့် ပတ်လျက်တွေ့ရသဖြင့် မေးမြန်းရာ ၎င်းပိုင်ပစ္စည်းဖြစ်ကြောင်း ခိုင်လုံသောအထောက်အထား မပြသနိုင်သဖြင့် အလုံမြို့မရဲစခန်းက ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ယင်းနေ့ ည ၇ နာရီ ၄၀ မိနစ်တွင် သစ်တောရပ်ကွက် ဆင်မင်းလမ်းနှင့် လှော်ကားလမ်းထိပ်၌ မသင်္ကာဖွယ်တွေ့ရှိသူ ခင်မောင်သန်း(၃၁)နှစ် အင်ကြင်းမြိုင်လမ်းဆိပ်ကြီးအရှေ့ရပ်ကွက် ဆိပ်ကြီးခနောင်တိုမြို့နယ်နေသူအား ရှာဖွေစစ်ဆေးရာ အရှည် ၁၈ လက်မခန့်ရှိ သုံးမူးလုံး သံချောင်း ၁၂၅ ချောင်းကို ခန္ဓာကိုယ်တွင် အရှည်တစ်ပေခန့်ရှိသော သားရေကြိုးဖြင့် ပတ်လျက်တွေ့ရှိသဖြင့် မေးမြန်းရာ ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် အလုံမြို့မရဲစခန်းက ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ည ၈ နာရီ ၁၅ မိနစ်တွင် လွတ်လပ်ရေးရပ်ကွက် ဆင်မင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်တွင် မသင်္ကာဖွယ်တွေ့ရှိသူသက်နိုင်(၂၈)နှစ် ဇီးကုန်းကျေးရွာအုပ်စု မင်းလှမြို့နယ် ပဲခူးတိုင်းဒေသကြီးနေသူအား ခေါ်ယူစစ်ဆေးရာ သက်နိုင်ထံမှအရှည် ၁၈ လက်မခန့်ရှိ သုံးမူးလုံး သံချောင်း ၁၀၅ ချောင်းကို အရှည် တစ်ပေခန့်ရှိ သားရေကြိုးဖြင့် ခန္ဓာကိုယ်တွင်ပတ်လျက်တွေ့ရှိရာ အထောက်အထားတစ်စုံတစ်ရာ မပြသနိုင်သဖြင့် အလုံမြို့မရဲစခန်းက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

တင်မောင်ဦး(အလုံ)

စည်းကမ်းပျက်မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူ

မော်လမြိုင် ဖေဖော်ဝါရီ ၁၅

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းသို့ နေ့စဉ်ဝင်ထွက်သွားလာသည့် မော်တော်ဆိုင်ကယ်များအနက် စည်းကမ်းမဲ့မောင်းနှင်လျက်ရှိသည့် ဆိုင်ကယ်မောင်းနှင်သူများနှင့် မော်တော်ယာဉ်များအား ထိရောက်စွာဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် တိကျစွာဆောင်ရွက်ကြရန်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့ စီစဉ်ဆောင်ရွက်ပေးမှု၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုတို့ဖြင့် မော်လမြိုင်မြို့နယ် အမှတ်(၉)ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးညွန့်ဝေ ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ်အတွင်း အချက်အချာကျသည့် လမ်းဆုံလမ်းခွနေရာများတွင် စစ်ဆေးအရေးယူမှုများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စီမံချက်အရ ၂၀၁၃ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာအထိ ၁၂ လအတွင်း မော်တော်ဆိုင်ကယ်ဦးထုပ်မဆောင်းမှု ၅၀၄၂ မှု၊ လိုင်စင်မပါမှု ၃၀၀၀၊ နံပါတ်မတပ် ၃၆၃မှု၊ မော်တော်ဆိုင်ကယ်သုံးဦးစီးမှု ၈၀ နှင့် မော်တော်ယာဉ်ကုန်ပိုတင် ၁၅၃၄မှု၊ လုပ်ငန်းလိုင်စင်မပါ ၇၃မှု၊ နံပါတ်မတပ်တစ်မှုတို့ကိုဖမ်းဆီးအရေးယူခဲ့သည်။

ဆက်လက်၍ ရှောင်တခင်ရပ်တန့်စစ်ဆေးမှုများကို ယခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီ ၇ ရက်အထိ မော်တော်ဆိုင်ကယ် ဦးထုပ်မဆောင်း ၃၉၁မှု၊ လိုင်စင်မပါ ၁၃၃၇မှု၊ နံပါတ်မတပ်မှု ၉၀၊ မော်တော်ဆိုင်ကယ်သုံးဦးစီး ၅၃ မှု၊ မော်တော်ယာဉ်ကုန်ပိုတင် ၂၆၁ မှု ဖမ်းဆီးအရေးယူခဲ့ကြောင်းသိရသည်။

(ကျော်သန်း-မော်လမြိုင်)

မြောက်ဥက္ကလာပနှင့် ရွှေပြည်သာမြို့နယ်ရပ်ကွက်အချို့ ဓာတ်အားပြတ်တောက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှု အန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ်(စနေ၊ တနင်္ဂနွေနေ့)တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၆ ရက်တွင် မြောက်ဥက္ကလာပ၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း ယာယီ ဓာတ်အား ပြတ်တောက်မှုများရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှု အန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

လယ်သမားများအပ်နှံထားသည့် ဆန်စပါးများနှင့် ဆန်ထွက်ပစ္စည်း ကျပ်သိန်း ၃၀ ဖိုးခန့် အလွဲသုံးစားပြုလုပ်သည့် ဆန်စက်ပိုင်ရှင်အား အမှုဖွင့်

တောင်ငူ ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ညောင်ခြေထောက်ဒေသရှိ တောင်သူခြောက်ဦးတို့က ၎င်းတို့ပိုင်စပါး ၃၆၇ အိတ်၊ ဆန် ၄၃ အိတ်၊ ဆန်ကွဲငါးအိတ်နှင့် ဖွဲနုရှစ်အိတ် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၉၅၀၅၀၀ ဖိုးကို အပ်နှံထားရာမှ အလွဲသုံးစားပြုလုပ်ခဲ့သည့် ညောင်ခြေထောက်မြို့ (၁)ရပ်ကွက်ရှိ ဆန်စက်ပိုင်ရှင် ဦးကိုကိုကြီး (၆၇)နှစ်အား အရေးယူပေးပါရန် တိုင်ကြားလာသဖြင့် ညောင်ခြေထောက်နယ်မြေရဲစခန်းက ဆန်စက်ပိုင်ရှင်အား ဖေဖော်ဝါရီ ၁၃ ရက်က အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အုတ်တွင်းမြို့နယ် ညောင်ခြေထောက်နယ်မြေ အုတ်ရေတွင်းခင်ကျေးရွာမှ လယ်လုပ်သူများ ဖြစ်ကြသော မသီတာဦး (၃၉)နှစ်၊ ကိုမြင့်ဌေး (၄၃)နှစ်၊ ဦးမောင်အေး (၄၆)နှစ်၊ ကျွန်းတောကုန်းကျေးရွာနေ နန်းကူးမား (၃၆)နှစ်၊ ဦးကျော်မြင့် (၅၁)နှစ်နှင့် ဆဒေးကူးမား (၄၀)နှစ် ခြောက်ဦးတို့သည် ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ၎င်းတို့ပိုင်ဆန်စပါးနှင့် ဆန်ထွက်ပစ္စည်းများကို အပ်နှံထားခဲ့ရာမှ ပြန်လည်ပေးအပ်ခြင်းမပြုဘဲ အလွဲသုံးစား ပြုလုပ်ရောင်းချခဲ့သည့်အတွက် အမှုဖွင့်တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၁၂၉)

ပုဇွန်တောင်၌ ကြိုးဆွဲချသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် စင်ကာပူကျောင်းလမ်းတို တိုက်(၁)လှေကားအတက်အဆင်းတံခါးတွင် ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၅ နာရီခွဲခန့်က လူတစ်ဦးကြိုးဆွဲချ သေဆုံးကြောင်း သိရသည်။ သေဆုံးသူမှာ ညီညီအောင်(ခ) ဖိုးရီလေး (၂၆)နှစ်ဖြစ်ပြီး အဝါရောင်နိုင်လွန်ကြိုးကို အသုံးပြုပြီး သေဆုံးကြောင်း သိရသည်။

(၃၁)

မင်္ဂလာမော်ကွန်းတင်အခမ်းအနားနှင့် မင်္ဂလာဦးဆွမ်းကျွေးကျေးဇူးတင်လွှာ

၇-၂-၂၀၁၄ရက် Park Royal Hotel ၌ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ မင်္ဂလာစကားချီးမြှင့်ပေးပါသော အကယ်ဒမီကိုရန်အောင်နှင့် အကယ်ဒမီ ကိုလူမင်းတို့အားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော တေးသံရှင် Rဇာနည်နှင့်ဝမ်း၊ အကယ်ဒမီပြေတီဦးနှင့် အကယ်ဒမီ အိန္ဒြာကျော်ဇင်တို့အားလည်းကောင်း၊ မင်္ဂလာအခြံအရံများအဖြစ် လျှောက်လှမ်းပေးပါသော သားလေး ကျော်မြင့်လှိုင်(ဂါမဏိ)၊ သမီးလေး ဆုမြတ်ရတနာ၊ မင်္ဂလာမော်ကွန်းတင်စာချွန်လွှာ လဲလှယ်ပေးပါသော Super.Stars Models Agency မှ လင်းအောင်နှင့်ဆောင်းညွန့်စံ၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ခိုင်မြသာ၊ ဓာတ်ပုံနှင့် ဗီဒီယိုအေးဇော်မိုး(စက်မှု) နှင့် Foreverတို့အားလည်းကောင်း၊ Pre Wedding ဓာတ်ပုံများ ရိုက်ကူးပေးပါသော ကိုဝဏ္ဏ၊ Forever နိုင်နိုင်ထွန်း၊ ကိုကျော်စွာတို့အားလည်းကောင်း၊ မေတ္တာဖြင့်လက်ဝတ်ရတနာများဆင်မြန်းပေးပါသော Win & San၊ မိတ်ကပ်နန်းနွယ်၊ မင်္ဂလာဝတ်စုံ ဆင်ယင်ပေးပါသော မျိုးမင်းစိုးနှင့်လင်းလင်း(Make-up Artist)၊ မဝမ်း(Diva)တို့အားလည်းကောင်း၊ မေတ္တာဖြင့်ကူညီ ဆောင်ရွက်ပေးပါသော DJသော်သော်၊ ပန်းအလှပြင်ပေးပါသော သားကြီး၊ ကိုဆွေ၊ အစားအသောက်များ တည်ခင်းဧည့်ခံပေးပါသော Park Royal Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၁၀-၂-၂၀၁၄ရက် တက္ကသိုလ်ရိပ်သာလမ်း ကံဖျားကျောင်းတိုက်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲတွင် ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် Sky Net ရုပ်သံလိုင်းမှ ပြသနိုင်ရန် စီစဉ်ပေးပါသော အန်တီမီးမီး (Sky Net) မိသားစု၊ မေတ္တာဖြင့်လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ချမ်းချမ်း(စကြာရွှေရည်)၊ မေတ္တာဖြင့် မော်ဒယ်များစီစဉ်ပေးပါသော ဦးချိုကြီး(Royal Stars Event Planner Group)၊ မင်္ဂလာပွဲတစ်ခုလုံးအား အဆင်ပြေချောမွေ့အောင် အစစအရာရာ တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးပါသော အန်တီမြတ်မြတ်ဦးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဥက္ကာမြင့်ကြူ-ဝိုင်းစုခိုင်သိန်း

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲနှင့်ညစာစားပွဲကျေးဇူးတင်လွှာ

American နိုင်ငံ၊ Maryland ပြည်နယ်၊ Frederick မြို့နေ
ဦးမြင့်ကြူ-ဒေါ်မို့မို့အောင်တို့၏သားလတ်

မောင်ဥက္ကာမြင့်ကြူ

President of First Quality Plumbing and Remodeling, LLC(U.S.A)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သာယာကုန်း၊ ရှမ်းရွာလမ်း၊ ခြံအမှတ်(၅၃)နေ
ဦးသိန်းဌေး-ဒေါ်မေရီအောင်တို့၏ တစ်ဦးတည်းသောသမီး

မဝိုင်းစုခိုင်သိန်း

B.A (English)

တို့၏ ၁၄-၂-၂၀၁၄ ရက်တွင် ရန်ကုန်မြို့၊ Sedona Hotel Grand Ballroom တွင်ပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြား မင်္ဂလာလက်ထပ်ပွဲအခမ်းအနား၌ စုလျားရစ်ပတ်ခြင်းနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဝဏ္ဏကျော်ထင်စည်သူ ဦးဇော်ဇော် Chairman of Max Myanmar Group of Companies နှင့်ဇနီး ဒေါ်ဌေးဌေးခိုင်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် ဇနီးဒေါ်ခင်မျိုးဌေး၊ မင်္ဂလာဘိသိက်သွန်းလောင်းပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီကျူးပေးပါသော အကယ်ဒမီ ဦးရန်အောင်၊ ဘိသိက်တေးသီဆိုပေးပါသော အန်တီဒေါ်ရီရီသန့်၊ မေတ္တာဖြင့်တီးခတ်ပေးပါသော Lazy Club၊ စက်ပစ္စည်းများ ပံ့ပိုးကူညီပေးပါသော ကိုစိုးနိုင်ထွန်း၊ မင်္ဂလာစုံတွဲတေးများအား မေတ္တာဖြင့် သီဆိုပေးကြပါသော နိုင်ငံကျော်တေးသံရှင်များ၊ မင်္ဂလာရှေ့ဆောင်လမ်းပြအဖြစ် လျှောက်လှမ်းပေးပါသော လွှမ်းပိုင်နှင့်ထက်ထက် (Bobby Soxer)၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော ဝတ်မှုံရွှေရည်၊ စန္ဒီမြင့်လွင်၊ မင်္ဂလာရွှေမိုးငွေမိုး ကြဲဖြန့်ပေးပါသော ကြည်နူးနိုင်၊ အိမ့်ချစ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော နန်းသူဇာနှင့် နန်းမြတ်ဖြိုးသင်း၊ သတို့သားအရံများဖြစ်ကြသော ကောင်းပြည့်နှင့်ဇေယျ၊ သတို့သမီးအရံများဖြစ်ကြသော မိစန္ဒီနှင့်မြနှင်းရည်လွင်၊ လင်းလင်း(Make-up Artist)၊ ယဉ်သူထိုက်(မန္တလေးပိုးထည်တိုက်)နှင့် မန္တလေးရွှေနဂါးဖိနပ်၊ မင်္ဂလာဝတ်စုံများအား စိတ်ရှည်လက်ရှည် ဖန်တီးပေးပါသော ဒီဇိုင်နာ မပုံ့ (My Favourite)၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဒေါက်တာအောင်ကျော်ဝင်း၊ ဒေါက်တာသက်သက်ခိုင် (Forever Gems)၊ ဓာတ်ပုံနှင့်မှတ်တမ်း၊ ဗီဒီယိုများရိုက်ကူးပေးပါသော ဝဏ္ဏခွာနီး၊ ပန်းအလှပြင်ဆင်ပေးပါသော မာမီကျော်(မလေးရှား)နှင့်အဖွဲ့၊ အန်တီနီလာ(Eternal Flowers)၊ Sedona Hotel မှ မလီလီနှင့်ဝန်ထမ်းများ၊ ၁၄-၂-၂၀၁၄ရက်တွင် Kandawgyi Palace Hotelတွင်ကျင်းပသော မင်္ဂလာညစာစားပွဲအခမ်းအနားတွင် အခမ်းအနားမှူးနှင့် ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ပေးပါသော ကိုမောင်မောင်အေးနှင့် ကိုဆန်းထွန်း(Dream Boat)၊ ဝတ်စုံချုပ်လုပ်ပေးပါသော မိုးကုတ်ပေါက်ပေါက်၊ လင်းလင်း(Make-up Artist)၊ The Trees Band၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော Forever Gems၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော Forever, Jade Dragon အဖွဲ့သားများ၊ DJ သော်သော်နှင့် Kandawgyi Palace Hotel မှ မစူးနှင့်ဝန်ထမ်းများအားလည်းကောင်း၊ Sky Netရုပ်သံလိုင်းမှ ပြသနိုင်ရန်စီစဉ်ပေးပါသော အန်တီမီးမီး(Sky Net)မိသားစု၊ မော်ဒယ်များအား မေတ္တာဖြင့်ကူညီပေးပါသော ဦးချိုကြီး(Royal Stars Event Planner Group)၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် လိုလေသေးမရှိ တာဝန်ယူစီစဉ်ဆောင်ရွက်ပေးပါသော အန်တီမြတ်မြတ်ဦးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ရုပ်ဝေးရုပ်နီးမှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရုပ်ရှင်ဂီတရပ်ဝန်းမှ လုပ်ဖော်ကိုင်ဖက်မိတ်သင်္ဂဟများအားလည်းကောင်း၊ နေရာထိုင်ခင်းအခက်အခဲများကြောင့် ဧည့်ဝတ်မကျေမှုများရှိခဲ့ပါက နှစ်ဖက်သောမိဘများနှင့် သတို့သား၊ သတို့သမီးတို့အား ခွင့်လွှတ်နားလည်ပေးပါရန်နှင့် လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်ပေးပို့ကြသော လူကြီးမင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဥက္ကာမြင့်ကြူ-ဝိုင်းစုခိုင်သိန်း

apsD;oabmlma[mift;tm; tyefajza&,mOfjzpf to;jyEkbfefpD

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅

ယခင်စျေးသင်္ဘောအဖြစ် ပြေးဆွဲခဲ့သော မြရောစျေးသင်္ဘော ဟောင်းအား ရန်ကုန်-မန္တလေး မြစ်ကြောင်းတစ်လျှောက် ပြည်တွင်း၊ နိုင်ငံခြားသား ဧည့်သည် ခရီးသွားရေယာဉ်အဖြစ် ယခုလာမည့် ဇူလိုင်လတွင် အမြန်ဆုံး ပြေးဆွဲနိုင်ရန် စီစဉ်နေကြောင်း အဆိုပါသင်္ဘောအား ငှားရမ်း လုပ်ကိုင်ခွင့်ရရှိထားသူတစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့က သင်္ဘောအောက်ပိုင်းတွေကို အနည်းဆုံး သုံးနှစ်ခံနိုင်အောင် အခုစိတ်တိုင်းကျ ဒေါက်တင်နေပါတယ်။ဒီသင်္ဘောကြီးက အင်္ဂလန်သင်္ဘောလည်းဖြစ်တယ်။ နှစ်ကလည်း ၁၈ နှစ်လောက်ရှိနေပြီဆိုတော့ အောက်ပိုင်းတွေကို ပိုခိုင်ခံ့အောင် နှစ်လနဲ့ အပေါ်ပိုင်းပြင်ဖို့ နှစ်လပေါင်း လေးလလောက်နဲ့အပြီး တည်ဆောက်

> ဒေါ်လာ ၅၀၀ နှင့်ညီမျှသော မြန်မာကျပ်ငွေ ပေး၍. . .

မှာပါ။ လာမယ့် ဇူလိုင်လလောက် ပြေးဆွဲနိုင်အောင် ကြိုးစားသွားမှာပါ" ဟုငှားရမ်းလုပ်ကိုင်ခွင့်ရရှိသူဦးမြင့်ဦးကပြောသည်။

အဆိုပါ စျေးသင်္ဘောဟောင်းကြီးအား တစ်နေ့လျှင်ဒေါ်လာ ၂၀၀ နှုန်းဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံမှ သုံးနှစ် ယာယီငှားရမ်းထားသည်ဟု သိရှိရပြီး တစ်နှစ်လျှင် ၁၀ လခန့်သာ ငှားရမ်းခ ပေးဆောင်ရပြီး ကျန်နှစ်လအား ပြန်လည်ပြုပြင် ပြင်ဆင်နိုင်ရန်အတွက် ငှားရမ်းခတောင်းခံခြင်း မရှိကြောင်း သိရသည်။ တည်ဆောက်ပြီးစီးခဲ့ပါက ရန်ကုန်-မန္တလေးသို့ သွားရောက်လည်ပတ်လိုသော နိုင်ငံခြားသားခရီးသည်များအား ၁၅ ရက်ခရီးဖြင့် တစ်ဦးလျှင် ဒေါ်လာ ၅၀၀ နှုန်းဖြင့် ခရီးစဉ် တစ်ခုတွင် လူ ၄၀ ကျော် လိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။

ပြည်တွင်းမှ နိုင်ငံသားများစီးနင်းလိုပါကလည်း ဒေါ်လာ ၅၀၀ နှင့် ညီမျှသော မြန်မာကျပ်ငွေဖြင့် ပေးဆောင်စီးနင်းနိုင်ကြောင်း သိရသည်။

မြရောစျေးသင်္ဘောအား နိုင်ငံခြားသားများ ကြိုက်နှစ်သက်သည့် သံစုံတီးဝိုင်းဖြင့် ဝန်ဆောင်မှုပေးသည့်အတွက် ပြည်ပနိုင်ငံများတွင် အလုပ်အကိုင် အတွေ့အကြုံရှိသော ကျွမ်းကျင်သည့် သင်္ဘောမောင်းများကိုသာ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မပြေးဆွဲနိုင်လို့ ပုဂ္ဂလိကကိုငှားထားတာပါ။ သူတို့က စီးပွားရေးသမားဆိုတော့ စျေးသင်္ဘောဆို တွက်ချေမကိုက်လို့ တွက်ချေကိုက်နိုင်အောင် ပုံစံပြောင်းပြီး ဆောင်ရွက်တာဖြစ်မယ်ထင်ပါတယ်" ဟု ပြည်တွင်းရေကြောင်းကုန်ပို့ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံခြားသား ပြည်ပဧည့်သည်များသည် ရေယာဉ်များပေါ်တွင် လိုက်ပါစီးနင်းပြီး မြစ်ကြောင်း တစ်လျှောက်ရှိ ရှုမြင်ကွင်းများ၊ နေထွက်ချိန်နှင့် နေဝင်ချိန်အလှများကို လိုက်ပါကြည့်ရှုအပန်းဖြေသူ ပိုမိုများပြားလာပြီး ပန်းဆိုးတန်း-ဒလဆိပ်ကမ်းရှိ ပြေးဆွဲနေသော ကူတို့ရေယာဉ်ပေါ်တွင် နေ့စဉ်ပျမ်းမျှ ခရီးသည် တစ်ရာကျော် လိုက်ပါစီးနင်းနိုင်မည်ဖြစ်ကြောင်း လည်း သိရသည်။

စိုးအောင်

vlyjyD&;wjuufp&eftwGuf cGifhjyKcsufrsm;&,lxm;aomvlrsm;/f

မန္တလေး၊ ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီးအတွင်း ဆင်းရဲမှုလျှော့ချနိုင်ရန်နှင့် ပြည်သူများလူမှုစီးပွားရေး ဘဝတိုးတက်လာစေရန် စနစ်ကျသည့် အခွန်ပုံစံပီပီပြင်ပြင်ဖြစ်ပေါ်လာရန် အရေးကြီးကြောင်း ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပသည့် အခွန်နှင့်နိုင်ငံတော် တည်ဆောက်ရေး တွေ့ဆုံဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ဝန်ကြီးချုပ်ဦးရဲမြင့်က ပြောကြားသည်။

စနစ်ကျသည့် အခွန်ပုံစံထွက်ပေါ်လာရေးသည် ပြည်သူလူထုအတွက် စီးပွားရေးအသွင်ကူးပြောင်းမှုတွင်လည်း ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"အခွန်နဲ့ပတ်သတ်ပြီး ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်နိုင်မှ နောက်လာမယ့် အာဆီယံလွတ်လပ်တဲ့ ကုန်သွယ်မှုတွေဝင်လာရင် နိုင်ငံတကာကုမ္ပဏီကြီးတွေရဲ့ နည်းပညာနဲ့ ဝင်ငွေတွေ ရရှိမှာပါ" ဟု ၎င်းက ပြောသည်။

ထို့ကြောင့် အခွန်ထမ်းပြည်သူများအနေဖြင့်လည်း ကျသင့်သည့် အခွန်စံနှုန်းအတိုင်းအတာအတိုင်း ပေးဆောင်ရန်လိုအပ်ပြီး အခွန်အပြည့်အဝဆောင်ခြင်းဖြင့် ပြည်သူများရရှိမည့် အခွင့်အရေးများလည်း ယှဉ်တွဲလျက်ရှိကြောင်း ၎င်းက ပြောသည်။

ထို့ပြင် တစ်ဦးချင်း ဝင်ငွေခွန်ကောက်ခံရရှိမှုအပေါ်တွင် ငါးရာခိုင်နှုန်းအား အခွန်ဦးစီးဌာနမှ တစ်ဆင့် မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခွဲဝေပေးမှုများ လုပ်ဆောင်နေပြီဖြစ်ကြောင်းလည်း တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဝင်းက ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးတွင် လူဦးရေသိန်း ၆၀ ရှိပြီး ဝင်ငွေခွန်ဆောင်သူဦးရေ ၄၉၈၉၂ ရှိ ကာ၊ ကုမ္ပဏီအနေဖြင့် ၂၀၇ ခု ရှိကြောင်းသိရသည်။

အောင်ရဲသွင်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ် ရွှေသမင်ဘုန်းကြီးကျောင်း ကွင်းပြင်၌ ၁၃၇၅ ခုနှစ် တပို့တွဲလ ထမနဲထိုးပြိုင်ပွဲ ကျင်းပရာ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ ၁၅၀၀ ကျော် လာရောက် ကြည့်ရှုအားပေးခဲ့ပြီး မူဆယ်မြို့နယ်အတွင်းရှိ ဌာနပေါင်းစုံ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ စုစုပေါင်း ၃၆ သင်းတို့ဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ သတင်းနှင့်ဓာတ်ပုံ- သုလင်း (ဟံသာမြေ)

uy5000 wefaiGpu&lwbPfwG\ tyfEHaw\GBoi,qnf

မြင်းခြံ၊ ဖေဖော်ဝါရီ ၁၅

မြင်းခြံမြို့ အမှတ် ၇ ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်တွင် ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက ကျပ် ၅၀၀၀ တန် ငွေစက္ကူအတုတွေ့ရှိကြောင်း မြို့နယ် ရဲတပ်ဖွဲ့မှူး(မြင်းခြံ)သို့ ဘဏ်ယာယီတာဝန်ခံက ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားလာ၍ မြင်းခြံမြို့မ ရဲစခန်းမှူး နှင့်အဖွဲ့မှ ဘဏ်သို့ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ဖေဖော်ဝါရီ ၆ ရက် တွင် အသက် ၄၀ နှစ်ရှိ ယာဉ်မောင်း ဦးလှက ၎င်း၏ငွေစုစာအုပ်တွင် ကျပ် ၅၀၀၀ တန် ၈၃ရွက် သွင်းရာ ငွေစက္ကူအတု ၆၉ရွက်တွေ့ရှိသည်။

ကျပ် ၅၀၀၀ တန် ငွေစက္ကူအတုများမှာ အရောင်မှိန်ခြင်း၊ စက္ကူသားပျော့ခြင်း၊ လုံခြုံရေးကြိုး သေသပ်မှုမရှိကြောင်း တွေ့ရှိရခြင်းကြောင့် အဆိုပါ ငွေစက္ကူအတု ၆၉ ရွက်အား ရှာဖွေပုံစံဖြင့် သိမ်းဆည်းထားပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

သတင်းတိုများ

ငွေလုယူထွက်ပြေးသူ အရေးယူ

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက် အကွက်(၂)နေ စိုးမင်းဌေး အား ဖေဖော်ဝါရီ ၇ ရက် ည ၁၂ နာရီခန့်က ခြံဝင်းအတွင်း ဆိုင်ကယ်အား ရပ်၍ဖွင့်စဉ်တောင်မြင့်ရပ်ကွက် အကွက်(၅)နေ မဲလုံးနှင့် ကပ္ပလီတို့နှစ်ဦးက ရိုက်နှက်ပြီး ငွေကျပ် ၃၂၀၀၀၀ လုယူထွက်ပြေးသွားသဖြင့် ပြည်ကြီးတံခွန်မြို့နယ် မြို့မရဲစခန်းသို့ တိုင်ကြားရာ အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

မောင်ပြည်သူ(မန္တလေး)

ဆင်ဆာမဲ့ မြန်မာဇာတ် လမ်းခွေများ ဖမ်းဆီး

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်(၈)ရပ်ကွက် စက်မှုစျေးအတွင်း ဆင်ဆာမဲ့အခွေများ ရောင်းချနေကြောင်း သတင်းအရ ဖေဖော်ဝါရီ ၁၁ ရက်က မြို့မရဲစခန်းမှ ရှာဖွေဖမ်းဆီးရာ (ဆ)ရပ်ကွက်နေ မတင်ဇာလင်းထံမှ ဆင်ဆာမဲ့မြန်မာဇာတ်ကားခွေ ၄၁ ခွေ တွေ့ရှိရာ ရဲစခန်းက ဗီဒီယို အက်ဥ ၃၂(ခ)အရ အမှုဖွင့်ထားကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ (G-40) Deformed Bar (Ø25mm)(3000 Tons)အား ဂိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung)၊မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)အား ၁၉-၂-၂၀၁၄ရက် ၁၂နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းကိုက်ညီသောကုမ္ပဏီများအား ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ပြီး၊ စျေးနှုန်းအဆိုပြုလွှာ (Price Proposal)အား ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် ၁၃း၀၀နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက် ကြေညာရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၁၁၄၁၅၊ ဖက်စ် ၄၁၁၀၈၁



အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီးဝင်းအတွင်းရှိ ခါးရိုးပိုင်းဆိုင်ရာ သုံးထပ်တိုးချဲ့ဆောင်တွင် (၃၃/၀. ၄)ကေဗွီ၊ (၁၀၀၀) ကေဗွီအေ ထရန်စဖော်မာကို 33 KV Circuit Breaker ပါဝင်သော Indoor Type ဓာတ်အားခွဲရုံ (၁)ခု တည်ဆောက်ခြင်းလုပ်ငန်းအတွက် လုပ်ကိုင်ဆောင်ရွက်လိုသူ (ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံသားများ)ထံမှ အိတ်ဖွင့်တင်ဒါများ အလိုရှိပါသည်။

တင်ဒါစတင်လက်ခံမည့်ရက်- ၂၁-၁-၂၀၁၄ ရက်(အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက် - ၁၇-၂-၂၀၁၄ ရက်(သောကြာနေ့)
ညနေ ၄ နာရီတိတိ
တင်ဒါဖွင့်မည့်ရက် - ၁၈-၂-၂၀၁၄ ရက်(အင်္ဂါနေ့) နံနက် ၉ နာရီတိတိ

အိတ်ဖွင့်တင်ဒါပုံစံများအား သတ်မှတ်ကာလ ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းသို့ အရောက်ပေးပို့ရမည်။ တင်ဒါပုံစံ တစ်စုံလျှင် ၁၀၀၀၀ (တစ်သောင်းကျပ် တိတိ) ဖြစ်ပြီး တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါကြောင်း ထပ်မံကြော်ငြာအပ်ပါသည်။

ဆေးရုံအုပ်ကြီး
အရိုးရောဂါအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၂၇၀၈၆



စာမေးပွဲအောင်ပွဲဝင်ယတြာများ

စာမေးပွဲ ဆိုတာပြိုင်ပွဲ တစ်ခုပါပဲ။ အောင်မြင်ရန် ကံတရားလည်း အရေးကြီးပါတယ်။ ဒီအဆိုကိုလက်ခံလျှင် လာခဲ့ပါ။

ဖုန်း-၀၉-၅၀၇၅၈၂၇

မြေညီထပ်ငှားမည်

(၁) ကမာရွတ်၊ စံရိပ်ငြိမ်၊ အင်းစိန်လမ်းမ၊ ပေ(၁၂×၅၀)ထပ်ခိုး၊ ပြင်ပြီး၊
(၂) ကမာရွတ်၊ လှည်းတန်းလမ်းမ ပေ(၁၂. ၅×၅၅) ပြင်ပြီး။

ဖုန်း-၀၉-၈၆၁ ၃၃၈၈

တရုတ်နိုင်ငံသို့ တရားဝင်ဆန်တင်ပို့ခွင့်ရရှိရန် သက်ဆိုင်ရာဌာနများမှ ညှိနှိုင်းဆောင်ရွက်လျက်ရှိနေ

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံမှထွက်ရှိသော ဆန်စပါးများ အိမ်နီးချင်းတရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိစေရန် သက်ဆိုင်ရာဌာနများမှ ညှိနှိုင်းဆောင်ရွက်လျက်ရှိနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"လယ်ဆည်ဝန်ကြီးဌာနက ဆန်စပါးနဲ့ပတ်သက်တဲ့ ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းတွေ နှစ်ဖက်ညှိနှိုင်းမှုတွေက မပြီးသေးဘူး။ အဲဒါတွေပြီးမှ တရားဝင်ဖြစ်မှာ တရားဝင်ပို့ခွင့်ရရင် ကိုယ်ကြိုက်တဲ့ဈေးလည်း ပြောဆိုလို့ရမှာပါ။ လက်ရှိအခြေအနေက တစ်ခါတစ်လေကျရင် ဟိုဘက်ကို ယူသွားပြီးတော့မှ ဒီဘက်ကို ပြန်သယ်လာရတာတွေလည်း ရှိနေတယ်။ တစ်ဖက်ကုန်သည်ရဲ့စိတ်ထားပေါ်မူတည်ပြီး သက်ရောက်မှုတွေ ရှိတာပေါ့" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောကြားသည်။

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်ရှိ ဆန်အရောင်းဆိုင်တစ်ခုတွင် ဝယ်ယူသူတစ်ဦးက ရွေးချယ်ကြည့်ရှုနေစဉ်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် တရားဝင်တင်ပို့နိုင်ခြင်းမရှိသောကြောင့် အရည်အသွေးနှင့်ပတ်သက်၍ အာမခံများ၊ ဈေးနှုန်းအာမခံများမရရှိ၍ နယ်စပ်ကုန်သွယ်ရေးစခန်းများမှသာ တင်ပို့နေရကြောင်း သိရသည်။ နယ်စပ်မှတစ်ဆင့် ဆန်တင်ပို့မှုများမှာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၉၂ သန်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂၄၀ သန်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် နယ်စပ်ဂိတ်များမှ ဆန်တင်ပို့နိုင်ခြင်းမရှိဘဲ ၂၀၁၁- ၁၂ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၁၄၈ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဖေဖော်ဝါရီ ၈ ရက်နေ့အထိ ထိုင်းနယ်စပ်မှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၂၆ သန်းတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ နှစ်စဉ် ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် တစ်သန်းခန့် တင်ပို့လျက်ရှိနေပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဇန်နဝါရီလကုန်အထိ ဆန်တန်ချိန် ၁ ဒသမ ၃ သန်းခန့် ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပြီး ဖြစ်ကြောင်း ဆန်စပါးအသင်းထံမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနည်းတူ ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ရန် လိုအပ်ချက်များရှိနေသေးပြီး ထိုင်းနိုင်ငံမှ ပြည်ပနိုင်ငံများသို့ နှစ်စဉ်ဆန်တန်ချိန် ၁၀ သန်းခန့် တင်ပို့လျက်ရှိပြီး ဗီယက်နမ်နိုင်ငံမှ နှစ်စဉ် ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် ခုနစ်သန်းခန့် တင်ပို့လျက်ရှိနေသည်။

တင်မောင်ဦး

သတင်းတိုများ

ထမနဲထိုးပြိုင်ပွဲကျင်းပဆုများချီးမြှင့်

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ (၁၃)ကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၃ နာရီက ချမ်းအေးသာစံမြို့နယ် ၆၆ လမ်း၊ ၃၀လမ်းနှင့် ၃၁ လမ်းကြား တိုင်းဒေသကြီးရဲတပ်ဖွဲ့များရုံး၌ ကျင်းပရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ဝင်းအောင်နှင့်ဇနီးရဲမှူး(ဦးစီး)နှင့်တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။ ပြိုင်ပွဲတွင် မဟာ အောင်မြေမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်ရဲတပ်ဖွဲ့အသင်းက ပထမ၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ ပုသိမ်ကြီးမြို့နယ်များ အသင်းက ဒုတိယနှင့် တိုင်းဒေသကြီး၊ ခရိုင်ရဲတပ်ဖွဲ့အသင်းက တတိယဆုရရှိကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

မန္တလေးမြို့တွင် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပ

၂၀၁၄ ခုနှစ် ၆၇ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း ရွှေ့ဥပစာတွင်ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးများနှင့် လူမှုရေးအသင်းအဖွဲ့များ အင်အား ၃၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

ရွှေဆွဲကြိုးကောက်ရသူရဲတပ်ဖွဲ့ဝင်မှ ပိုင်ရှင်ထံပေးအပ်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလာသီရိအားကစားကွင်းတွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက်က ၆၇ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပစဉ် အားကစားကွင်းတောင်ဘက်ဝင်ပေါက် လုံခြုံရေးတာဝန်ကျ အမျိုးသမီးရဲတပ်ဖွဲ့ဝင် ရဲတပ်သား ထက်ထက်လွင်မှ ပုလဲလော့ကတ်သီးပါ ရွှေဆွဲကြိုးတစ်ကုံးအား ကောက်ယူရရှိသဖြင့် စုံစမ်းရာ ပိုင်ရှင်မှာ ချမ်းမြသာစည်မြို့နယ် အ. ထ. က ၇ ကျောင်းမှ ဆရာမ ဒေါ်သွယ်သွယ်သန်းဖြစ်ကြောင်း သိရှိရသဖြင့် ရဲတပ်သားထက်ထက်လွင်မှ ၎င်းအား ကောက်ယူရရှိသည့် ရွှေဆွဲကြိုးကို ရိုးသားစွာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်စေတနာ(မန္တလေး)**

မြန်မာ–အိန္ဒိယ နယ်စပ်ဈေးအနီး အလောင်းတွေ့ရှိ

တမူး၊ ဖေဖော်ဝါရီ ၁၅

မြန်မာ-အိန္ဒိယ နယ်စပ်ဖြစ်သည့် တမူးမြို့၊ နန့်ဖာလုံ နယ်စပ်ဈေး၏ မြောက်ဘက်ကိုက် ၅၀၀ အကွာတွင် ဖေဖော်ဝါရီ ၁၀ ရက်က အမည်မသိ အမျိုးသားတစ်ဦးသေဆုံးလျက် တွေ့ရှိရကြောင်းသိရသည်။

သေဆုံးသူ အမျိုးသားမှာ အသက် ၄၀ နှစ်ခန့်ဖြစ်ပြီး ဘယ်ဘက်လက်ဖျံတွင် ဆေးမှင်ကြောင် ရေးထိုးထားသည့်အတွက် မြန်မာနိုင်ငံသားတစ်ဦးဖြစ်နိုင်ကြောင်း မှတ်ချက်ပြုထားသည်။ ထို့နောက် သေဆုံးသူကို မှုခင်းဆေးပညာအရ ဆက်လက်ဆောင်ရွက်နိုင်ရန် တမူးမြို့မရဲစခန်း၏ သေမှုသေခင်း အမှတ်စဉ် ၃/၂၀၁၄ အရ အမှုဖွင့်၍ တမူးပြည်သူ့ဆေးရုံ မှုခင်းဆရာဝန်ကြီးက စစ်ဆေးခဲ့ရာ သေဆုံးသူ၏ ကိုယ်ခန္ဓာနေရာအချို့တွင် ဆေးထိုးအပ်ပေါက်ရာများ တွေ့ရှိခဲ့ရ၍ ၎င်းဖြစ်စဉ်အားဆက်လက်စုံစမ်း နေဆဲဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား**

မန္တလေးတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲ ကျင်းပ

မန္တလေး၊ ဖေဖော်ဝါရီ ၁၅

၁၂ ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်တွင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှ စိုက်ပျိုးရေးဝါသနာရှင်များက အမျိုးအစား ၇၁၁ မျိုး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးရဲမြင့်၊ မန္တလေးမြို့တော်ဝန်စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူတို့ တက်ရောက်ကြသည်။

၁၂ ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲတွင် ပန်းအလှပြပြင်ခြင်းပြိုင်ပွဲ၊ ပန်းအလှပင်ပြိုင်ပွဲ၊ ရာသီပန်းအလှပင်ပြိုင်ပွဲ၊ အရွက်အလှပင်ပြိုင်ပွဲ၊ ပြည်တွင်းသစ်ခွပြိုင်ပွဲ၊ ပြည်ပသစ်ခွပြိုင်ပွဲ၊ နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊ ရှားဇောင်းပင်ပြိုင်ပွဲ၊ သစ်ပင်သက်ကြီးပုပင် (ဘွန်ဆိုင်း) ပြိုင်ပွဲ၊ အသီးပါသည့် အလှပင်ပြိုင်ပွဲ၊ အရွက်ပြိုင်ပွဲ၊ အထုပ်ပြိုင်ပွဲ၊ အသီးပါ အပင်ပြိုင်ပွဲ၊ ဥပြိုင်ပွဲ၊ သစ်သီးပြိုင်ပွဲ၊ အသီးအလုံးလိုက်ပြိုင်ပွဲ၊ အခိုင်လိုက်ပြိုင်ပွဲ၊ အနှံလိုက်ပြိုင်ပွဲ၊ သစ်သီးပုံဖော် အလှဆင်ခြင်းပြိုင်ပွဲများကျင်းပခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲဝင်များကို အကဲဖြတ်ဒိုင်များက စိစစ်ရွေးချယ်ကာ အမျိုးအစားအလိုက် ဆုများချီးမြှင့် ပေးခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

အမည်ပြောင်း

အထက(၁) မြောက်ဥက္ကလာ၊ အဌမတန်း S(2)မှ မအိန္ဒြာကိုကိုအား မစံအိန္ဒြာကိုကိုဟု ပြောင်းလဲခေါ် ပါရန်။

စံအိန္ဒြာကိုကို

မွေးသက္ကရာဇ်အမှန်

ကျွန်တော် ဦးဇော်မင်းဌေး[၇/လပတ(နိုင်)၀၉၉၇၉၉]၏သား မောင်အောင်ခန့်ပိုင်မင်း ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၇-၂၀၀၃ဖြစ်ပါသည်။



အညာမြေတစ်ခွင်မှာ လက်ပံပွင့်နီနီ ပွင့်ဝေစည်

စစ်ကိုင်း ဖေဖော်ဝါရီ ၁၅

အညာဒေသတွင် ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် ရေဝင်ဒေသအင်းအိုင် အနီးအနားတွင် လက်ပံပင်ကြီးများ၊ ပေါက်ပင်ကြီးများ ပေါက်ရောက်တတ်သည်ကိုတွေ့ရသည်။ စစ်ကိုင်း၊ မန္တလေး၊ အင်းဝဒေသတစ်ခွင်တွင် ကြီးမားသောလက်ပံပင်ကြီးများကို တွေ့နေရဆဲဖြစ်သည်။ ရွှေကြက်ယက်ဝန်းကျင်၊ အင်းဝဝန်းကျင်၊ မန္တလေးဒေသဝန်းကျင်၊ စစ်ကိုင်း၊ မင်းကွန်းဝန်းကျင်တွင် ရဲရဲနီအောင် ပွင့်ဝေနေတတ်သော လက်ပံပင်ကြီးများကို အအုပ်အသင်းလိုက် တွေ့ရသည်။ မုံရွာ၊ မြင်းမူ၊ မြောင်၊ ချောင်းဦး၊ ဘုတလင်၊ ယင်းမာပင်စသည့် အညာဒေသတစ်ခွင်တွင်လည်း ရဲရဲနီအောင် ပွင့်ဝေနေသည့် ကြီးမားသော လက်ပံပင်၊ ပေါက်ပင်ကြီးများကို တွေ့မြင်ကြရသည်။ လက်ပံပွင့်ချိန်တွင် ဆက်ရက်ကျေးငှက်သာရကာတို့ တစ်ကောင်နှင့်တစ်ကောင်ဆော့မြူးကြရင်း နင်းခြွေချလိုက်သည့်လက်ပံပွင့်များကလေပြည်လေရူးနှင့်အတူ ပင်ယံထက်မှ ချာချာလည်ကာ ကြွေကျလာတတ်သည်။ ကြွေကျလာသည့် လက်ပံပွင့်ကြွေများကို လက်ပံပင်အောက်မှ စောင့်ကြိုနေကြရင်း တစ်ဦးနှင့်တစ်ဦး အလုအယက် ကောက်ယူကြရသည်ကပင် ပျော်ရွှင်စရာ တစ်မျိုးကောင်းလှသည်။ "လက်ပံပင် ဆက်ရက်ကျ" ဆိုသည့် စကားနှင့်အညီ လက်ပံဝတ်ရည်၊ ဝတ်ဆံများကို အလုအယက် စားသောက်ရင်း ဆူဆူညံညံပျော်ပါးနေတတ်သည့် ဆက်ရက်အုပ်များ၏ အော်မြည်သံများကလည်း စိတ်နှလုံးကို ကြည်နူးပျော်ရွှင်စေပါသည်။

အညာဒေသတွင် လက်ပံပွင့်ကြွေများကို ကောက်ယူစုဆောင်းကာ ဟင်းလျာအဖြစ်ချက်ပြုတ် စားသောက်လေ့ရှိသည်။လက်ပံပွင့်များကိုကောက်ယူကာ ပွင့်ဖတ်များ၊ ပွင့်ဝတ်ဆံများကို ဖယ်ရှားပြီး နေပူတွင် အခြောက်လှမ်းကြသည်။ ခြောက်သွေ့သော အခါ လက်ပံခေါင်းခြောက်များကို မိုးစာ၊ လေစာအဖြစ် သိုလှောင်ထားလေ့ရှိကြသည်။ ကျေးလက်နေပြည်သူများအတွက် မိုးခါလေခါတွင် ဟင်းလျာအဖြစ် ချက်ပြုတ်စားသုံးရလေ့ရှိကြသည့် "တောစာ"တစ်မျိုးဖြစ်ပေသည်။ မြန်မာနိုင်ငံသို့လာရောက်ကြသည့် နိုင်ငံခြားသားဧည့်သည်များသည်လည်း ပင်စည်လှပ၍ရဲရဲနီအောင် ပင်လုံးကျွတ်မျှ ပွင့်ဝေနေသည့် လက်ပံပင်ကြီးများကို တွေ့မြင်ကြလျှင် ဓာတ်ပုံရိုက်ကာ မှတ်တမ်းတင်ကြသည်။ လက်ပံပွင့်ကြွေများကို တပျော်တပါး ကောက်ယူတတ်ကြသည်။ မင်းကွန်း၊ အင်းဝ၊ ရွှေကြက်ယက်၊ အမရပူရ၊ စစ်ကိုင်း၊ မန္တလေးဝန်းကျင်ဒေသမှ ပင်လုံးကျွတ်မျှ ရဲရဲနီပွင့်ဝေနေကြသည့် လက်ပံပင်ကြီးများသည်ကား ခရီးသွားဧည့်သည်များကို မြန်မာပြည်သို့ နောက်တစ်ခါ အလည်ပြန်လာစေချင်ရန် တစ်နည်းတစ်ဖုံဖြင့် ဆွဲဆောင်နေကြပါသည်ဟုဆိုရလျှင် မှားလိမ့်မည်မထင်ပါချေ။

နန္ဒာမင်းလွင်

သတင်းတိုများ

မျက်စိဝေဒနာရှင် ၁၀၀၀ ကျော် အခမဲ့ကုသပြီးစီး

ပခုက္ကူ ဖေဖော်ဝါရီ ၁၅

မေတ္တာအလင်းမျက်စိကုသမှုနှင့် အထွေထွေရောဂါကု ဆေးခန်းမှ အခမဲ့ခွဲစိတ်ကုသရာတွင် မျက်စိဝေဒနာရှင် ၁၀၀၀ကျော်ကုသပြီးဖြစ်ကြောင်းသိရသည်။

'ဖေဖော်ဝါရီအတွင်းက အခမဲ့ခွဲစိတ်ကုသပေးခဲ့ပါတယ်။ ဒါနဲ့ဆိုလေးကြိမ်မြောက်ရှိပါပြီ၊ မျက်စိဝေဒနာရှင် ၁၀၀၀ ကျော်ပါပြီ'ဟု အသင်းသားတစ်ဦးက ပြောသည်။

အဆိုပါဆေးခန်းကို အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ကြီး ဦးဝိစာရဦးစီး၍ စိတ်ထားဖြူစင် ပါရမီရှင်အသင်းကြီးက မတည်ကာ ရှိုင်းဟုတ်ကုမ္ပဏီနှင့် စေတနာရှင်အများကောင်းမှုဖြင့် ကျပ်သိန်း ၆၀၀ ကျော် အကုန်အကျခံကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီ ၅ ရက်မှစတင်ပြီး (အင်္ဂါ၊ သောကြာနေ့တိုင်း) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ အထွေထွေရောဂါများကို ကုသပေးနေကြောင်း အကျိုးဆောင်တစ်ဦးကပြောသည်။ မေတ္တာအလင်းအဖွဲ့သည် ဆရာတော်ဦးဝိစာရ၊ ဆရာတော် ဦးအဂ္ဂဓမ္မ ဦးစီးဦးဆောင်မှုနဲ့ မေတ္တာအလင်းအဖွဲ့သည် (အင်္ဂါ၊ သောကြာ)နေ့များတွင် ဒေါက်တာ ဦးသိန်းထွန်း၊ သူနာပြုဆရာမ ဒေါ်အေးအေးလွင်၊ ဒေါ်ခင်မာဝေတို့မှ အထွေထွေရောဂါများကို အခမဲ့ကုသပေးလျက်ရှိသည်။ မေတ္တာစေတနာကရုဏာ ရှေးရှု၍ လှူဒါန်းလိုပါက ၀၆၂-၂၂၇၀၂၊ ၀၉-၂၃၀၀၇၀၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

နေဦးမောင်(ပခုက္ကူ)

ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

ကျောက်တန်း ဖေဖော်ဝါရီ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီး၏ ခွင့်ပြုရန်ပုံငွေဖြင့် ရပ်ကွက်ကျေးရွာများသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ခွဲဝေချထားပေးမှုအပေါ် ရပ်ကွက်၊ ကျေးရွာများ၏ လုပ်ဆောင်ထားရှိမှုများနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ဖေဖော်ဝါရီ ၁၂ ရက်က ကျောက်တန်းမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးထွန်းလှရွှေနှင့် ဦးမျိုးမြင့်တို့က ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ဒေသခံများနှင့် တွေ့ဆုံရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလှရွှေက မိမိတို့သည် ပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာ ရေး၊ ကျန်းမာရေးစသည်ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာ အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြတောင်းခံလျက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်က ကျေးလက်နေပြည်သူများ လူနေမှုအဆင့်မြင့်မားစေရန်အတွက် လမ်း၊ တံတား၊ ဆေးရုံ၊ ဆေးပေးခန်း၊ ကျောင်း၊ လျှပ်စစ်မီး၊ သောက်သုံးရေစသည့် ကိစ္စရပ်များကို လွှတ်တော်မှ ဒေသဖွံ့ဖြိုးမှု ခွင့်ပြုရန်ပုံငွေ တောင်းခံလျက်ဆောင်ရွက်ပေးနေပါကြောင်း၊ ကျန်ရှိသော ရပ်ကွက်ကျေးရွာများအတွက်လည်း ဆက်လက်ကြိုးပမ်း လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ကျောက်တန်းမြို့နယ် အုပ်ချုပ်ရေးမှူးက ပြည်သူများ၏ တင်ပြမှုများအပေါ် ကဏ္ဍအလိုက်ခွဲ၍ ပထမဦးစားပေး၊ ဒုတိယဦးစားပေး စသည်ဖြင့် ပြေလည်သည်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် လယ်ယာမြေ ပေါင်နှံရောင်းဝယ်မှုနှင့်ပတ်သက်၍ နိုင်ငံတော်မှ ခွင့်ပြုသတ်မှတ်ထားသည့် အစိုးရဘဏ်များမှသာ လယ်ယာမြေထွန်ယက်စိုက်ပျိုးအသုံးပြုရန်အတွက် ပေါင်နှံမိဖို့လိုပါကြောင်း၊ နိုင်ငံတော်မှ ရောင်းဝယ်ရမည်ဖြစ်၍ ငွေရှင်ကြေးရှင်များထံတွင် အတိုးနှုန်းကြီးစွာ မပေါင်နှံမိဖို့လိုကြောင်း၊ နိုင်ငံတော်မှ မိမိတို့အတွက် မေတ္တာရှေ့ထားသကဲ့သို့ မိမိတို့ကလည်း စေတနာရှိရှိ တာဝန်သိသိဖြင့် ဘဏ်ချေးငွေများကို ကျေလည်သည်အထိ ပေးဆပ်သွားကြရန်လိုကြောင်း ကြံပင်၊ ရွာသစ်ကြီး၊ ဝဲကြီး၊ တာပ၊ ဇီးဖြူပင်၊ ကဒပ္ပနနှင့် ဝင်းကြီးကျေးရွာရှိ ဒေသခံပြည်သူများအား ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အောင်ဆွေ(ရွှေတံတား)

သင့်သွေးဖြင့် အသက်ကယ်ပါ



ဖောင်ကြီးသူရ (၁၀) တွေ့ဆုံပွဲဖိတ်ကြားခြင်း

၁၉၇၆-၇၇၊ သူရ (၁၀)သင်တန်းဆင်းသူငယ်ချင်းများတွေ့ဆုံပွဲကို ၄-၃-၂၀၁၄ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး စ စ စ ဓမ္မာရုံဘေးရှိ မူလကမ္ဘာအေးကျောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ၎င်းနေ့ညနေ ၅ နာရီတွင် ဗဟန်းမြို့နယ်၊ တော်လှန်ရေးပန်းခြံရှေ့၊ ဗဟန်းအားကစားကွင်းအတွင်းရှိ M 3 Food Centre တွင် ပြုလုပ်မည့် မိတ်ဆုံစားပွဲကို အနယ်နယ်အရပ်ရပ်မှ ရောင်းရင်းသူငယ်ချင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

တွေ့ဆုံပွဲကျင်းပရေးကော်မတီ

မင်းလှမြို့နယ်ရေနံမော်များသို့ ဒေသအသီးသီးမှ သွားရောက်လုပ်ကိုင်သူများပြား

မကွေး ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ၏ ရေနံသယံဇာတ ပေါကြွယ်ဝသောဒေသများတွင် မကွေးတိုင်းဒေသကြီးသည် အဓိကပါဝင်လျက်ရှိပြီး အထက်မင်းလှမြို့နယ်ရေနံမြေ လက်တူးတွင်းများသည် ရေနံအရည်အသွေး ကောင်းမွန်ပြီး ရေနံအထွက်နှုန်းလည်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။မင်းလှမြို့နယ်အတွင်းရှိ ဒဟက်ပင်၊ ရေနံမ၊ ကြွေကုတင်ရေနံမြေများသည် လက်ရှိအနေအထားတွင် ရေနံအထွက်နှုန်းကောင်းမွန်လျက်ရှိပြီး လယ်ယာလုပ်ငန်းရပ်နားချိန်တွင် ဒေသအသီးသီးမှ စီးပွားရှာရန် ရောက်ရှိလာသူများဖြင့် စည်ကားနေသည်။ ရေနံအထွက်ကောင်းသော ထန်းကိုင်းကျေးရွာရေနံမော်တွင်လည်း ပုဂ္ဂလိကရေနံတူးသူများ၊ သယ်ယူပို့ဆောင်ရောင်းဝယ်သူများ၊ ရေနံတူးပစ္စည်းအရောင်း/အငှားဆိုင်များ၊ အသုံးအဆောင်ပစ္စည်းဆိုင်များ၊ စားသောက်ဆိုင်များဖြင့် စည်ကားလျက်ရှိသည်။

ကျေးရွာမှ သွားရောက်လုပ်ကိုင်သူ ရေနံအလုပ်သမားတစ်ဦးက“ထန်းကိုင်းက ရေနံအထွက်နှုန်းကောင်းတယ် ဆိုပေမယ့် ဒဟက်ပင်လောက်တော့ မကောင်းဘူး။ ဒဟက်ပင်မှာ ပီပါ ၃၀ ကနေ ၄၀ အထိရတဲ့ တွင်းတွေ ရှိတယ်။ ဒါပေမယ့် ဒဟက်ပင်ထက် ထန်းကိုင်းက လူပိုစည်တယ်။ရေနံအရည်အသွေးကလည်းကောင်းပြီး ဈေးလည်းမြောက်နေတော့ ရေနံတူးသူတွေ တွက်ခြေကိုက်ကြတယ်။ ဝါးတားဂျက်တွေက ရောင်းစက်တွေနဲ့ အပြိုင်အဆိုင်တူးကြတယ်။ လာပြီးအလုပ်လုပ်သူတွေလည်းများလာတယ်။ ညဆိုရင် ဆိုင်တန်းတွေ မီးရောင်တွေတစ်ထိန်ထိန်နဲ့ ပွဲတော်ကြီးလိုပဲ” ဟုပြောပြသည်။ ယင်းရေနံမြေများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး လူဦးရေထူထပ်မှုကြောင့် လုပ်ငန်းခွင်မတော်တဆထိခိုက်မှုများ၊ ရာဇဝတ်မှုများနှင့် ကူးစက်ရောဂါဖြစ်ပွားမှုများအတွက် စိုးရိမ်ရကြောင်းသိရသည်။

ဖူးပွင့်နေခြည်(မကွေး)

ဖေဖော်ဝါရီ ၁၃ ရက် ညပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စက်ကုန်းကျေးရွာ အလိုတော်ပြည့် ကျောင်းတိုက်၌ နှစ်စဉ်တပို့တွဲလတိုင်း ကျင်းပမြဲဖြစ်သော ထမနဲလှူဒါန်းပွဲအတွက် အင်တိုက်အားတိုက် ထမနဲထိုးနေကြသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ - ရာမည

သတင်းတို

စိမ့်စမ်းရေသွယ်စနစ်ဖြင့် သောက်သုံးရေဖူလုံလျက်ရှိ

မင်းဘူး ဖေဖော်ဝါရီ ၁၅

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းရှိ ကျေးရွာများသည် တောင်ကုန်း တောင်တန်းများအပေါ် မှီတင်းနေထိုင်ကြသည့် အားလျော်စွာ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိစေရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေး စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ခွင့်ပြုငွေကျပ် သိန်း ၃၀ နှင့်ဒေသခံပြည်သူများ ထည့်ဝင်ငွေများဖြင့် လင်းတဲကျေးရွာတွင် အရှည် ၁၃၀၀၀ ပေ၊ နှစ်လက်မ ရေပိုက်ဖြင့် ကျေးရွာအရောက် ရေသွယ်တန်းခြင်းလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ယခင်က ဝါးလုံးများဖြင့် ရေကို ခက်ခဲစွာ သွယ်တန်းရယူရာမှ ယခုအခါ အိမ်ထောင်တစ်စုချင်းအလိုက် သုည ဒသမ ၅ လက်မ ပိုက်ပျော့များဖြင့် နေအိမ်ပေါ်အရောက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

တင်ထွန်းဦး(IPRD)

မင်းကင်းမြို့နယ် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်

မင်းကင်း ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်အတွင်းရှိ တင်ဘက်-ဦးကြီး-ကျောက်အိုးလမ်းပိုင်း အရှည် ၄ ဒသမ ၂ မိုင်၊ အကျယ် ၃၆ ပေရှိ မြေသားလမ်း ဖောက်လုပ်မှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ကျပ်သန်း၅၀ ဒသမ ၀၂၃ အကုန်အကျခံကာ ဖောက်လုပ်လျက်ရှိသည်။

ယင်းလမ်းဖောက်လုပ်ပေးခြင်းကြောင့် တင်ဘက်ကျေးရွာအုပ်စုနှင့် ကျောင်းကြီးကျေးရွာအုပ်စုတို့ရှိ အိမ်ခြေ ၉၄၄ အိမ်မှ လူဦးရေ ၄၈၂၅ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး မြို့နယ်နှင့် ကျေးလက်များ အကြားကုန်စည်စီးဆင်းမှု လွယ်ကူမည်ဖြစ်သည့်အပြင် ယင်းလမ်းဖောက်လုပ်မှုပြီးစီးပါက အချိန်မရွေး၊ ရာသီမရွေး ကျေးလက်နေ ပြည်သူများအတွက် ဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့လာမည်ဖြစ်သည်။

အဆိုပါ မြေသားလမ်းဖောက်လုပ်မှုအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ကလေးခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ၊ မင်းကင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးအတွက် စစ်ဆေးခဲ့ကြောင်းသိရသည်။

ဂျိုးနက်

ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကျင်းပ

ကျုံပျော် ဖေဖော်ဝါရီ ၁၅

ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရုံးဝင်းအတွင်းတွင် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်နှင့် ၁၂ရက် ညများတွင် ကျင်းပခဲ့ရာ ပြိုင်ပွဲကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် မြို့နယ်ခြင်းလုံးပညာရှင်များ၊ ခြင်းလုံး ဝါသနာရှင်ကြီးများက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ပင်လုံ၊ မြဝတီ၊ အောင်ဆန်း၊ ကြို့ကုန်းစသည့် အသင်းလေးသင်းမှ ပြိုင်ပွဲဝင်အားကစားသမား ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ လာရောက်ကြည့်ရှုအားပေးကြသော ပရိသတ်များကိုလည်း တေးသံသာများဖြင့်ဖျော်ဖြေပေးခဲ့ပြီး မြန်မာ့အနုပညာအဆင့်အတန်း မြင့်မားစေရန်နှင့် လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကာ ပထမဆုရ မြဝတီအသင်းနှင့် ဒုတိယဆုရကြို့ကုန်းအသင်းတို့အား ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ် ပြန်/ဆက်

ဘဏ်၊ ဟိုတယ်၊ စတိုးဆိုင်နေရာ

ရောင်းမည်

၁။ ပေ(၅၅×၇၀)၊ (မ/၃)၊ (ဆေး-၂)
၂။ ပေ(၆၀×၈၀)၊ (ပုဂံ/ညောင်ဦး)
၃။ ၁၀ပေ ဂြိုဟ်တုစလောင်း+စက်
စုံစမ်းရန် ဖုန်း-၀၉-၅၀၁၀၁၉၆

အိမ်ရောင်းမည်

လှိုင်သာယာ၊ အဆင့်မြင့်၊ ပေ(၆၀×၅၀)၊
ကမ္ဘောဇဘဏ်နှင့် မန်းပေါက်စီအနီး။
ဖုန်း-၀၁-၆၈၄၉၇၇၊ ၀၉-၃၁၀၈၃၇၇၇
၀၉-၇၃၀၀၈၁၅၂

လူပျောက်



အမေ အမြန်ပြန်လာပါ။ အပေါ်ပုံ-ဒေါ်သိန်းသိန်းအေးအား တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၂၁၀၀၂၄၄၁
၀၉-၄၃၁၅၉၉၃၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာ၊ တိုက်(အေ)၊ အခန်း(၃၀၃)ကို မူလ အမည်ပေါက်ပိုင်ရှင် ဒေါ်လင်ရှုအီးထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးတင်ကြိုင်[၁၂/စခန(နိုင်)၀၄၈၈၄၃]က ပိုင်ရှင် အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက် နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အင်းတော်မြို့တွင် ကားကြီးဝင်းတည်ဆောက်ရန် မြို့နေပြည်သူများ မျှော်လင့်လျက်ရှိ

အင်းတော် ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့သည် မန္တလေး-ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ်တွင် တည်ရှိသော မြို့ဖြစ်သဖြင့် အင်းတော်မြို့သို့ ဝင်ထွက်ပြေးဆွဲနေကြသော ခရီးသည်ယာဉ်များ၊ ကုန်တင်ယာဉ်များသည် လူစည်ကားရာလမ်းမကြီးဘေးတွင် ဂိတ်ဖွင့်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိရာ မြို့တွင်းလမ်းများ ယာဉ်ကြောကျပ်တည်းမှုရှိပြီး ယာဉ်မတော်တဆမှုများကြုံတွေ့နိုင်သဖြင့် ကားကြီးဝင်းသီးသန့်ထားရှိပြေးဆွဲရန် မြို့နေပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"အင်းတော်မြို့ဟာ မန္တလေး-ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ်မှာရှိပြီး အင်းတော်မှ မြစ်ကြီးနား၊ မန္တလေး၊ မုံရွာ၊ ရေဦး၊ ကသာ၊ ဗန်းမော်၊ ထီးချိုင့်စတဲ့မြို့များသို့ ယာဉ်လိုင်းပေါင်းစုံ နေ့စဉ်ပြေးဆွဲနေပါတယ်။ ဒ့ါအပြင် မြို့နယ်အတွင်း အနီးအဝေးသို့ ပြေးဆွဲနေတဲ့ ယာဉ်လိုင်းတွေလည်း ရှိပါတယ်။ ဒါပေမယ့် ကားကြီးဝင်း မရှိသေးပါဘူး။ ဒါကြောင့် အဝေးပြေးယာဉ်ရပ်နားစခန်း၊ခရီးသည်တင်ယာဉ်ရပ်နားစခန်း၊ ကုန်တင်ယာဉ်ရပ်နားစခန်းတွေကို အမြန်အကောင်အထည်ဖော်ဖို့ လိုအပ်နေပါပြီ"ဟု မြို့ခံတစ်ဦးကပြောသည်။

"ရွှေပြည်အိုး၊ ငွေအိုးမန်း၊ ရွှေခြင်္သေ့၊ ရွှေတောင်ဦး၊ အောင်ရတနာ၊ ခေတ်ကြေးမုံစတဲ့ ယာဉ်လိုင်းတွေက ကားလမ်းဘေးရှိ သင့်တော်ရာနေရာများတွင် ကားဂိတ်ထိုးခြင်း၊ ကုန်တင်ကုန်ချပြုလုပ်ခြင်းများရှိရာ အင်းတော်မြို့တွင် လမ်းတွေကကျဉ်းမြောင်းတဲ့အတွက် ယာဉ်မတော်တဆမှုများ ကြုံတွေ့နိုင်ပါတယ်။ နောက်ပြီး ကားဂိတ်တွေက ကားလမ်းမယာဉ်ကြောနှင့် နီးလွန်းပါတယ်။ ကားကြီးဝင်းတွေ တည်ဆောက်နိုင်ရင် အနေးယာဉ် ဆိုက်ကားများ၊ သုံးဘီးဆိုင်ကယ်များ၊ ထော်လာဂျီစတဲ့ယာဉ်ငယ်တွေ ခေါက်တိုပြေးဆွဲနိုင်မှာဖြစ်တယ်။ ခရီးသည်များလည်း မိမိလိုတဲ့နေရာကို တစ်နေရာတည်းမှာစီးရတဲ့အတွက် ခရီးသွားပြည်သူများအနေဖြင့် ပိုမိုအဆင်ပြေလာမှာဖြစ်ပါတယ်"ဟု ခရီးသွားတစ်ဦးကပြောသည်။

"ကျွန်တော်တို့ အင်းတော်မြို့မှာ ဈေး၊ ရုံး၊ ကျောင်းသွားများနှင့်နေ့စဉ်ရှုပ်ထွေးနေသလို ဆိုင်ကယ်စီးသူများလည်း ပေါပါတယ်။ အနီးအဝေးပြေးဆွဲတဲ့ ယာဉ်လိုင်းပေါင်းစုံက ခရီးသည် အတက်အဆင်း၊ ကုန်တင်ကုန်ချကို လမ်းမကြီးဘေးတွင် ပြုလုပ်ရတဲ့အတွက် အန္တရာယ်ကိုဖိတ်ခေါ်နေသလို ဖြစ်နေပါတယ်။ ကားကြီးဝင်းသီးသန့်ထား မယ်ဆိုရင်တော့ ခရီးသွားများလည်းအဆင်ပြေ ရုံး၊ကျောင်း၊ ဈေးသွားသူများလည်း အန္တရာယ်ကင်းပြီးလိုရာ ခရီးကို စိတ်အေးချမ်းသာစွာနဲ့ သွားနိုင်လိမ့်မယ်" ဟု မြို့ခံတစ်ဦးကပြောခဲ့သည်။

ကိုမင်း(အင်းတော်)

UK ကျောင်းများ၌ နွေရာသီတက်နိုင်သော သင်တန်းများအကြောင်း ဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

UK တွင်ရှိသောကျောင်းများတွင် နွေရာသီ သင်တန်းတက်ရောက်နိုင်မည့် အခွင့်အလမ်းများနှင့် ပတ်သက်၍ ဟောပြောပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီခွဲ၌ ကျင်းပမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီမှ သိရသည်။

အဆိုပါ နွေရာသီသင်တန်းကို UK နိုင်ငံရှိ Discovery Summer, Ellesmere ကောလိပ်နှင့် St.Edmund ကောလိပ်များတွင် တက်ရောက်နိုင်မည်ဖြစ်ပြီးဟောပြောပွဲကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီစာကြည့်တိုက်၌ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

နွေရာသီသင်တန်းသည် အသက်(၇)နှစ်မှ (၁၈)နှစ်ကြား အရွယ်ရှိ ကျောင်းသားများအတွက်ဖြစ်ပြီး သင်တန်းကာလတွင် UK နိုင်ငံ၌ ခေတ္တနေထိုင်၍ အင်္ဂလိပ်ဘာသာစကားကို မိခင်ဘာသာစကားအဖြစ် ပြောဆိုကြသော UK နိုင်ငံရှိ ဆရာများထံမှ သင်ယူရ မည်ဖြစ်သလို သက်တူရွယ်တူရှိသော UK ကျောင်းသားများအပြင် အခြားနိုင်ငံမှ လာရောက်သင်ယူကြမည့် ကျောင်းသားများနှင့်အတူ သင်ယူရမည်ဖြစ်ကြောင်း၊ နွေရာသီပညာသင်ယူမည့် ကျောင်းသားများအတွက် လေ့လာရေး ခရီးစဉ်များ၊ နှစ်သက်ရာ ရွေးချယ်ပါဝင်နိုင်မည့် အားကစားနှင့် အနုပညာ၊ ဘာသာစကားစသည့် ဘာသာရပ်အမျိုးမျိုးကို ရွေးချယ်သင်ယူခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကာလမှာ အနည်းဆုံးရက်သတ္တ နှစ်ပတ်မှ အများဆုံး ခြောက်ပတ်အထိ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကာလ အချိန်ကို မိမိစိတ်ကြိုက်ရွေးချယ် တက်ရောက်နိုင်မည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲတွင် Discovery Summer မှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Mrs. Jane Merrick, St Edmund's College မှ overseas Marketing Manager ဖြစ်သူ Mr.Ross Parson, Ellesmere College မှ Headmaster ဖြစ်သူ Mr.Brendan Wignall တို့က ဟောပြောမည်ဖြစ်ပြီး မြန်မာဘာသာပြန်လည်း ထားရှိပေးသွားမည်ဖြစ်သည်။

UK နိုင်ငံ၏ နွေရာသီကာလမှာ ဇူလိုင်နှင့်ဩဂုတ်လများဖြစ်ကြပြီး ယင်းကာလများ၌ သွားရောက်လည်ပတ်နေထိုင်ရန် သင့်လျော်သည့် ပွင့်လင်းရာသီအချိန်အခါလည်း ဖြစ်ကြောင်း သိရသည်။ **(၆၀၀)**

တောင်တွင်း၃၆ရွာကို ဖွံ့ဖြိုးတိုးတက်စေမည့် ကလေးဝ–မြို့မ–မင်းကင်းလမ်းဖောက်လုပ်

မင်းကင်း ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် တောင်တွင်းဒေသသည် ယခင်က လူသုံးကုန်ပစ္စည်းတစ်ခုခု ဈေးဝယ်မယ်ဆိုလျှင် တောင်တွင်းချောင်မှချောင်းဝ၊ချောင်းဝမှမင်းကင်း သွားရောက်ဝယ်ကြရကြောင်း၊ တောင်တွင်းဒေသကို သယ်ဆောင်ရာမှာလည်း ရေလမ်းအတိုင်းသယ်ဆောင်လာပြီးထိုမှ တစ်ဆင့်ကုန်းလမ်းအတိုင်း နွားလှည်းများ၊ သို့မဟုတ် လူကိုယ်တိုင်ထမ်းကာ အဆင့်ဆင့် သယ်ဆောင်လာကြရသဖြင့် သယ်ယူစရိတ်ကကြီးမားလာပြီး ကုန်ဈေးနှုန်းမြင့်တက်လာပါကြောင်း၊ ကလေးဝ-မြို့မ - မင်းကင်းလမ်းပွင့်လာသည့်အတွက် ဒေသတွင်း ဆက်သွယ် ရေးများ ကောင်းမွန်လာကာ တောင်တွင်း ၃၆ ရွာသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုလာခဲ့ပြီဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါကလေးဝ-မြို့မ-မင်းကင်းလမ်းပိုင်းကို၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်ငွေကျပ်သန်းပေါင်း၂၅၀၀ ဖြင့် စတင်ဖောက်လုပ်ခဲ့ခြင်း ဖြစ်ပြီး ၂၀၁၃- ၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၁၀၀၀ အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မင်းကင်းကို သွားမယ်ဆိုရင် ကလေး-ကလေးဝ-ယာကြီးလမ်းအတိုင်းသွားရပြီး မြို့မရွာမှာ လမ်းခွဲမှာဖြစ်ပါတယ်။ မြို့မကနေမှ တစ်ဆင့် မင်းကင်းကိုသွားရမှာဖြစ်ပြီး မင်းကင်းကိုရောက်ဖို့ ဒေသတွင်းနာမည်ကြီးလှတဲ့ ရွှေသမင်တောင်တန်းကြီးကို ကျော်ရပါတယ်။ ရွှေသမင်တောင်တန်းကြီးက ဘယ်လောက်မြင့်သလဲဆိုရင် တောင်ထိပ်ပေါ်ကနေကြည့်မယ်ဆိုရင် အောက်မှာသွားနေတဲ့ ကားတွေက အရုပ်လေးတွေ သွားနေတာလို့တောင် ထင်စရာရှိပါတယ်။ ဒီလိုတောင်ကြီးကို ကျော်ပြီး မင်းကင်းကို ကားလမ်းနှင့် သွားလို့ရပြီဆိုတော့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကလေးဝ-ယာကြီး လမ်းကြီး ဒီထက်ကောင်းပါစေလို့ အမြဲဆုတောင်းပါတယ်"ဟုဒေသခံတစ်ဦးက ရင်ဖွင့်ပြောပြသည်။

လင်းလက်ကြယ်စင်

သာယာဝတီမြို့နယ်၌ ပညာသင်ထောက်ပံ့ငွေပေးအပ်

သာယာဝတီ ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ရဲတပ်ဖွဲ့ခန်းမ၌ သာယာဝတီမြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့စခန်းများမှ တပ်ဖွဲ့ဝင်သားသမီးများအား ပညာသင်စရိတ်၊ ကျောင်းသုံးကိရိယာများပေးအပ်ပွဲအခမ်းအနား ကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင်က အမှာစကားပြောကြားပြီး သာယာဝတီ မြို့နယ်အတွင်း သာယာဝတီ၊ သုံးဆယ်မြို့၊ မီးနင်းချောင်း၊ ဆန်ရွေးရဲစခန်းများမှ တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေနှင့် ကျောင်းသုံးကိရိယာများ ပေးအပ်ရာတွင် တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်အပါအဝင် အဆင့် လေးဆင့်ခွဲ၍မြို့နယ်တွင်း ရဲစခန်းအသီးသီးမှ တပ်ဖွဲ့ဝင်သားသမီး ၄၈ဦးအား ထောက်ပံ့ငွေကျပ် ၂၁၃၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



ကန့်ကွက်နိုင်ပါသည်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက်၊ (၃)လမ်း၊ တိုက်(၂)၊ အခန်း (၄၀၁)လက်ရှိပိုင်ရှင် ဦးဝင်းကျော် [၁၀/ မလမ(နိုင်)၀၁၇၀၁၁]၏ ယင်းအခန်းပိုင် ဆိုင်မှုစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် ၎င်းအခန်း၏ ပိုင်ဆိုင်မှုအား ဆက်လက်လုပ်ဆောင်မည်ဖြစ်ပါသဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း သက်ဆိုင်ရာရုံးသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-
ယုဇနစင်တာ၊ အမှတ်(၁၃၀)၊ တတိယထပ်
ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်
ဖုန်း-၅၄၀၇၄၇၊ ၅၅၈၉၇၃

ကျန်းမာရေးဆောင်းပါး

သံဓာတ်ချို့တဲ့ခြင်းကို ဖော်ပြတဲ့ လက္ခဏာ(၉)ရပ်

wifkufkufZmf

ပျမ်းမျှအမျိုးသမီး ၁၀ ဦးမှာ ခြောက်ဦးခန့် သံဓာတ်ချို့တဲ့လေ့ရှိကြပြီး နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများတဲ့ အမျိုးသမီးတွေမှာ သံဓာတ်ပိုမိုလိုအပ်နေတယ်လို့ အမေရိကန်နိုင်ငံရှိ the Centers for Disease Control and Prevention မှ ကျွမ်းကျင်သူများက ဆိုပါတယ်။ သံဓာတ်ချို့တဲ့ခြင်း ရှိ မရှိ မိမိကျန်းမာရေး အခြေအနေကို အောက်ပါလက္ခဏာ(၉)ရပ်တို့ဖြင့် စမ်းစစ်နိုင်ပါတယ်။

အလွန်အမင်း မောပန်းခြင်း

ခန္ဓာကိုယ်က သံဓာတ်ကိုအသုံးပြု၍ သွေးကလာပ်စည်းဆဲလ်များထဲရှိ အောက်ဆီဂျင်ကို သယ်ယူပေးတဲ့ သွေးနီ ဓာတ်တစ်မျိုးကို ထုတ်လုပ်ပေးပါတယ်။ သံဓာတ်ချို့တဲ့လာတဲ့အခါမှာ ကျန်းမာသန်စွမ်းတဲ့ သွေးဆဲလ်တွေ အလုံအလောက်မရှိတော့ဘဲ အလွန်အမင်း မောပန်းနွမ်းနယ်လာပါတော့တယ်။

အာရုံစူးစိုက်၍ မရခြင်း

သံဓာတ်ချို့တဲ့လာတဲ့အခါ အာရုံခံအင်္ဂါအဖွဲ့အစည်းတွေ ချို့ယွင်းသွားတာကြောင့် ပုံမှန်လုပ်နေကျ အလုပ်တွေမှာတောင် စိတ်အာရုံစူးစိုက်၍မရတော့ဘဲ တက်တက်ကြွကြွမရှိ၊ စွမ်းဆောင်ရည်တွေ တဖြည်းဖြည်းကျဆင်းလာပါတယ်။

စိတ်ဝင်စားမှု မရှိခြင်း

သံဓာတ် ချို့တဲ့လာခြင်းကြောင့် အာရုံခံအဖွဲ့အစည်းတွေကို ထိခိုက်စေရုံမျှမက စိတ်နှလုံးနောက်ကျိလာကာ မိမိရဲ့ မိသားစု၊ မိတ်ဆွေသူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်တွေ အပေါ်မှာ ယခင်လို စိတ်ဝင်စားမှုမရှိတော့ဘဲ တစ်ဦးတည်း ဘာသိဘာသာနေလို စိတ်ပြင်းပြနေတတ်ပါတယ်။

အသက်ရှူကျပ်ခြင်း

သွေးထဲမှာ သံဓာတ်လုံလောက်မှု မရှိတဲ့အခါ ခန္ဓာကိုယ်က အောက်ဆီဂျင်ကို အလွန်အမင်း တောင့်တလာပြီး အသက်ရှူမဝ မွန်းကျပ်မှုတွေဖြစ်လာပါတယ်။ ပုံမှန်အားကစား လေ့ကျင့်ခန်းလုပ်တဲ့အခါတွေ၊ ပုံမှန်လမ်းလျှောက်တဲ့အခါတွေမှာ သိသိသာသာ အသက်ရှူမဝလာခြင်းဟာ သံဓာတ်ချို့တဲ့နေတဲ့ လက္ခဏာတွေပဲဖြစ်ပါတယ်။

အသားအရေဖြူရော်ရော်ဖြစ်ခြင်း

နှုတ်ခမ်းသား၊ လက်ဖဝါး၊ အောက်မျက်ခမ်းအတွင်းသားတွေမှာ ယခင်နဲ့မတူ ဖြူရော်လာခြင်း၊ လက်ဖဝါး၊ ခြေဖဝါးတွေ အေးစက်ကာ မျက်နှာနဲ့ အသားအရေတွေ ဖြူရော်ရော်ဖြစ်လာခြင်းကလည်း သွေးနီဥပမာဏတွေ ကျဆင်းလာတာကြောင့် သွေးမလျှောက်နိုင်တော့ပါဘူး။

ကြွက်သားတွေနာကျင်ခြင်း

ခန္ဓာကိုယ်ကြွက်သားတွေမှာ သံဓာတ်တွေအားနည်းလာတာကြောင့် ကြွက်သားတွေ ပျော့အိလျော့ရဲလာပြီး တော်ရုံတန်ရုံ ဖိတွန်းမိတာကိုတောင် အထိမခံနိုင်တော့ဘဲ အသားတွေ နာကျင်လာပါတယ်။

ခြေသည်း၊ လက်သည်းတွေကွဲထွက်ခြင်း

ခြေသည်း၊ လက်သည်းအစပ်နားတွေ သူ့အလိုလို တစ်စစီကွဲထွက်ခြင်းက သံဓာတ်ချို့တဲ့ခြင်းရဲ့ လက္ခဏာတစ်ရပ်ဖြစ်ပါတယ်။ အချို့သူတွေမှာ လက်သည်းခွံတွေက အပေါ်ကို ဖောင်းမနေတော့ဘဲ၊ ဇွန်းသဏ္ဍာန် အတွင်းပိုင်းကို ချိုင့်ခွက်ဝင်နေကြပါတယ်။

မကြာခဏဖျားနာခြင်း

အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အလွယ်တကူ ကူးစက်နိုင်တဲ့ အအေးမိ၊ နှာစေး၊ ချောင်းဆိုးစသော ရာသီဖျားတွေကို မကြာခဏ ကူးစက်ခံရခြင်း၊ ခါတိုင်းနဲ့မတူ တော်ရုံတန်ရုံ အအေးခံရရုံမျှနှင့် နှာခေါင်းပိတ်ခြင်းတို့ကလည်း သံဓာတ်ချို့တဲ့ခြင်းကြောင့်ပါပဲ။

ပန်းရောင် (သို့မဟုတ်) အနီရောင် ဆီးသွားခြင်း

သွေးဆုံးပြီး အမျိုးသမီးကြီး ၁၀ ဦးမှာ နှစ်ဦးလောက်က ပန်းရောင် (သို့မဟုတ်)အနီရောင် ဆီးသွားတတ်ပါတယ်။ တချို့အမျိုးသမီးကြီးတွေက လက်ဖက်ရည်ကြမ်းကျကျကဲ့သို့ နီညို

ရောင်ဆီးသွားတတ်ပါတယ်။ အကယ်၍ အနီရောင်ခြယ် စတော်ဘယ်ရီသီးတွေ၊ beet root (ခေါ်) သကြားမုန်လာ (ခေါ်)သွေးနီရောင်အရည်ရွှမ်းတဲ့ မုန်လာဥနီအလုံးတွေကို မစားဖြစ်ဘဲ ဆီးအရောင်က သူ့အလိုလို ပြောင်းသွားခြင်းက သံဓာတ်ချို့တဲ့ခြင်းရဲ့ လက္ခဏာဖြစ်ပါတယ်။

သံဓာတ်ဖြည့်တင်းပေးတဲ့အစားအစာများ

(၁) အမဲအသည်းမှာ သံဓာတ်ပမာဏ ၅ ဒသမ ၈ မီလီဂရမ်အထိ အပြည့်အဝပါရှိပြီး ကျန်းမာရေးကို ထိခိုက်စေမယ့် အဆီနဲ့ ကယ်လိုရီတွေပါဝင်မှု လွန်စွာနည်းပါးပါတယ်။ (၂) အမဲသား(မိုးခိုသား)ထဲမှာ သံဓာတ်ပမာဏ ၂ ဒသမ ၉ မီလီဂရမ်ပါရှိတဲ့အပြင် ကျန်းမာရေးကို အထောက်အကူဖြစ်စေတဲ့ ပရိုတင်း၊ ဗီတာမင်ဘီ-၆၊ ဗီတာမင်စီနှင့် ဗီတာမင်ဒီတို့ ကြွယ်ဝစွာပါရှိပါတယ်။ (၃) အမဲသားမှာ သံဓာတ်ပမာဏ ၁ ဒသမ ၈ မီလီဂရမ်ပါရှိပြီး ခန္ဓာကိုယ်အတွက် မလိုလားအပ်တဲ့ ကိုလက်စထရောတွေကျအောင် ပံ့ပိုးပေးပါတယ်။ (၄) ကြက် (ရင်ပုံသား)ထဲမှာ သံဓာတ် ပမာဏ ၁ ဒသမ ၁ မီလီဂရမ်ပါရှိနေလို့ ခြေလေး ချောင်းသား မစားသူများအဖို့ သံဓာတ် အားဖြည့်စာအဖြစ် ကြက်(ရင်ပုံသား)စားပေးသင့်ပါတယ်**(အရေခွံ မစားပါနှင့်)** (၅) ဆယ်လ်မွန်ငါးထဲမှာ သံဓာတ် ပမာဏ သုည ဒသမ ၇ မီလီဂရမ်ပါရှိပြီး အိုမီဂါ-၃ ဖက်တီးအက်စစ်တွေပါရှိနေတာကြောင့် သွေးခဲပိတ်ဆို့ခြင်းနဲ့ လေဖြတ်ခြင်းတွေ မဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။ (၆) ရွှေဖရုံသီးအစေ့ထဲမှာ သံဓာတ်ပမာဏ ၄ ဒသမ ၂ မီလီဂရမ်ပါရှိပြီး ကျောက် ကပ်ကျောက်တည်ခြင်းမှလည်း ကာကွယ် ပေးပါတယ်။ (၇) ချောကလက်စစ်စစ် အမည်းရောင်ထဲမှာ သံဓာတ် ပမာဏ ၄ ဒသမ ၁ မီလီဂရမ်ပါရှိပြီး သွေးထဲက ကိုလက်စထရောတွေကို ချပေးကာ သွေးအားနည်းခြင်းမှလည်း ကာကွယ်ပေး ပါတယ်။ (၈) စမုန်ဖြူ(အခြောက်)ထဲမှာ သံဓာတ်ပမာဏ ၃ ဒသမ ၇ မီလီဂရမ်ပါရှိပြီး အမျှင်ဓာတ်၊ ဗီတာ မင်အေ၊ ဗီတာမင်စီတို့ပါရှိတဲ့အပြင် ခန္ဓာကိုယ်ကို ဘေးဥပဒ်ဖြစ်စေတဲ့ ကိုလက်စထရော လုံးဝမပါရှိပါဘူး။ (၉) တင်လဲရည်(သကာရည်)ထဲမှာ သံဓာတ်ပမာဏ ၃ ဒသမ ၅ မီလီဂရမ်ပါရှိတဲ့ပြင် ကယ်လ်စီယမ်ဓာတ်တွေ အပြည့်အဝ ပါရှိပါတယ်။ (၁၀) Apricots(ခေါ်)ဆီးသီးခြောက်ထဲမှာ သံဓာတ် ပမာဏ ၃ ဒသမ ၆ မီလီဂရမ်ပါရှိပြီး ခန္ဓာကိုယ်အကျိုးပြု beta carotene၊ အမျှင်ဓာတ်နှင့် အခြားအာဟာရဓာတ်တွေ ပါရှိနေပါတယ်။ (၁၁) ပဲနီကလေးထဲမှာ သံဓာတ် ပမာဏ ၃ ဒမသ ၃ မီလီဂရမ်ပါရှိပြီး မပျော်ဝင်လွယ်သော အမျှင်ဓာတ်တွေပါ ရှိနေတာကြောင့် ဆာလောင်မွတ်သိပ်မှု မဖြစ်စေတော့ဘဲ အဆာခံစေပါတယ်။ (၁၂) အာလူး(ကြီးကြီး)တွေထဲမှာ သံဓာတ် ပမာဏ ၃ ဒသမ ၂ မီလီဂရမ်ပါရှိပြီး အာဟာရသိဒ္ဓိပြည့်ဝတဲ့ အစာဖြစ်ပါတယ်။ (၁၃) ဟင်းနုနယ်ရွက်ထဲမှာ သံဓာတ်ပမာဏ ၃ ဒမသ ၂ မီလီဂရမ်ပါရှိပြီး ကင်ဆာဆဲလ်တွေ ကြီးထွားမှုကို ဟန့်တားပေးနိုင်စွမ်းရှိပါတယ်။ (၁၄) ပဲကတ္တီပါထဲမှာ သံဓာတ်ပမာဏ ၂ ဒသမ ၆ မီလီဂရမ်ပါရှိပြီး ခွန်အားတိုးပွားစေတဲ့ အပြင် နှလုံးရောဂါဖြစ်နိုင်ခြေနည်းပါးအောင် ကူညီပေးပါတယ်။ (၁၅) တိုဟူးထဲမှာ သံဓာတ် ပမာဏ ၂ ဒသမ ၀ မီလီဂရမ်ပါရှိပြီး အာဟာရဓာတ်ပြည့်ဝတာကြောင့် သက်သတ်လွတ်စားသူတွေ မှီဝဲသင့်ပါတယ်။ ရင်သားကင်ဆာဖြစ်ခြင်းမှလည်း ကာကွယ်ပေးပါတယ်။ (၁၆) ပဲထောပတ်ထဲမှာ သံဓာတ် ပမာဏ ၁ ဒသမ ၈ မီလီဂရမ်ပါရှိပြီး ခန္ဓာကိုယ်အကျိုးပြု သတ္တုဓာတ်တွေနှင့် အင်ဇိုင်းတွေ ကြွယ်ဝတဲ့ အစားအစာဖြစ်ပါတယ်။ (၁၇) ဘရိုကိုလီ(ခေါ်)ပန်းဂေါ်ဖီစိမ်းထဲမှာ သံဓာတ် ပမာဏ ၁ ဒသမ ၂ မီလီဂရမ်ပါရှိပြီး အမျှင်ဓာတ်တွေ အမြောက်အမြားပါရှိတာကြောင့် အူမကြီးနဲ့ အစာအိမ်ကင်ဆာတို့ကို မဖြစ်စေအောင် ဟန့်တားပေးပါတယ်။

သတင်းတိုများ

စာအုပ်အသစ်များ လဲလှယ်ပေး

သာကေတ ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းရှိ နံရံကပ်စာပေရေချမ်းစင်များကို သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အတွဲ(၁) အမှတ်(၁)မှ စတင်၍ လစဉ် စာအုပ်အသစ်များ လဲလှယ်ဆောင်ရွက်ပေးခဲ့ရာ ဇန်နဝါရီလမှစတင်၍ အတွဲ (၂) အမှတ် (၁) စာအုပ်အသစ်များ လဲလှယ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ် ပြန်/ဆက်

ကန့်ဘလူမြို့၌ပဋ္ဌာန်းသိမ်းအောင်ပွဲကျင်းပ

ကန့်ဘလူ ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ မဟာစည်ရွှေစည်ကြီးစေတီတော် (၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ငါးရက်တိုင်တိုင် ကျင်းပခဲ့ရာ ဖေဖော်ဝါရီ ၁၁ ရက် မွန်းတည့် ၁၂ နာရီက သာသနာ့ဗိမာန်တော်၌ ပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနားကျင်းပခဲ့သည်။ အခမ်းအနားတွင် တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် သာသနာရေးဝန်ကြီး ဦးတင်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုး/ထောက်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဂေါပကများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အောင်ဝင်းငြိမ်း

ဥတုရာသီ
တောကိုမှီ၏

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌

၂၀၁၄ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၃၉

ကွယ်လွန်သူ ဗိုလ်မှူးကိုကိုလတ်(ငြိမ်း)[၁၃/မပန(နိုင်)၀၀၀၄၆၉]၏
ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ဒေါ်သန္တာလှမြင့် — လျှောက်သူ

အမှတ်-၆(အေ/၂)၊ ရန်ကင်းစင်တာ၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဒေါ်သန္တာလှမြင့်က ကွယ်လွန်သူ ဗိုလ်မှူးကိုကိုလတ်(ငြိမ်း)၏ ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဗိုလ်မှူးကိုကိုလတ်(ငြိမ်း)မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဗိုလ်မှူးကိုကိုလတ်(ငြိမ်း)မှာကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက် (၁၃၇၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်သန္တာလှမြင့်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိုးဟန်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ရောင်းရန်ရှိသည်

၁။ MYJ 90 ချပ်လွှဝိုင်းဆော့ဂျင် ဝါကြိတ်စက်
၂။ 6P-MQ 1250-400 ဂွမ်းသန့်စက်
၃။ GM-141 ဝါစေ့မွှေးတိုချွတ်စက်
၄။ 6MH 1010-11 ဝါလေဖွစက်
၅။ ဟိုက်ဒရောလစ်

TYPE-Y 132 S-4/5.5 KW/11.6A/1440 r/min
Ph:02-5154824, 09-6501608,09-6808176

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၉၊ မြေကွက်အမှတ်-၁၉၇၀၊ မြေကွက်တည်နေရာအမှတ်(၁၉၇၀)၊ ၆၉ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (ဒေါ်ရီရီမြင့်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ရီရီမြင့်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဒေါ်နီနီဝင်း [၁၂/မရက(နိုင်)၀၁၉၃၅၄]မှဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နေ

ဦးအောင်မြင့်(Shwe Myan Pyi Group Ltd)-ဒေါ်ခင်ဖုန်းမြင့် (A& K Jewellery)ဗိုလ်ချုပ်ဈေးတို့၏သားထွေး

မောင်ကျော်ကျော်အောင်

MD (Naing Hein Aung Co.,Ltd)

(Shwe Myan Pyi Group Ltd)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နေ

ဦးစိန်ဝှက်(အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန) (ဥက္ကဋ္ဌ၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်)-ဒေါ်ခင်သန်းထွေး(အလယ်တန်းပြ-ငြိမ်း)တို့၏သမီးထွေး

မဝင့်မှူယာအောင်

B.Sc (Physics)

Senior Flight Attendant (Air Bagan Co.,Ltd)

တို့၏ ၂၇-၁-၂၀၁၄ ရက်(တနင်္လာနေ့)တွင် IBC(International Business Center)ပြည်လမ်း၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)၊ ဂုဏ်သရေရှိ စစ်ဘက်နယ်ဘက်မှ ဆွေမျိုးမိတ်ဆွေများ၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင်၊ မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဒုတိယဗိုလ်မှူးကြီးတင်မောင်လွင်(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့်အေးတို့အားလည်းကောင်း၊ ၉-၂-၂၀၁၄ ရက်(တနင်္ဂနွေနေ့)တွင် Sedona Hotel(Grand Ballroom)၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာညည့်ခံပွဲအခမ်းအနားသို့ မေတ္တာဖြင့် ကြွရောက်ချီးမြှင့်ပေးပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ဇနီးဒေါ်မြင့်မြင့်သိန်း အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် အောင်နဝရတ်တော်ဝင်သဇင်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့်ဇနီး ဒေါ်ဆွေဆွေချစ်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်ဇနီး ဒေါ်သူဇာဝေ အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်းအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)နှင့် ဇနီးဒေါက်တာဒေါ်တင်လင်းမြင့်၊ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ(ငြိမ်း)နှင့်ဇနီး ဒေါ်အေးပြည့်ဝေခင်၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဗိုလ်ချုပ်နေလင်း၏ဇနီး ဒေါ်သန်းသန်းညွန့်၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်ဇနီး ဒေါ်သဥ္ဇာဝင်းစိန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်နှင့်ဇနီး ဒေါ်မေသက်ထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်နှင့်ခင်ပွန်း ဒေါက်တာဦးအောင်ထွဋ်၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေး၊ ကနေဒါနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ လာရောက်ချီးမြှင့်ပေးပါသော ဆွေမျိုး မိတ်သင်္ဂဟများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများအားလည်းကောင်း၊ အလုပ်သင်ဗိုလ်သင်တန်းအမှတ်စဉ်(၅)မှ သူငယ်ချင်းအရာရှိများနှင့်ဇနီးများအားလည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်မှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ နှစ်ဖက်သော ဆွေမျိုးများနှင့်ဂုဏ်သရေရှိ မိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊မင်္ဂလာအခါတော်တေးသီဆိုပေးပါသော နိုင်ငံကျော်တေးသံရှင် စိုးစန္ဒာထွန်းနှင့် အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော မခိုင်မွန်စောမျိုး၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မချောစုစံ၊ မင်္ဂလာသတို့သားအရံ မောင်ဇာနည်မောင်နှင့် မောင်မိုးမင်းဦး၊ မင်္ဂလာသတို့သမီးအရံ မဖူးသစ်နွယ်နှင့် မခင်မြတ်နိုး၊ မင်္ဂလာဝတ်စုံကြိုးကြိုးချိတ်လုံချည်များအတွက် ကူညီဆောင်ရွက်ပေးပါသော သိင်္ဂီရွှေဝါပိုးထည်တိုက်မှ ဦးသောင်းညွန့်နှင့်ဇနီး ဒေါ်သောင်းသောင်း၊ ဆံပင်မိတ်ကပ် အလှပြင်ဆင်ပေးပါသော မိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော မမဇူူ (Zu Zu Collection),Dinner Dress ချုပ်လုပ်ပေးပါသော အေးသူဇာမိသားစု၊ Pre Wedding ဓာတ်ပုံ 7 Pictures၊ မင်္ဂလာညည့်ခံပွဲ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ဝဏ္ဏခွါနီး(Focus Daliy)နှင့်အဖွဲ့၊ လက်မှတ်ရေးထိုးပွဲနှင့် ညစာစားပွဲ၌ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော ဦးအေးခင်(မြန်မာ့သစ်လုပ်ငန်း) နှင့်အဖွဲ့၊ ဖိတ်စာများ ရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ Sedona Hotel နှင့် IBC တို့မှ အထွေထွေမန်နေဂျာများနှင့်ဝန်ထမ်းများ၊ မင်္ဂလာညည့်ခံပွဲအခမ်းအနားသို့ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လိုအပ်ချက် တစ်စုံတစ်ရာရှိခဲ့ပါလျှင် နားလည်ပေးကြပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါကြောင်းနှင့် မင်္ဂလာညည့်ခံပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအား အထူးကျေးဇူးတင်ရှိပါကြောင်း မော်ကွန်းမှတ်တမ်းတင်အပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်

မောင်ကျော်ကျော်အောင်-မဝင့်မှူယာအောင်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၂၀၀၂)၊ အလျားပေ ၄၀ × အနံပေ ၆၀၊ ဗန္ဓုလလမ်းရှိ ဦးနေဝင်း[၁၂/သလန(နိုင်)၀၄၀၉၈၁] အမည်ပေါက် ဂရန်မြေကို အပြီးအပိုင်ဝယ်ရန် စရန်ငွေအချို့ကိုပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားဝင်ကြေညာအပ်ပါသည်။

ဒေါ်မြင့်သိင်္ဂီ ဖုန်း-၀၉-၄၅၀၀၁၄၀၅၆၊ ၀၉-၄၅၀၀၄၀၆၁၃

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဗညားအောင်[၁၀/သဖရ(နိုင်)၁၃၇၂၁၈]၏ ပတ်စပို့ No. M604534 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက Ph:09-255786950 ကို ဆက်သွယ်အကြောင်းကြားပေးပါရန်။

သွေးသည်အသက်

(ပဥ္စမ)အကြိမ်မြောက် ရွှေဓမ္မာစရိယသင်တန်းကြီးဖွင့်မည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်အတွင်းရှိ မင်္ဂလသိရီပရိယတ္တိစာသင်တိုက်ကြီးတွင် ဓမ္မာစရိယတန်းဖြေဆိုမည့် သံဃာတော်များနှင့် သီလရှင်ဆရာလေးများအတွက် ပါရာဇိကဏ်၊ သီလက္ခန်နှင့် ဓမ္မသင်္ဂဏီကျမ်းများကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်မှ ဇွန်လ ၇ ရက်နေ့ထိ ၄၅ ရက်တိုင်တိုင် သင်ကြားပို့ချမည်ဖြစ်ပါ၍ သင်တန်းတက်ရောက်လိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြပါသည်။

ပါရာဇိကဏ်ကျမ်းကို	-	ဘဒ္ဒန္တဉာဏိက(ပေါက်စေတီ)
	-	ဘဒ္ဒန္တအဂ္ဂသာရာဘိဝံသ
သီလက္ခန်ကျမ်းကို	-	ဘဒ္ဒန္တစန္ဒာသိရီဘိဝံသ
ဓမ္မသင်္ဂဏီကျမ်းကို	-	ဘဒ္ဒန္တကုန္ဒာစက္က

ဖုန်း-၀၁-၆၄၅၆၅၅(လိုင်းခွဲ-၈၀၁)၊ ၀၉-၄၉၇၆၇၃၃၇၊ ၀၉-၅၀၆၈၈၆၂၊ ၀၉-၄၅၀၀၁၅၉၉၃

ငွေရတုမင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ **ဦးဇော်လင်း**[MD၊ နန်းထိုက်အောင်(မြင်းခြံ) မြေပဲဆီသန့်၊ Director ထူးသစ်အစာတောင့်စက်ရုံ]နှင့် ချစ်မေမေ **ဒေါ်နီနီလှိုင်**တို့၏ ၁၆-၂-၂၀၁၄ ရက်တွင် ကျရောက်သည့် (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သား၊ ချစ်သမီးတို့နှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် လောကီ၊ လောကုတ္တရာကောင်းကျိုးအဖြာဖြာကို သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီး - မခိုင်မွန်ဇော် B.C.Sc(Hons:)

သား - မောင်ဖြိုးပိုင်လင်း B.Sc(Zoo)

နန်းထိုက်အောင်(မြင်းခြံ) မြေပဲဆီသန့်

စီးပွားရေး / လူမှုရေး ကြော်ငြာ

မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲခြင်း

WISE College ၏ abe Higher Diploma (part -1)

(29.1.2014)

WISE College's Students Council Members

မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲခြင်း

WISE College ၏ abe Higher Diploma (part -1)

(29.1.2014)

WISE College's

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးရဲမြင့် (ဦးဗိုလ်ရဲ) (၅၈ နှစ်) (သာဂရမြို့)

A.G.T.I (Civil) (ချောက်)

ဝမ်းနည်းကြေကွဲခြင်း

ဦးပြည်စိုး

အသက်(၆၀)

ဒေါ်ထိုက်ထိုက်ဖြိုး၏ ချစ်လှစွာသောခင်ပွန်း ဦးပြည်စိုး အသက်(၆၀)သည် ၁၃-၂-၂၀၁၄ရက်တွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဟိတသုခအသင်း

မိသားစု

ဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ်(၅၃၃၉)၊ အခန်း(၁၂)နေ ဒေါ်အိရွှေစင်(စိုက်ပျိုးရေးဦးစီးဌာန၊ ငွေစာရင်းဌာနခွဲ)၏ ခင်ပွန်း၊ မောင်ဥက္ကါမင်း အထက(၁၁)၊ မောင်တေဇကျော်တို့၏ ဖခင် ဦးကျော်သူရ (အသက်-၄၂)နှစ် (စိုက်ပျိုးရေးဦးစီးဌာန)သည် ၁၃-၂-၂၀၁၄ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
ငွေစာရင်းဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ်(၅၃၃၉)၊ အခန်း(၁၂)နေ ဒေါ်အိရွှေစင်(စိုက်ပျိုးရေးဦးစီးဌာန)၏ ခင်ပွန်း၊ မောင်ဥက္ကါမင်း အထက(၁၁)၊ မောင်တေဇကျော်တို့၏ ဖခင် ဦးကျော်သူရ (အသက်-၄၂)နှစ် (စိုက်ပျိုးရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲ) သည် ၁၃-၂-၂၀၁၄ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
စီမံခန့်ခွဲရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

ဦးရဲမြင့်(ဦးဗိုလ်ရဲ)

အသက်(၅၈)နှစ်

(သာဂရမြို့)

A.G.T.I(Civil) (ချောက်)

အတွင်းရေးမှူး၊ ရေတာရှည်မြို့နယ်အသင်း

(ဦးကျော်ငြိမ်း-ဒေါ်စိမ်းမြ)တို့သား၊ (ဦးစိန်ထွန်း-ဒေါ်အေးသန်း)တို့၏ သားသမက်၊ ဦးကြည်ရှိန်(Professional Co.,Ltd)-ဒေါ်မြမြဆွေ၊ ဗိုလ်ကြီးသူရိန်(ငြိမ်း)-ဒေါ်မူမူ(မန္တလေး)၊ (ဦးတင်ဝင်း)-ဒေါ်စန်းမြင့်(ကျောင်းအုပ်-ငြိမ်း)၊ ဦးအေးကြူ ဒုတိယဝန်ကြီး-ငြိမ်း၊ ပညာရေး-ဒေါ်စိန်းစိန်ဌေး၊ ဒေါ်ဝေဝေမြင့်၊ လယ်/ပြ (အထက-၂၊ ဒဂုံ)တို့၏ ညီ/မောင်၊ ကိုသက်ဇော်ဦး-မသီတာဦး၊ ကိုဇော်မင်းသူ-မနွယ်နီအောင်(အလက-သာဂရ)၊ ကိုအောင်ကျော်ဇော- မအေးမွန်ဝင်း(ခေတ္တ-USA)၊ မမေပွင့်ကြူ(ခေတ္တ-Japan)၊ ဒေါက်တာမျိုးကိုကိုဇော်(ဆေးသိပ္ပံ၊ နေပြည်တော်)-မဇွန်ပွင့်ကြူ (Inha University, South Korea)၊ ကိုအောင်စွမ်းပြည့်(Professional Co.,Ltd)-မဝေနွယ်ထွန်း၊ ကိုဟန်ထက်ရှိန်(MD,ပြည့်ဖြိုးဒီပါ Co., Ltd)၊ မထက်အင်ကြင်းခိုင်၊ မောင်ဇော်ငြိမ်းချမ်း၊ ဒေါက်တာရဲဝင့်သူ(Five Golden Fishes Co.,Ltd)၊ ဗိုလ်ကြီးသန့်ဇင်(စစ်ရုံး၊ နေပြည်တော်)-မငုဝါ၊ ကိုမိုးထက်ကျော်(Oscar)-မမြပွင့်ဖြူ တို့၏ ဦးလေးသည်၁၃-၂-၂၀၁၄ ရက်(ကြာသပတေးနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးရဲမြင့်(ဦးဗိုလ်ရဲ)

အသက်(၅၈)နှစ်

(သာဂရမြို့)

A.G.T.I(Civil) (ချောက်)

အတွင်းရေးမှူး၊ ရေတာရှည်မြို့နယ်အသင်း

(ဦးကျော်ငြိမ်း-ဒေါ်စိမ်းမြ)တို့သား၊ (ဦးစိန်ထွန်း-ဒေါ်အေးသန်း)တို့၏ သားသမက်၊ ဦးကြည်ရှိန်(Professional Co.,Ltd)-ဒေါ်မြမြဆွေ၊ ဗိုလ်ကြီးသူရိန်(ငြိမ်း)-ဒေါ်မူမူ(မန္တလေး)၊ (ဦးတင်ဝင်း)-ဒေါ်စန်းမြင့်(ကျောင်းအုပ်-ငြိမ်း)၊ ဦးအေးကြူ ဒုတိယဝန်ကြီး-ငြိမ်း၊ ပညာရေး-ဒေါ်စိန်စိန်ဌေး၊ ဒေါ်ဝေဝေမြင့်၊ လယ်/ပြ (အထက-၂၊ ဒဂုံ)တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သံလျင်တံတား အိမ်ရာဝင်း၊ တမာလမ်း၊ အမှတ်(၈၄)နေ ဒေါ်ရင်ရင်နွဲ့ ထက်/ပြ(အထက-၂၊ ဒဂုံ)၏ ခင်ပွန်း၊ ဗိုလ်ကြီးရဲလှိုင်ဘွား(တပ်မတော်ဆေးတက္ကသိုလ်)၊ မနေခြည်ဗိုလ်(ခေတ္တ-Japan)၊ ဒေါက်တာရည်မွန်သိမ့်(နေပြည်တော်ဆေးရုံ-ခုတင်-၁၀၀၀)၊ ဒေါက်တာမြတ်စုမွန်၊ မမေသီဗိုလ်(Ancona Solutions)တို့၏ဖခင်သည် ၁၃-၂-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

(၁)နှစ်ပြည့်အလွမ်း

ကပ္ပတိန် ကိုဝင်းကြည်

၁မိနစ် ၁စက္ကန့် ၁နာရီ မေ့မရသော် ကျေးဇူးရှင် ခင်ပွန်းကိုဝင်းကြည်အား ရည်စူး၍ ရဟန်းသံဃာများကို လျှုဖွယ်ဝတ္ထု အစုစုနှင့် ဆွမ်းကပ်၍ ကုသိုလ်ပြုလုပ်ပေးပါသည်။ ရောက်ရာ ဘုံဘဝမှ ကုသိုလ်အမျှ ပေးဝေပါသည်။ အမျှ-အမျှ-အမျှ

ဖေဖေ-ဦးအောင်သူနှင့်မောင်နှမများ
ဇနီး-စိုးစိုး
သားကြီး-မောင်ထက်ကောင်း၊ သားငယ်-တိုးဦးဝေယံ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁အင်န်၊ မြေကွက်အမှတ် ပဉ္စမတန်းစား-၁၄၀၊ မြေကွက်တည်နေရာအမှတ်-၁၉၁၊၁၉၃၊ ဗိုလ်မင်းရောင်လမ်း၊မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (N.C Mani)အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် N.C Mani ကွယ်လွန်သဖြင့် ဒေါ်ခင်စန်းမြင့်[၁၂/မဂတ(နိုင်)၀၆၃၅၀၇]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အမှတ်(၆၂၇) ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၆၂၇)၊ မခွဲစိတ်ရသေးသော အလျား(၆၅/၃၁×၅၀)ရှိ ဦးခင်စိုး အမည်ပေါက်နှစ်(၆၀)မြေငှားဂရန် မြေကွက်အနက်မှ အလျားပေ(၅၀)အနံပေ(၂၀)ရှိ မြေနှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းစာချုပ် အဆင့်ဆင့်ဖြင့် လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဒေါ်ရန်ယိုချင်း[၁၃/လရန(နိုင်)၀၈၅၁၆၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိပြီး (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ပိုပိုဟန်(အထက်တန်းရှေ့နေ)
(LL.B)စဉ်-၃၀၂၈၇

ဦးရဲမင်းစိုး တရားလွှတ်တော်ရှေ့နေ(၅၁၁၁)
LL.B,DBL,DIL,DML,CPT,CJT,CELPUC (YUFL) CBDS (MOFA)

အမှတ်(၂၆၂)၊ပင်းယ(၁၁)လမ်း၊(၅)ရပ်ကွက်၊တ/ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၅၆၀၅၂၃၊ ၀၉-၇၃၁၅၁၀၁၈၊ ၀၉-၂၅၀၅၀၃၅၇၂

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရန်ပြေရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၃)အမည်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၃၁)၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ထားရှိပြီး ပိုင်ဆိုင်၍ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးနိုင်[၁၂/ဒပန(နိုင်)၀၀၀၅၉၁] ကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အိမ်ခြံမြေအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**(လွှဲအပ်ညွှန်ကြားချက်အရ)**

ဒေါ်ကေသီဖြိုးကျော်(အထက်တန်းရှေ့နေ)
(LL.B,D.B.L,D.M.L, Diploma in English)
အထက်တန်းရှေ့နေ(စဉ်-၃၉၉၃၉)
အမှတ်(၅၄)၊ မင်္ဂလာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၇၀၈၆၀၊ ၀၉-၇၃၁၈၉၃၅၂

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ဒေါ်ခင်ဆွေမြင့် (LL.B)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်-၈ခ/၅၃၅၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅CG၊ မြေကွက်အမှတ်-၁၅၈၈၊ မြေကွက်တည်နေရာအမှတ်(၂၈)၊ ရတနာလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ (ဦးစန်းအောင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ခင်ပွန်း) ဦးစန်းအောင် ကွယ်လွန်သဖြင့်ဒေါ်ထွေး[၁၂/ဗဟန(နိုင်)၀၅၆၇၀၅]က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အများသိစေရန်

ဦးမောင်မောင်သန်း[၁၂/ကတတ(နိုင်)၀၁၆၆၂၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ဦးမောင်မောင်သန်း၏ဇနီး အဖ-ဦးဇော်ဝင်း၏သမီးဖြစ်သူ မလဲ့လဲ့မော်[၈/ရစက(နိုင်)၂၀၃၁၈၁]ကိုင်ဆောင်သူနှင့် သမီးဖြစ်သူ အေးရန့်မောင်တို့အား ပခုက္ကူ သီဟိုဠ်ရှင်ဘုရားအနီးနားနေ မိခင်ဒေါ်ဝင်းနွဲ့နှင့် ခင်ပွန်းဖြစ်သူ ဦးသိန်းဇော်တို့မှ အလည်ခေါ်ယူထားပြီးနောက် ဇနီးဖြစ်သူ မလဲ့လဲ့မော်နှင့် သမီးဖြစ်သူ အေးရန့်မောင်တို့အား အဆက်အသွယ်ပြု၍ မရတော့ပါ။ သို့ပါ၍ မလဲ့လဲ့မော်နှင့် မအေးရန့်မောင်တို့အား လက်ခံထားသူများမှ ဦးမောင်မောင်သန်းထံ(၃)ရက်အတွင်း အမြန်ပြန်လည်ပို့အပ်ရန်နှင့် ပို့အပ်ခြင်းမပြုပါက ဥပဒေနှင့်အညီ တာဝန်ရှိသူများကို တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးမောင်မောင်သန်း
[၁၂/ကတတ(နိုင်)၀၁၆၆၂၃]

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမြသွေး
(ဥပဒေအကျိုးဆောင်ရှေ့နေ)(စဉ်-၂၁၅၆၉)

အမှတ်-၅၈၊ တတိယထပ်၊ အခန်း(၃)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၄၉၅၁၉၊ ၀၁-၂၆၈၂၆၃

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော တိုက်ခန်းနှင့် ဌာနမှုယာယီမြေရှင်အဖြစ် ဆောင်ရွက်ခဲ့သော တိုက်ခန်းအား လက်ရှိအမည်ပေါက် ကန်ထရိုက်တာထံမှ တစ်ဆင့်ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်ခင်လှ [၁၃/လရန(ဧည့်)၀၀၀၀၈၅](မှ) ဒေါ်သန်းကြွယ် [၅/ရဘန(နိုင်)၁၂၀၉၀၁](မှ)	ဦးမြင့်ဦး [၁၂/ပဘတ(နိုင်)၀၂၄၀၆၇]	အမှတ်(၃၁၉)၊ အခန်းအမှတ်(၈) တတိယထပ်၊ အနော်ရထာလမ်း၊ ပန်းဘဲတန်း
၂။	ဒေါ်မြသိန်း (ISN-၀၆၈၈၈၉)(မှ) ဒေါ်ပြုံးပြုံးချို [၁၂/လမန(နိုင်)၁၁၃၃၈၁](မှ)	ဦးဇော်ဝင်း [၁၂/လမန(နိုင်)၀၀၇၉၇၂]	တိုက်အမှတ်(၆)၊ အခန်းအမှတ် (၁၄)၊ လှိုင်ရတနာအိမ်ရာ၊ လှိုင်
၃။	ဦးမျိုးမင်းထွန်း [၁၂/ပဘတ(နိုင်)၀၁၈၅၂၇](မှ)	ဒေါ်ခင်သန်းအိ [၁၂/လကန(နိုင်)၁၂၁၅၈၇]	တိုက်အမှတ်(၄)၊ အခန်းအမှတ် (၁၇)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်
၄။	ဒေါ်စန္ဒာဦး [၁၂/ကမတ(နိုင်)၀၄၆၂၈၂](မှ)	ဒေါ်စန္ဒာလင်း [၁၂/ကမတ(နိုင်)၀၅၆၀၄၀]	တိုက်အမှတ်(၄)၊ အခန်းအမှတ်(၂) ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်
၅။	ကန်ထရိုက်တာ ဦးအောင်မြင့် K/RGN ၀၂၅၁၇၂(မှ) ဒေါ်လေးကြူ [၁၂/ပဘတ(နိုင်)၀၂၂၄၄၆] ဒေါ်မြအေး [၁၂/လသန(ဧည့်)၀၀၁၀၈၀] ဒေါ်ခင်စိန် [၇/ပမန(နိုင်)၀၄၀၈၀၁](မှ)	ဒေါ်ဇင်သူသူဝင်း [၁၂/ပဘတ(နိုင်)၀၃၂၀၂၁]	အမှတ်(၁၅၀)၊ မြေညီထပ်(ဝဲစွန်) ၂၆လမ်း၊ ပန်းဘဲတန်း
၆။	ဦးသိန်းဟန် LTA ၀၄၁၇၇(ကစ) ဦးနိုင်မိုး [၁၂/လမတ(နိုင်)၀၁၁၇၅၄](မှ)	ဒေါ်စောစောမေ [၃/မဝတ(နိုင်)၀၁၀၃၂၄]	အမှတ်(၆၂၀)၊ ၅ လွှာ မဟာဗန္ဓုလလမ်း၊ လသာ
၇။	ဦးမြတ်မင်း(အုပ်ချုပ်မှုဒါရိုက်တာ) မြန်မာ့အလှဆောက်လုပ်ရေး(မှ) ဦးတင်မြင့် [၁၂/ဒလန(နိုင်)၀၃၁၂၅၇](မှ) ဦးထွန်းငြိမ်း [၁၂/မဂတ(နိုင်)၀၇၈၃၇၅](မှ)	ဒေါ်သန်းသန်းဌေး [၁၄/ဘကလ(ပြု)၀၀၀၀၃၉]	အမှတ်(၆၃၇/၆၅၁)၊ အခန်း အမှတ်(၃၀၅)၊ တတိယထပ်၊ ကုန်သည်လမ်း၊ ပန်းဘဲတန်း
၈။	ဦးတင်ကြည်(ကွယ်လွန်) [၁၂/ကမတ(နိုင်)၀၄၃၉၅၀](ကစ) ဒေါ်ခင်ခင်နွယ် [၁၂/ကမတ(နိုင်)၀၀၅၈၉၇](မှ)	ဦးမင်းထွန်းဝင်း [၁၂/ဗဟန(နိုင်)၀၇၄၆၁၃]	တိုက်အမှတ်(၅)၊ အခန်းအမှတ် (၄၃)၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်
၉။	ဦးနှင်းဖေ AG ၃၂၂၅၀၄ ဦးကျော်ကျော်ထွေး [၁၂/မဂတ(နိုင်)၀၆၃၁၇၂](မှ) ဦးစိန်ဝင်း [၁၂/မဂဒ(နိုင်)၀၃၄၂၈၅](မှ)	ဒေါ်ဥမ္မာ [၁၂/မဂတ(နိုင်)၀၄၈၈၈၄]	အမှတ်(၅၄)၊ အခန်းအမှတ်(၄)၊ ပထမထပ်(ယာ)၊ ၈၇လမ်း၊ မင်္ဂလာတောင်ညွန့်
၁၀။	ဦးစံနီသွင် [၁၂/လမတ(နိုင်)၀၀၅၁၇၆] ပင်လုံထိပ်ထားကုမ္ပဏီလီမိတက်(မှ)	ဒေါ်အေးအေးရီ [၁၂/လသန(နိုင်)၀၀၄၄၃၅]	အမှတ်(၈၇/၉၁)၊ အခန်းအမှတ် (၁၀၃)၊ ၁၉လမ်း၊ လသာ
၁၁။	ဦးအာဟာမောက်ဒူး [၁၂/လမန(နိုင်)၁၁၃၉၆၄](မှ) ဦးမျိုးအောင် [၁၂/လမန(နိုင်)၁၅၁၃၁၅](မှ)	ဒေါ်အေးအေးဝင်း [၁၂/အစန(နိုင်)၀၁၂၉၅၂]	တိုက်အမှတ်(၆)၊ အခန်းအမှတ်(၄၉)၊ လှိုင်ရတနာအိမ်ရာ၊ လှိုင်

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မှတ်ပုံတင်အမှတ်[၁၂/ဒဂတ(နိုင်)၀၅၂၉၇၆]ကိုင်ဆောင်သူ မောင်ဝင်းဌေး(ခ)ချာတောသည် မိဘဆိုဆုံးမစကားကို နားမထောင်ပါသဖြင့် လွှဲပြောင်းပေးထားသော အမွေအားပြန်လည် ရုပ်သိမ်းပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန် မယူပါ။

ဦးကြီးမောင်
အမှတ်-၁၃၂၇၊ ရွှေဥဒေါင်းလမ်း၊ ၁၀၄ ရပ်ကွက်၊ ဒဂုံတောင်

ကျေးဇူးတင်ရှိခြင်း
ဒေါ်ခင်သိန်း(ကွမ်းခြံကုန်း)
အသက်(၈၂)နှစ်

၁၂-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသော ဒေါ်ခင်သိန်း နာမကျန်းဖြစ်နေစဉ် ဂရုတစိုက် ကုသစောင့်ရှောက်မှုပေးကြသော မြောက်ဥက္ကလာပ ရွှေလမင်းဆေးရုံမှ ဆရာဝန်၊ ဆရာမ၊ သူနာပြုနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကွယ်လွန်ချိန်တွင် အစစအရာရာ အားပေးကူညီကြသူဆွေမျိုးသားချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ သတင်းစာနှင့် စာပေလောကမှ မိတ်ဟောင်း၊ ဆွေဟောင်း၊ မိတ်သစ်၊ ဆွေသစ်များ၊ နာရေးကိစ္စတွင် အစအဆုံးကူညီဆောင်ရွက်ပေးသော ကြေးမုံသတင်းစာတိုက်မန်နေဂျာနှင့် ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း(သင်္ဃန်းကျွန်း)မှ ဒေါ်ဌေးဌေးနိုင်နှင့် ဝန်ထမ်းများ၊ လူကိုယ်တိုင် လိုက်ပါမပို့ဆောင်နိုင်သော်လည်း အဝေးမှဖုန်းဖြင့်လည်းကောင်း၊ လှူဒါန်းမှုဖြင့်လည်းကောင်း ဖေးမကူညီကြသော မိတ်ဆွေများ အားလုံးကို လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးစိန်(ခ)ဂူလာမ်ဟူစိန်
အသက်(၉၄)နှစ်
(မောလိပ်ရပ်ကွက်၊ စစ်တွေ)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ သာဘန်းလမ်းနေ ဦးအဒူအာဇိတ်-ဒေါ်ဒေါ်ဒါနတို့၏သား၊ ဒေါ်သိန်းတန်၏ခင်ပွန်း၊ သား/သမီး ကိုးယောက်တို့၏ ဖခင်၊ မြေး ၃၀၊ မြစ်ခုနစ်ယောက်တို့၏ အဘိုးသည် ၁၅-၂-၂၀၁၄(စနေနေ့) မွန်းလွဲ ၁း၅၀နာရီတွင် စစ်တွေမြို့ နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အစွန်နမာဇ်အပြီး မှန်စီကဘာရ်စတန်၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်အေးသန့်
အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၁)၊ (၂၄)လမ်း၊ လသာမြို့နယ်နေ (ဦးချူးဝါး-ဒေါ်စိန်ရီ)တို့၏သမီး၊ ဝါးခယ်မမြို့နေ (ဦးဘိုရွှေ-ဒေါ်အေးမြ)တို့၏ သမီးချွေးမ၊ (ဦးဗျန်စိန်-ဒေါ်ရှုကြည်)တို့၏ညီမ၊ (ဦးကြည်တင်)၏ဇနီး၊ ဒေါ်လီလီတင်၊ ဒေါ်သိန်းဝင်း၊ ဒေါ်မြမြအေး၊ ဒေါ်စီစီသိန်း၊ ဒေါ်ဥမ္မာသင်းတို့၏မိခင်သည် ၁၄-၂-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
သိက္ခာတော်ရ ဆရာမကြီး
ဒေါ်ခင်ခင်(ခ) DAW RACHEL
အသက်(၈၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်နေ (ဦးမောင်ပု-ဒေါ်မြမေ)တို့၏ သမီး၊ (ဦးမောင်ပါ)၏ဇနီး၊ ဦးစန်းဝင်း-ဒေါ်စုစုခင်တို့၏မိခင်၊ ကိုကျော်သူဝင်း-မမြင့်စောစန္ဒီ၊ ကိုမျိုးမင်းဦး-မခင်ချိုဝင်း၊ ကိုအောင်သူဝင်း-မသီရိစိုး၊ မထက်စုဖြိုးနိုင်တို့၏အဘွား၊မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၁၄-၂-၂၀၁၄ရက် ည ၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆-၂-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဘုရားဝတ်ပြုကိုးကွယ်ပြီး မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးညွန့်ဝင်း
အသက် (၄၇)နှစ်
B.Sc(Match)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၊ အမှတ်(၂၅)၊ လေးလွှာနေ ဦးကံထွန်း-ဒေါ်စမ်းတို့၏သား၊ ဦးမြသိန်းထွန်း-ဒေါ်မြမြသန်း၊ (ဦးကြည်လွင်)-ဒေါ်ညွန့်ညွန့်ဝေ၊ ဒေါ်အေးအေးချိုတို့၏ မောင်၊ ဦးအောင်မိုးကျော်၊ ဒေါ်နီလာထွန်းတို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ချစ်လှစွာသော ဦးလေးသည် ၁၄-၂-၂၀၁၄(သောကြာနေ့) နံနက် ၉း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမုချွေအေး (၆၈)နှစ်
(မိုးကုတ်)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၆၀)၊ တိုက် (C)၊ အခန်း (5-A)၊ ကံ့ကော်အိမ်ရာနေ ကိုချောက်-မခင်အေး၊ (ကိုအောင်ဇော်လတ်)-မမြအေး၊ ကိုစန်းယု-မခင်စန္ဒာလတ်၊ ကိုဂျိန်း-မသန္တာလတ်၊ ကိုပေါက်ထန်-မစိမ်းငယ်၊ ကိုမောင်အေး-မမီးမီး၊ ကိုငယ်လေး-မဝင်းစန္ဒာ၊ ကိုဇော်ဟိန်းအောင်-မမျိုးမျိုးအေး၊ ကိုအာဆာ-မနှောင်းဝါဦးတို့၏မွေးသဖခင်၊ မြေး ၂၃ ယောက်တို့၏အဘိုး၊ ဒေါ်ရီမီး၏ ချစ်လှစွာသောခင်ပွန်း ဦးမုချွေအေးသည် ၁၄-၂-၂၀၁၄(သောကြာနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ညိုတင်(မလှိုင်)
အသက်(၅၈)နှစ်

မလှိုင်မြို့နယ်၊လယ်ကြီးကျေးရွာအုပ်စု၊ ရွာတန်းရွာနေ (ဦးဘိုရှိန်)-ဒေါ်ခင်မေ၊ (ဦးကျော်ညွန့်-ဒေါ်ကြည်)တို့၏ သမီးချွေးမ၊ ကိုကျော်လှိုင်-မမြင့်မြင့်ဌေး၊ မနှင်းနှင်းစိုး၊ ကိုအံ့ကြွယ်(ရွှေအိုး-ကဖီး)တို့၏ မွေးသမိခင်၊ ဦးပုတ်ကြီး၏ချစ်လှစွာသော ဇနီး ဒေါ်ညိုတင်သည် ၁၄-၂-၂၀၁၄ (သောကြာနေ့) ည ၁၁း၁၅နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြသီတာအိမ်ရာ၊ အခန်း (A-1)၊ သီဟသူလမ်း၊ မေတ္တာလမ်းနှင့် ကျော်သူလမ်းထိပ်ရှိ စိုးမိုးလှိုင်ကဖီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၂-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါဆိုင်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ကိုဇော်မြင့်ဦး
အသက် (၄၄)နှစ်
A.G.T.I(95-MP) မုံရွာ၊
B.Sc(Math;)

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ကင်းရွာနေ ဦးထွန်းလှ-ဒေါ်ဝင်းတို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ စစ်တောင်းရိပ်မွန်၊ ယုဇနလမ်း၊ တိုက်(၂၃)၊ အခန်း(၁၀၂)နေ မသန်သန်းဌေး၏ ခင်ပွန်း၊ မသက်မြတ်နိုး (FISC-3A) ၏ဖခင်သည် ၁၅-၂-၂၀၁၄ရက် နံနက် ၁၀း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများ အသိပေး အကြောင်းကြားအပ်ပါသည်။ (ယုဇနဥယျာဉ်မြို့တော်နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ညီမကြီး (၉၆)နှစ်
(လက်ပံစုရွာ၊ သံတွဲ)

အမှတ် (၂၆၀)၊ ပထမထပ်(ဘီ)၊ ပြည်တော်အေးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးလှဖေ)၏ဇနီး၊ ဦးစိုးမြင့် (မြို့နယ်ဦးစီးမှူး၊ မွေး/ကု-ငြိမ်း)-ဒေါ်ခင်နု (ကျန်းမာရေးဆရာမ-ငြိမ်း)၊ ဦးတင်လှ (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်စန်းမြင့် (ဌာနခွဲစာရေးကြီး၊ တရားရေးဌာန-ငြိမ်း)၊ ဦးခင်မောင်ဇော် (ဦး/ရှိ စီမံလျှပ်စစ်-ငြိမ်း)-ဒေါ်မြင့်မြင့်စံ (အထပြ-ငြိမ်း)တို့၏မိခင်၊ မြေး ၁၅ယောက်တို့၏ အဘွား၊ မြစ်ရှစ်ယောက်တို့၏အဖီး ဒေါ်ညီမကြီးသည် ၁၄-၂-၂၀၁၄ (သောကြာနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ထွေးတင် (၆၉)နှစ်
သမဦးစီးမှူး
(စစ်တွေ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၄၈)လမ်း၊ အမှတ်(၁၂)၊ ပထမထပ်နေ (ဦးရွှေသာ-ဒေါ်ကျော့ဦး)တို့၏ သမီး၊ [ဦးစံရွှေအောင် (အခွန်ဦးစီးမှူး-ငြိမ်း)]၏ ဇနီး၊ (ဦးကျော်လှဖြူ)၊ (ဦးဘချို)၊ (ဦးကျော်ဇောမောင်)တို့၏ ညီမ၊ ဒေါ်ဝင်းသူအောင်-ဦးစိန်ရွှေဝင်းတို့၏ မိခင်၊ မသိုက်ရွှေစင်၊ မောင်ရန်ပြေမောင်တို့၏အဘောင်ရှင် ဒေါ်ထွေးတင်သည် ၁၃-၂-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၉း၅၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ကြာဖြူ(ခ)လီလီဇံ
အသက်(၆၃)နှစ်
(သင်္ဃန်းကျွန်း)

ရန်ကုန်မြို့နေ (ဦးသိန်းဇံ-ဒေါ်တင်တင်မေ)တို့၏သမီး၊ ဦးစန်းမြင့်၏ဇနီး၊ မောင်ဇေယျာထွန်း၊ မောင်အောင်မျိုး-မသန္တာဦး၊ မကလျာထွေးတို့၏ မွေးသမိခင်သည် ၁၅-၂-၂၀၁၄ (စနေနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၂-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [အမှတ်(၇၅/က)၊ ရတနာသီရိလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
တန်ဆောင်း ဒါယကာကြီး
ဦးစောသောင်း အသက်(၆၀)
(စောသောင်းစက်မှုလက်မှု)

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ နဲသမိန်စံပြကျေးရွာနေ (ဦးအုန်းမောင်-ဒေါ်အုန်းကြည်)တို့၏ သား၊ လှိုင်မြို့နယ်၊(၉)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၂၇)နေ (ဦးလူဘွန်တန်)-ဒေါ်ကျင်တီတို့၏သားသမက်၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်(၇)နေ ဒေါ်စန်းစန်းမြင့်(ခ) ဒေါ်ရှုဟုန်၏ခင်ပွန်း၊ ကိုတင့်ဆွေ(ခ)ကိုနိုင်နိုင်၊ ကိုကျော်မြတ်သူ-မခိုင်ဆွေဆွေဦး၊ ကိုရဲလွင်ဦး-မခိုင်နန္ဒာအောင်၊ မခိုင်သဥ္ဇာဦး၊ မောင်ခိုင်မင်းဦး(ခ)မောင်ကျော်မင်းသိန်းတို့၏မွေးသဖခင်၊ မမေသူသူခိုင်၊ မောင်ကောင်းမြတ်စံ၊ မမေမြတ်နိုးသွင်တို့၏အဘိုးသည် ၁၅-၂-၂၀၁၄(စနေနေ့) နံနက် ၁း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
တောင်ငူအသင်းနာယက
ဦးမောင်မောင်အေး(တောင်ငူ) (၉၆)နှစ်
(စာတိုက်မှူးကြီး၊ ဗဟိုစာတိုက်ကြီး-ငြိမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ အမှတ်(၂၃-က)၊ ရွှေလောင်းလမ်းနေ (ဦးညွန့်-ဒေါ်သန်းညွန့်)တို့၏ သား၊ (ဒေါ်ခင်မြင့်မြင့်)၏ ခင်ပွန်း၊ ဦးတိုးထက်ဝင်း(NIEC)-ဒေါ်သီသီအေး(မြန်မာ့ပုလဲ)၊ (CE)ဦးမျိုးညွန့် [Ship Manager (APEX Ship Management Pte., Ltd.]-ဒေါ်စိုးစိုးဝါတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မအိအိမျိုး-မောင်မိုးမင်းထွန်း (Singapore)၊ မောင်ရဲနန္ဒ၊ မမေလှဲ့သီရိ (Singapore)၊ မောင်ဉာဏ်ပြည့်ဖြိုး (MRTV-4)တို့၏ အဘိုးသည် ၁၅-၂-၂၀၁၄(စနေနေ့) နံနက် ၁၁း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်နီနီ (၉၄)နှစ်
(ကျောက်မဲ)

ကျောက်မဲမြို့၊ (၇)ရပ်ကွက်နေ (ဦးကိုကိုကြီး)၏ဇနီး ဒေါ်နီနီသည် ၁၁-၂-၂၀၁၄ ရက် နံနက် ၈း၄၅ နာရီတွင် ခြံအမှတ်(၁၂၁)၊ ရွှေစည်းခုံဘုရားလမ်း၊ (၈)ရပ်ကွက်၊ ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဇော်မင်း (၇၃)နှစ်
(မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း)
(အကောက်ခွန်ဦးစီးအရာရှိ-ငြိမ်း)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ စိမ်းဂေဟာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၅)နေ (ဦးလှမောင်ကြီး-ဒေါ်ကျင်ကျင်)တို့၏သားထွေး၊ (ဦးထွန်းရွှေ-ဒေါ်မြပွင့်)တို့၏သားသမက်၊ ဒေါ်မင်းမင်းရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာသန်းထွဋ်၊ ဒေါက်တာတင်နိုင်မင်း၊ (ကိုဇော်မင်းနောင်)တို့၏ ချစ်လှစွာသောဖခင်၊ Angie အိဖြူစင်၊ Justin မင်းသန့် တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်တင်လှသိန်း၊ (ဦးဝင်းမော်)၊ ဦးအောင်ကျော်တို့၏ ညီ/မောင်သည် ၁၄-၂-၂၀၁၄ရက် ည ၁၁း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆-၂-၂၀၁၄ ရက် ညနေ ၄နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် အောက်မေ့ဖွယ်ဝတ်ပြုကိုးကွယ်ခြင်းကို ၂၀-၂-၂၀၁၄ ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလတ်(ခ)ဦးမောင်လှ
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၈၂/၁၈၄)၊ ဒုတိယထပ်၊ (၂၉)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးခင်-ဒေါ်မွှေး)တို့၏ သားလတ်၊ (ဦးဖောင်ကြီး-ဒေါ်မြရီ)တို့၏ သားသမက်၊ (ဦးကြင်ခဲ-ဒေါ်သိန်း)၊ (ဦးကြင်အောင်-ဒေါ်သန်းမြင့်)တို့၏ညီ၊ ဦးကျင်ထွန်း-(ဒေါ်သန်းသန်း)၊ ဦးကြည်မြင့်-ဒေါ်ခင်ရီ၊ ဦးမောင်မောင်-ဒေါ်ဝင်းကြည်၊ ဦးစိန်မြင့်-ဒေါ်ညွန့်ညွန့်ရင်တို့၏ အစ်ကို၊ ဦးအောင်မြင့်-ဒေါ်ခင်မျိုးဝင်း၊ (ဦးကျော်ဦးလွင်)-ဒေါ်သန်းသန်းဌေး၊ ဒေါ်နိုင်နိုင်မော်၊ (ဒေါ်အေးအေးသန်း)၊ ဦးခင်မောင်မြင့်-ဒေါ်ခင်ချိုနွယ်တို့၏ မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုး၊ ဒေါ်နီ၏ခင်ပွန်း ဦးမောင်လှသည် ၁၄-၂-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်အေးမြင့် (၈၂)နှစ်
ပဲခူး(ကျောက်တန်း)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တန်းကျေးရွာနေ (ဦးဘစံ-ဒေါ်ခင်ကြည်)တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဦးကျော်ထွန်းဖြူ-ဒေါ်မြပွင့်ခိုင်)တို့၏သမီးချွေးမ၊ (ဦးသိန်းဟန်)၊ (ဒေါ်တိုးရီ) ဒေါ်သိန်းစု(ခ)ဒေါ်နီနီတို့၏ညီမ၊ရန်ကုန်မြို့၊သာကေတမြို့နယ်၊ (၇)အနောက်ရပ်ကွက်၊ အောင်ချမ်းသာ(၃)လမ်း၊ အမှတ်(၆၀၉)နေ [ဗိုလ်ကြီးထွန်းရွှေဖြူ(ငြိမ်း)]၏ဇနီး၊ (စိုင်းထွန်းလှ)၊ ဒေါ်အေးအေးဖြူ၊ ခွန်မောင်အေး-ဒေါ်အေးစိန်ဖြူ(မူအုပ်-ငြိမ်း)၊ ဦးအေးမောင်ဖြူ(တပ်မတော်-ကြည်း၊ ငြိမ်း)၊ ဦးတင်မြအေး(မြို့နယ်ကျန်းမာရေးမှူး-၁၊လှည်းကူးဆေးရုံ)-ဒေါ်သန်းသန်းဖြူ (အထကလှည်းကူး)၊ ဦးလှမောင်ဖြူ (တပ်မတော်-ရေ၊ ငြိမ်း)၊ ဦးခင်ဇော်-ဒေါ်မြင့်မြင့်ဖြူ (အမက-၁၂၊ သာကေတ)၊ ဦးအောင်ကျော်ဝင်း၊ ဒေါ်စန်းစန်းဖြူ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးအောင်ကျော်ဖြူ (ဦးအောင်သာဖြူ)၊ (ဦးကျော်ကျော်)-ဒေါ်သီတာဖြူ ဦးအောင်နိုင်ဦး-ဒေါ်ခင်ခင်ဖြူ ဦးကျော်ကျော်လွင်-ဒေါ်ကြည်ကြည်ဖြူ(ခ)ပုရှည်တို့၏မွေးသမိခင် ကျေးဇူးရှင်၊ မြေး ၂၉ယောက်၊ မြစ် သုံးယောက်တို့၏အဘွားသည် ၁၅-၂-၂၀၁၄(စနေနေ့) နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ရွှေစိန်ဖြူ (စစ်တွေ)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ်(၁၆-B)၊ လေးလွှာ၊ သင်္ဂဟလမ်းနေ (ဦးကြောင်ချေ-ဒေါ်ခေါင်းလုံးမ)တို့၏သမီးကြီး၊ ဒေါ်ရွှေခိုင်ဖြူ (ဦးရွှေမြ)-ဒေါ်လှစိုး၊ ဦးအေးမြင့်-ဒေါ်မြင့်မြင့်အေး၊ ဦးအေးညွန့်-ဒေါ်ချိုချိုဝင်း၊ ဦးစောမြ-ဒေါ်စိန်နု၊ ဦးကျော်သိန်း-ဒေါ်ညွန့်ချေ၊ မသန်းယဉ်တို့၏အစ်မကြီး၊ သြစတြေးလျနိုင်ငံနေ ကိုဘသိန်းဇံ-ဒေါ်ခင်စန်းမြင့်(ခ)မစန်းမြင့်၊ (မောင်ဆန်းဝင်း)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်လင်းဖြိုးအောင်၊ မောင်သော်ထူးဇံတို့၏ အဘောင်ရှင်၊ တူ/တူမ ၂၃ ယောက်တို့၏ ကြီးကြီးသည် ၁၅-၂-၂၀၁၄(စနေနေ့) နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီနှင့် ဒေါပုံစာတိုက်ရှေ့မှကားများ နံနက် ၉ နာရီတို့တွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၁၄ (သောကြာနေ့) နံနက်ပိုင်းတွင် အမှတ်(၁၆-B)၊ လေးလွှာ၊ သင်္ဂဟလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးမြင့်ဆွေ(အိမ်မဲ) (၆၁)နှစ်
Tourist Guide

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်နေ (ဦးအုန်းမောင်-ဒေါ်စောကြည်)တို့၏သား၊ဦးမြင့်အောင်(ခ)ကိုဂျပန်၏ညီ၊ လှိုင်သာယာမြို့နယ်နေ ကိုလှရွှေ-မရင်ရွှေ၊ ဦးတင်ဇော်-ဒေါ်ခင်မာအေး၊ ဦးဝင်းထွန်း-ဒေါ်နွယ်နီဝင်း၊ ဦးအောင်ဇော်လွင်(ခ)ကိုအုဝဲ-ဒေါ်ကြည်ကြည်မြင့်၊ (ဦးဌေးဇော်)-ဒေါ်အေးအေးဝင်းတို့၏အစ်ကို၊ တူ/တူမ ၂၂ယောက်တို့၏ ဦးလေး၊ မောင်ကျော်ဇေယျာဆွေ (Supreme Co., Ltd.)၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ခင်မာညို(အမှတ်-၅/၇ ရပ်ကွက်၊ CPG အမျိုးသမီးရေးရာ)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၄-၂-၂၀၁၄ (သောကြာနေ့) နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၁၄ (ကြာသပတေးနေ့) နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ်၊ (၅/၇)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ်(၈၈-ခ)နေ (ဦးမြင့်ဆွေ)-ဒေါ်ခင်မာညိုတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မုန်း(ချောက်) (၈၇)နှစ်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ် (၂၄)၊ ရွာဟောင်းရပ်နေ (ဦးဖိုးချစ်-ဒေါ်အေးချမ်း)တို့၏သမီး၊ (ဦးဘသော်)၏ဇနီး၊ ဦးကြည်ဌေး (ကျောင်းအုပ်၊ GTC-ငြိမ်း)၊ [ဒေါ်တင်တင်မာ (ခရိုင်စာရင်းစစ်အရာရှိ-ငြိမ်း)]၊ ဦးဟန်မြင့်ထွန်း (MPE-ငြိမ်း)၊ ဒေါ်ချိုချိုတင် (အလယ်တန်းပြ၊ အထက-၁၊ ချောက်)၊ [ဦးသာတင့် (MEPE-ငြိမ်း)]-ဒေါ်ချိုချိုမြင့် (အလယ်တန်းပြ၊ အလက-၂၊ ချောက်)၊ ဒေါ်မာမာသက် (ကျောင်းအုပ်၊ အလက-၈၊ စည်ပင်ရေနံချောင်း)၊ ဦးအောင်ဝင်းကျော် (မန်နေဂျာ၊ MPPE-ငြိမ်း)၊ ဒေါ်မာမာလွင် (အထက်တန်းပြ၊ အထက-၂၊ ဒဂုံ)၊ ဦးမျိုးအောင်-ဒေါ်သန်းသန်းဌေးတို့၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၄-၂-၂၀၁၄ရက် ည ၁၀း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၄ရက် ညနေ ၃နာရီတွင် ချောက်မြို့ တမာအိုင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ရွှေစိန်ဖြူ (စစ်တွေ) (၇၄)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ်(၁၆-B)၊ လေးလွှာ၊ သင်္ဂဟလမ်းနေ (ဦးကြောင်ချေ-ဒေါ်ခေါင်းလုံးမ)တို့၏သမီးကြီး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးဖြူထွန်းချေ-ဒေါ်မေဖြူ)တို့၏သမီးချွေးမ၊ (ဦးဝေသာအောင်)၏ ဇနီး၊ သြစတြေးလျနိုင်ငံနေ ဦးဘသိန်းဇံ-ဒေါ်ခင်စန်းမြင့်(ခ)မစန်းမြင့်၊ (မောင်ဆန်းဝင်း)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်လင်းဖြိုးအောင် (Year 10, Australind Senior High School, Australia)၊ မောင်သော်ထူးဇံ (Cooinda Primary School, Australia)တို့၏ အဘောင်ရှင်သည် ၁၅-၂-၂၀၁၄(စနေနေ့) နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးစောထွန်းလှ(ဦးချို) (၆၁)နှစ်
(စစ်တွေ)

စစ်တွေမြို့၊ ပလ္လင်တော၊ ကမ်းနားလမ်းနေ (ဦးရွှေစောအောင်-ဒေါ်အုန်းခင်)တို့၏သားထွေး၊ (ဦးဦးစောရွှေ)-ဒေါ်အေးနု၊ (ဦးစောထွန်းသာ)၊ ဒေါ်လှခင်-ဦးဦးထွန်းသိန်းတို့၏ ညီ/မောင်၊ ဒေါ်အေးခင်-ဦးသာအောင်၊ (ဒေါ်ဝင်းခင်)၊ ဒေါ်ခင်ဝင်းရီ-(ဦးခင်မြင့်)တို့၏အစ်ကို၊ တူ/တူမ ၁၂နှစ်ယောက်တို့၏ ဦးလေးသည် ၁၅-၂-၂၀၁၄ရက် နံနက် ၀၀း၁၅နာရီတွင် အာရှတော်ဝင် နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးသန်းအေး (၅၆)နှစ်
(လူးထရပ်၊ မိုးကုတ်)

မိုးကုတ်မြို့၊ အနောက်ပိုင်း၊ လူးထရပ်နေ (ဦးဘသာ)-ဒေါ်အမာ၊ မြို့မရပ်နေ (ဦးလှမောင်)-ဒေါ်အုံးကြည်တို့၏ သား၊ ဦးသန်းဌေး-ဒေါ်လှလှဝင်းတို့၏ညီ၊ ဦးကျော်သက်ခိုင်-ဒေါ်နှင်းဆီ၊ ဒေါ်ဝင်းမာတို့၏အစ်ကို၊ တိုက်(၁)၊ အခန်း(၄၆)၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်နေ မမေသက်အောင်၊ မစုမြတ်မွန်၊ မသဲနှင်းအေးတို့၏ဖခင်၊ ဒေါ်သက်သက်ထွေး၏ခင်ပွန်းသည် ၁၅-၂-၂၀၁၄(စနေနေ့) နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကိုကိုနိုင် (၄၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ မြရတနာလမ်း၊ အမှတ်(၅၁၈)နေ (ဦးအေးမောင်-ဒေါ်ခင်ဆွေ)တို့၏သား၊ ဦးညိုမောင်-ဒေါ်ခင်မြင့်လှိုင်တို့၏ တူ၊ ဦးကျော်သိန်း-ဒေါ်ခင်အေးဆွေ၊ (ဦးခင်မောင်ထွေး)-ဒေါ်သန်းသန်းအေး၊ ဦးမောင်ကြီး-ဒေါ်မြင့်မြင့်သန်း၊ ဦးမျိုးအောင်-ဒေါ်မင်းမင်းအေးတို့၏ ညီ/မောင်၊ ဦးအောင်ကျော်ဇောဒေါ်ထွေးထွေးအေးတို့၏အစ်ကို၊ တူ/တူမ ၁၅ ယောက်တို့၏ ဦးလေးသည် ၁၅-၂-၂၀၁၄(စနေနေ့) နံနက် ၁၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်သန်းကြည်(ခ)ဒေါ်ကြည်
အသက်(၈၆)နှစ်
(ကွမ်းခြံကုန်း)

ကွမ်းခြံကုန်းမြို့နေ (ဦးဘခင်-ဒေါ်သောင်း)တို့၏ သမီး၊ ဦးသီလာနန္ဒ (ရတနာစည်ဆရာတော်-လှိုင်လင်)၊ ဦးထွန်းရည်-(ဒေါ်ဝင်းကြိုင်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၅)ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ်(၁၁၃)၊ (ရွှေပင့်ကူ-II စားတော်ဆက်)နေ ဦးဟန်ဝင်းထွန်း-ဒေါ်သင်းသင်းခိုင်တို့၏မိခင်၊ ဦးစိုးဝင်းထွန်း-ဒေါ်ခင်ယုယုဝင်း၊ ဦးဆန်းဝင်းထွန်း-ဒေါ်မိုးမိုးအောင်၊ မရီရီဝင်းထွန်း၊ မမီမီဝင်းထွန်းတို့၏အဒေါ်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၄-၂-၂၀၁၄ (သောကြာနေ့) နံနက် ၂း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊
ရေကန် ဒါယကာကြီး
ဦးမြဟန်(ခ)ဦးပိုင်စန်း (၈၇)နှစ်
(စိန်ပန်းသီးအထည်ဆိုင်)
(ရွှေတောင်မော်)

အမှတ်(၄၇)၊ စံပယ်လမ်း၊ တာမွေမြို့နယ်နေ (ဦးရှန်-ဒေါ်အေးကျင်)တို့၏ သား၊ ဒေါ်ခင်ဟုန်၏ခင်ပွန်း၊ ဦးကျော်ညွန့်-ဒေါ်သီတာအောင်၊ ဦးသန်းဌေး-ဒေါ်ချို(ခ)ဒေါ်သန်းသန်းလွင်၊ မအေးအေးပို့၊ မတင်တင်ဝင်း၊ ကိုတင်ထွန်း-မခိုင်ဇာလင်းတို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးမြဟန်(ခ) ဦးပိုင်စန်းသည် ၁၅-၂-၂၀၁၄ ရက် နံနက် ၉း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၁၄ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

လက်ရှိချန်ပီယံရန်ကုန် ဇေယျာရွှေမြေကို ဂိုးပြတ်သွင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၃)ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

(YUSC ကွင်း)

ရန်ကုန်ယူနိုက်တက်-ခြောက်ဂိုး

(ဆီဇာ-လေးဂိုး၊ ကျော်ကိုကို၊ အီမာဆင်)

ဇေယျာရွှေမြေ-တစ်ဂိုး

(ချူကွာမူ)

လက်ရှိချန်ပီယံရန်ကုန်အသင်းမှာ အိမ်ကွင်း၌ ခြေစွမ်းပြကစားသွားပြီး ဂိုးပြတ်အနိုင်ရရှိသွားသည်။ နှစ်ပွဲဆက်နိုင်ပွဲရရှိထားသည့် ဇေယျာရွှေမြေအသင်းမှာ အဝေးကွင်းတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိသဖြင့် မထင်မှတ်ဘဲ ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ရန်ကုန်အသင်းမှာ ပွဲအစတွင် **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❁

ဇေယျာရွှေမြေတိုက်စစ်မှူး မက်သယူးနှင့် ရန်ကုန်နောက်ခံလူ အောင်သိုက်တို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် စင်ကာပူနိုင်ငံ၌ ကျင်းပသော လေကြောင်းပြပွဲ၌ ကြည့်ရှုလေ့လာစဉ်။(သတင်း၊ စာမျက်နှာ-၈) (သတင်းစဉ်)

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဖော်

Unity စာစောင်ပါ လျှို့ဝှက်ဓာတုလက်နက်စက်ရုံဆောင်းပါးကိစ္စနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ခဲ့သည့် ပြစ်မှုကျူးလွန်သူအား တရားစွဲဆို

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဇန်နဝါရီ ၂၅ ရက်ထုတ် Unity စာစောင် အတွဲ(၃)၊ အမှတ် (၄) တွင် အမှတ် (၂၄) ကာကွယ်ရေးပစ္စည်းစက်ရုံအား လျှို့ဝှက်ဓာတုလက်နက်စက်ရုံ ခေါင်းစဉ်ဖြင့် ဓာတ်ပုံမှတ်တမ်းနှင့်တကွ ဖော်ပြထုတ်ဝေခဲ့သည်ကို တွေ့ရှိရပြီး ယင်းဖော်ပြထုတ်ဝေချက်သည် နိုင်ငံတော်၏ လျှို့ဝှက်ချက်များကို ပေါက်ကြားစေခြင်း၊ စက်ရုံ၏ တားမြစ်နယ်မြေအတွင်း ခွင့်ပြုချက်မရှိဘဲ ချဉ်းကပ်ခြင်း၊ ကြည့်ရှုစစ်ဆေးခြင်း၊ကျော်ဖြတ်ခြင်း၊ ဝင်ရောက်ခြင်း၊ ဓာတ်ပုံရိုက်ယူခြင်း၊ အားပေးကူညီခြင်းတို့ကြောင့် သတင်းရေးသားပေးပို့သူနှင့် ဂျာနယ်တိုက်တာဝန်ရှိသူအား စုံစမ်းအရေးယူပေးရန် ဇန်နဝါရီ ၃၀ ရက်တွင် သက်ဆိုင်ရာဌာနက ပေါက်မြို့မရဲစခန်းသို့ တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် (ပ) ၈/၂၀၁၄၊ မြန်မာနိုင်ငံလျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ ၃(၁)(က)/၉ ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

အမှုစစ်ဆေးတွေ့ရှိချက်များအား ဥပဒေအကြံပြုချက်နှင့်အညီ ပြစ်မှုကျူးလွန်သည်ဟုစွပ်စွဲခံရသူများဖြစ်သည့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ ဦးတင်ဆန်း (၅၂) နှစ်၊ ပေါက်မြို့နေ ဦးလူမော်နိုင်(ခ) လင်းကျော်ဦး (ခ) လူမော် (၂၈) နှစ်၊ ဖျာပုံမြို့နေ ဦးစည်သူစိုး (၂၂) နှစ်၊ လှိုင်သာယာမြို့နယ်နေ ဦးသဲရာဇာဦး(ခ)ရာဇာဦး(ခ)ကိုသဲ (၂၈) နှစ်နှင့် မြောက်ဥက္ကလာပမြို့နယ်နေ ဦးအောင်သူရ(ခ) ပိုင်သက်ကျော်(၂၅) နှစ်တို့အား ၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ ၃/၉ အရ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်တရားရုံး၊ ခရိုင်တရားသူကြီးရုံးသို့ ၁၄-၂-၂၀၁၄ ရက်နေ့တွင် တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကြီး အမှတ် ၄/၂၀၁၄ ဖြင့် အမှုအား လက်ခံစစ်ဆေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၄ ရက်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၀(၁) ဖြင့် လွှတ်ထားရှိသောပေါက်မြို့နေ မလွင်လွင်မြင့် (၃၈) နှစ်အား အမှုဖြင့် စစ်ဆေးရာတွင် တရားစွဲတင်ပို့နိုင်လောက်သော သက်သေအထောက်အထား တစ်စုံတစ်ရာမတွေ့ရှိရသဖြင့် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၉ အရ ခံဝန်ဖြင့် လွှတ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

သန်လျင်မြို့ သမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်တွင် ဖျော်ဖြေသော ဆပ်ကပ်အဖွဲ့တစ်ဖွဲ့မှ ဖျော်ဖြေရေးဆင်လိမ္မာတစ်ကောင်အား တပို့တွဲလပြည့်နေ့ ညနေခင်းက ဘုရားပွဲတော်လာ ဆင်ချစ်သူများနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အောင်ကျော်ဦး)



ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ကလေးဆေးရုံကြီး (ဒဂုံမြို့နယ်)
ဈေးပြိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ရန်ကုန်ကလေးဆေးရုံကြီးမှ အောက်ဖော်ပြပါ အဆောက်အအုံများကို မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါ၍ ဈေးပြိုင်အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

က။ ဆေးရုံကြီးဝင်းအတွင်း မော်တော်ယာဉ်လိုင်း ၆၉ပေ × ၂၆ပေ ၂ ထပ်အုတ်အဆောက်အအုံ

ခ။ ဆေးရုံကြီးဝင်းအတွင်း ကျွမ်းကျင်လိုင်း ၃၁ ပေ× ၂၄ ပေ ၂ ထပ်ပျဉ်ထောင်အဆောက်အအုံ

ဆေးရုံကြီးဝင်းအတွင်း တိုးချဲ့ ၅ ခန်းတွဲ ၅၁ပေ×၁၆ ပေ ၁ထပ်အဆောက်အအုံ

ဃ။ ဆေးရုံကြီးဝင်းအတွင်း ဓမ္မာရုံဟောင်း ပေ၄၀ ×၂၁ ပေ ၁ ထပ်သစ်သားအဆောက်အအုံ

င။ ဆေးရုံကြီးတိုးချဲ့ဆောင်သစ်ဝင်းအတွင်း ဂိုဒေါင်(၁) ၁၉ပေ× ၁၁ပေ ၁ ထပ်အုတ် အဆောက်အအုံ

စ။ ဆေးရုံကြီးတိုးချဲ့ဆောင်သစ်ဝင်းအတွင်း ဂိုဒေါင်(၂) ပေ၅၀× ၂၆ပေ ၁ ထပ်အုတ် အဆောက်အအုံ

(၂) တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	-	၆-၂-၂၀၁၄ရက် (ကြာသပတေးနေ့)
တင်ဒါပိတ်မည့်ရက်	-	၂၀-၂-၂၀၁၄ရက် (ကြာသပတေးနေ့)
တင်ဒါပိတ်မည့်အချိန်	-	ညနေ ၄း၀၀ နာရီ
တင်ဒါဖွင့်မည့်ရက်နှင့်အချိန်	-	၂၁-၂-၂၀၁၄ရက် မွန်းလွဲ ၂း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ	-	ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ် အစည်းအဝေးခန်းမ

(၃) တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အဆောက်အအုံ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ကလေးဆေးရုံကြီး
အမှတ်(၂)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် ၁၀၅၅ဂ၊ မြေကွက်တည်နေရာ အမှတ်(၁၀၅၅ဂ)၊ ဣန္ဒာ(၉)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ [ဦးညွန့်မောင် ၁၂/ဥကမ(နိုင်)၁၃၆၁၁၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင် ဦးညွန့်မောင် မိခင် ဒေါ်ခင်ပု ကွယ်လွန်သဖြင့် ဦးမျိုးအောင်[၉/သပက(နိုင်)၀၀၂၅၂၅]၊ ဦးမျိုးသန့်[၁၀/မလမ(နိုင်) ၀၄၅၁၆၅]၊ ဒေါ်ခင်မျိုးတင့်[၁၂/ဥကမ(နိုင်)၀၁၁၁၅၂]၊ ဦးမျိုးအေး[၁၂/ဥကမ(နိုင်)၁၄၉၁၈၂]၊ ဦးမျိုးညွန့် [၁၀/မလမ(နိုင်)၀၂၀၄၆၉]၊ ဒေါ်ခင်မျိုးဝင်း[၁၂/ဥကမ(နိုင်)၁၂၃၂၃၅]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂၈-၁-၂၀၁၄ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၁)တွင် ပြန်လည်ရှင်းလင်းကြေညာထားသောကြေညာသူ မနှင်းလဲ့ရည် [၁၂/သခန(နိုင်)၁၁၆၆၈၁]၏ကြေညာချက်အပေါ် မောင်ကျော်ဇင်ထွန်း[၁၂/ကတတ(နိုင်)၀၂၅၄၀]၏ လွှဲအပ်ညွှန်ကြားချက်အရ တုံ့ပြန်ရှင်းလင်းချက်

၁။ ကျွန်ုပ်၏မိတ်ဆွေ မောင်ကျော်ဇင်ထွန်းနှင့် မနှင်းလဲ့ရည်တို့ မိသားစုသည် မလေးရှားနိုင်ငံ၌ပင် တွေ့ဆုံရင်းနှီးခဲ့ကြပြီး ကျွန်ုပ်၏မိတ်ဆွေနှင့် မနှင်းလဲ့ရည်တို့၏ စေ့စပ်ပွဲကိုလည်း မြန်မာနိုင်ငံရှိ မောင်ကျော်ဇင်ထွန်း၏ မိသားစုအား အကြောင်းကြားဖိတ်ခေါ်ခဲ့၍ မနှင်းလဲ့ရည်တို့ မိသားစုရှိရာ မလေးရှားနိုင်ငံ၌ပင် ပြုလုပ်ခဲ့ကြကြောင်းသိရှိရပါသည်။

အဆိုပါ တံတားကို တံတားဖြစ်မြောက်ရေးကော်မတီဝင် ၂၃ ဦးတို့က ဦးစီးပြီး ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သည်မှာ ငါးနှစ်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ တံတားကြီးပြီးစီးနိုင်ရန်အတွက် ဒေသခံကျေးလက်ပြည်သူများ၊ တောင်သူများ၊ ပြင်ပအလှူရှင်များ စုပေါင်းထည့်ဝင်လှူဒါန်းငွေ တစ်နှစ်လျှင် ကျပ်သိန်း ၇၀ ကျော်ရရှိပြီး ကျေးလက်လူထုလုပ်အားဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။**(အပေါ်ပုံ)**

"ဒီတံတားကို ယခုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်ကြတဲ့ ဦးသိန်းဇော်(မြစ်ကြီးနား)နဲ့ ဦးကျော်စိုးလေး(မိုးညှင်း)တို့က မတည်လှူဒါန်းပေးခဲ့တဲ့အပြင် ကျေးလက်တောင်သူတစ်ဦးလျှင် တစ်ဧက ကျပ်သုံးထောင်နှုန်း စေတနာထက်သန်စွာ ထည့်ဝင်ပေးခဲ့ကြပါတယ်" ဟု ကော်မတီဝင် ဦးမိုးဝင်းက ပြောကြားသည်။

အဆိုပါ တံတားမှာ အရှည်ပေ ၄၈၀၊ အကျယ် ၁၅ ပေရှိပြီး သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားတည်ဆောက်ပြီးစီးပါက နန့်ရင်းချောင်းတစ်ဖက်ကမ်းရှိ နန့်စော်လော်ကျေးရွာအုပ်စုမှ ကျေးလက်ပြည်သူများသည် နန်းမား-ဟိုပင်-မိုးညှင်းမြို့များသို့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ လယ်ယာကုန်ထုတ်လုပ်ရေးနှင့် ကျေးလက်လူမှုစီးပွားတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

မန္တလေးတိုင်းဒေသကြီး

ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

ရမည်းသင်း ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ လျှပ်စစ်မီးရရှိရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းအလိုက် တင်ဒါစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရမည်းသင်းမြို့နယ်ရှိ တူရွှင်းတိုင်ကျေးရွာ စက်ရေတွင်းတူးဖော်နေမှုကို ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းထိုက်၊ ဒုဦးစီးမှူး ဦးအောင်ဆန်းနှင့် အငယ်တန်း အင်ဂျင်နီယာ ဦးဆန်းဝင်းတို့ လိုက်ပါ လျက် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

တူရွှင်းတိုင်ကျေးရွာ စက်ရေတွင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သောလုပ်ငန်းဖြစ်ကြောင်း၊ ခန့်မှန်းကုန်ကျငွေ ၁၈၅ သိန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသပြည်သူများ သောက်သုံးရေရရှိတော့မည်ဖြစ်သည့်အတွက် ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်း သိရသည်။

တင်ဦး(ရမည်းသင်း)

ရခိုင်ပြည်နယ်

စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာရထားဆွဲပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

စစ်တွေ - ဖေဖော်ဝါရီ ၁၅

ဆဋ္ဌမအကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာရထားဆွဲပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၆ နာရီက စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက်ရှိ ဝက်ပါကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ**(အပေါ်ပုံ)** ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး ဒေါ်နုနုဖံ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရထားဆွဲပွဲတော်ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အသီးသီးမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ရိုးရာရထားဆွဲပွဲတော်ကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ရထားဆွဲပွဲတော်ဖြစ်မြောက်ရေး ကော်မတီနာယက ဦးသာထွန်းစိန်၊ဥက္ကဋ္ဌဦးဦးထွန်းသာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် စာရေးဆရာ စစ်တွေညိုသန့်က ရခိုင်စည်တော်ဖြင့် တွဲဖက်၍ တပို့တွဲလ ရထားဆွဲပွဲတော် ပိုဒ်စုံရတုဖြင့်သီဆိုဂုဏ်ပြုပြီး ရခိုင်ရိုးရာရထားဆွဲပွဲတော် ဖြစ်မြောက်ရေးကော်မတီနာယက ဦးကျော်သာနုနှင့် ဥက္ကဋ္ဌ ဦးဦးထွန်းသာတို့က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ရခိုင်ရိုးရာရထားဆွဲပွဲတော်အတွက် ဦးစီးဆောင်ရွက်ပေးခဲ့ကြသည့် ကွယ်လွန်သူပုဂ္ဂိုလ်များအား ကြေကွဲဝမ်းနည်းစွာမှတ်တမ်းတင်ဂုဏ်ပြုကြောင်း ကြေညာသည်။ ဆက်လက်၍ ပွဲတော်ပူဇော်ပသရေးအဖွဲ့မှ အန္တရာယ်ကင်းဂါထာတော်များဖြင့် ပူဇော်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ရပ်ကွက်အလိုက် ရထားဆွဲပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရခိုင်ရိုးရာရထားဆွဲပွဲတော်ကို စတင်ကျင်းပသည့်နေ့မှစ၍ ဖေဖော်ဝါရီ ၁၄ ရက် (တပို့တွဲလပြည့်နေ့) အထိ သုံးရက်တိုင်တိုင် ကျင်းပပြီး ရထားဆွဲပွဲတော်တွင် စစ်တွေမြို့မှ ရပ်ကွက် (၂၂) ရပ်ကွက်ပါဝင်ယှဉ်ပြိုင်ကြကြောင်း၊ ပြိုင်ပွဲကျင်းပနေစဉ်အတွင်း ဆုရရှိသည့် ရပ်ကွက်များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ရှေးခေတ် ရခိုင်ပြည်နယ်ရခိုင်သူ ရခိုင်သားတို့သည် ရထားဆွဲပွဲ ကျင်းပရခြင်းကြောင့် ရာသီဥတုမျှတခြင်း၊ လယ်ယာသီးနှံအထွက်တိုးပေါများခြင်း၊တိုင်းပြည်နိုင်ငံအေးချမ်းသာယာခြင်းတို့ဖြစ်စေသည်ဟု ယုံကြည်အားထားကြကာ ရထားဆွဲပွဲကို နှစ်စဉ် တပို့တွဲလ ရောက်တိုင်း အလေးထားပြီး ရှေးအစဉ်အဆက် ကျင်းပလာခဲ့ကြကြောင်း သိရ သည်။

ဇော်နိုင်ထွန်း (IPRD)

▢▢

ဂျုံးဂျုံးဂျက်အော်သံပေးရထားလေးသည်

ခရီးသွားလုပ်ငန်းများတွင် ယနေ့မြန်မာနိုင်ငံသာမက ကမ္ဘာရပ်ဝန်းအသီးသီး၌ မီးရထားခရီးသွားလုပ်ငန်းသည် နှစ်ပေါင်းများစွာတိုင် အောင်မြင်တိုးတက်လျက်ရှိနေပါသည်။ မီးရထားဖြင့် ခရီးသွားခြင်းသည် အားသာချက်ကိုးဆယ့်ကိုးရာနှုန်းရှိပြီး အားနည်းချက် တစ်ရာခိုင်နှုန်းခန့်သာရှိသည်ဟု မှတ်သားဖူးပါသည်။ ရိုးရှင်းစွာတွက်ဆရသော် ဖော်ပြပါ အားသာချက်အားနည်းချက်တို့ကို ယှဉ်တွဲတွက်ချက်ရာ သီလဝသားအနေဖြင့် မြေကြီးလက်ခတ်မလွဲ မှန်သည်ဟုယူဆပါသည်။ နီပေါနိုင်ငံသည် တောတောင်ထူထပ်ပေါများပြီး ဟိမဝန္တာတောင်ထိပ်နီးပါးရထားလမ်းရှိနေပြီး ရထားစီးခရီးသည်များကို အောက်ဆီဂျင်ဘူးများ တပ်ဆင်လျက် မီးရထားစီးရသည်ဟု ဖတ်ရှုလေ့လာခဲ့ရပါသည်။ ဤမျှမက ပင်လယ်ကြမ်းပြင်အောက် မီးရထားလမ်း၊ ဥမင်လိုဏ်ဂူမီးရထားလမ်း စသည်အားဖြင့် မီးရထားသည် မြေအဆုံး၊ ရေအဆုံး တောတောင်အဆုံးကို ခရီးဆန့်လျက်ရှိနေပါပြီ။

သီလဝသားတို့ မြန်မာနိုင်ငံတွင်လည်း အိပ်မက်မျှပင် မမက်ခဲ့ရသည့် ပင်လယ်နှင့်ထိစပ်လျက်ရှိသော မြစ်ချောင်းအင်းအိုင် ထူထပ်ပေါများလှပြီး တောတောင်မြင့်မားလှသည့် အရပ်ဒေသအသီးသီးသို့ မြန်မာ့မီးရထားလုပ်ငန်းများ ထိုးဖောက်ဝင်ရောက် စီးဆင်းဆောင်ရွက်လျက်ရှိသည်ကို ခရီးသွား ပြည်သူများအသိပင်ဖြစ်ပါသည်။ ဤကဲ့သို့နိုင်ငံတော်မှ ဒေသအတွင်းကုန်စည်စီးဆင်းမှု၊ ပြည်သူများသက်သာချောင်ချိစွာ သွားလာနိုင်မှုတို့ကို ချိန်မှန်တိကျလုံခြုံစွာ ဆောင်ရွက်ပေးလျက်ရှိနေပါသည်။ သို့သော် အရှုံးခံ၍ ဆောင်ရွက်ပေးနေရပါသည်။

မည်သည့်အတွက် အရှုံးခံဆောင်ရွက်ရပါသနည်းဆိုသော် အကြောင်းအချက်များစွာ ရှိပါသည်။ အဓိကအချက်တစ်ချက်ကို သီလဝသားအမြင်အတိုင်း တင်ပြရလျှင် ခရီးသွားပြည်သူများ ပျောက်သွားခြင်းပင်ဖြစ်ပါသည်။ ဘာကြောင့်၊ အဘယ်အတွက်ကြောင့် ပျောက်သွားရသနည်း။ ရိုးရှင်းစွာပြောရသော် ဝန်ဆောင်မှုအားနည်းသွားခြင်းက အဓိကပင်ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ငါးဆယ်ခန့်က မြန်မာ့မီးရထားသည် ရွှေခေတ်သို့ရောက်ခဲ့ပါသည်။

ယနေ့မြန်မာ့မီးရထားသည် နှစ်(၁၅၀)တိုင်တော့မည်ဖြစ်ပါသည်။ အခြားကုန်းလမ်း ပို့ဆောင်ရေးနှင့်ယှဉ်လျှင် ယနေ့နောက်ကျကျန်နေသည်ကို မည်သူမျှငြင်းဆို၍ မရနိုင်ပါ။ ခရီးသွားပြည်သူများမှ တာဝန်ရှိသလို မြန်မာ့မီးရထားမှုဝန်ထမ်းများသည်လည်း ပိုမို၍တာဝန်ရှိပါသည်။ ဥစ္စာရှင်လို ဥစ္စာရှင်ခဲ ရပေမည်။ အအေးခန်းရထားမဆိုထားပါဘိ သီလဝသားတို့ ငယ်စဉ်ဘဝမှာ စီးနင်းခဲ့သော ကျောက်မီးသွေးလောင်စာဖြင့် မောင်းနှင်သည့် မီးရထားခေါင်းတွဲ အမည်းကြီးများသည်ပင်လျှင် ရေ၊ မီး၊ ပန်ကာ ပြည့်စုံသန့်ရှင်းစွာဖြင့် အချိန်တိကျလျက် လော်ကယ်ရထားလေးအဖြစ် ပြေးဆွဲပို့ဆောင်ပေးခဲ့သည်ကို တမ်းတမ်းတတရှိနေရပါသည်။ အလှမ်းကျယ်၍ အလယ်မလပ်စေရန် ယနေ့မြန်မာ့မီးရထားမှ တာဝန်ရှိသူများသည် ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များ၊ နိုင်ငံခြားပညာရှင်များနှင့် ငွေကြေးများကို အကူအညီရယူလျက် ယနေ့အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်နေသည်ကို ခရီးသွားပြည်သူများ မြင်တွေ့ခံစားနေရပြီဖြစ်ပါသည်။ တစ်ခေတ်တစ်ခါက မြန်မာ့မီးရထားရွှေခေတ်လို ယနေ့အသစ်အသစ်မြန်မကြာ မြန်မာ့မီးရထား စိန်ခေတ်သို့ရောက်ရမည်မှာ မလွဲပါဟု သီလဝသား ယူဆမိပါသည်။ **(သီလဝသား)**

စစ်ကိုင်းတိုင်းဒေသကြီး

လူစာထက် နွားစာခက်နေ၍ ကျွဲ၊ နွား စားကျက်မြေများ ဖော်ထုတ်ပေးစေလို

ခင်ဦး - ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးနိုင်သော ဧကပေါင်း ၁၂ သန်းကျော်ရှိပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြုပြင်ပြောင်းလဲနေသော်လည်း လယ်ယာလုပ်ငန်းခွင်အတွက် ကျွဲ၊ နွားများသည် အရေးပါအရာရောက်၊ မရှိမဖြစ်သုံးစွဲလျက်ရှိကြောင်း သိရသည်။

ကျွဲ၊ နွားများအစား လယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များက ဝင်ရောက်နေရာယူလာသော်လည်း ကျွဲ၊ နွားများနေရာတွင် စက်ကိရိယာစသည်ဖြင့် လိုအပ်သလို လုပ်ကိုင်နေရပြီး လက်လွှတ်ပစ်ပယ်၍ မဖြစ်သေးပေ။ စက်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ကံသစ်စံပြကျေးရွာမှ တောင်သူ ဦးမျိုးလင်းက မိမိသည် ယခင်နွားနှစ်ရှဉ်းဖြင့် လယ် ၁၀ ဧကလုပ်ကိုင်ခဲ့သော်လည်း လယ်ထွန်စက်များ၊ ခြွေလှေ့စက်များ ပေါ်ပေါက်ခဲ့သည့်အတွက် နွားတစ်ရှဉ်းကို ပြန်ရောင်းခဲ့ကြောင်း၊ ကျန်ရှိနေသည့် နွားတစ်ရှဉ်းသည် မရှိမဖြစ်လိုအပ်နေ၍ နွားများကို ကျွေးမွေး၍ ခိုင်းစေနေရကြောင်း၊ သို့ပါသော်လည်း လူစာထက်နွားစာက ခက်နေပါကြောင်း၊ နွားတစ်ရှဉ်း၏ ကျွေးမွေးစရိတ်သည် တစ်ရက်လျှင် ကျပ် ၂၅၀၀ ကုန်ကျနေကြောင်း၊ ကောက်ရိုးစဉ်း၊ ပြောင်းရိုးစဉ်း၊ ပဲဖတ်၊ နှမ်းဖတ်၊ ဖွဲနုတို့သည် ဈေးငှား၍ မရကြောင်း၊ နွားတစ်ရှဉ်း၏ တစ်လကုန်ကျစရိတ်သည် ကျပ် ၇၅၀၀၀ ဖြစ်ပြီး တစ်နှစ်လျှင် ကျပ် ၉၀၀၀၀၀ ဖြစ်ကြောင်း၊ သို့ပါ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစနစ် ကျင့်သုံးမည်ဆိုလျှင် ခိုင်းကျွဲ၊ ခိုင်းနွားများ လွတ်ကျောင်းစနစ်ဖြင့် ကျင့်သုံးရန်အတွက် ကျွဲ၊ နွားစားကျက်နယ်မြေများ ပြန်လည်ဖော်ထုတ်ပေးသင့်ပါကြောင်း ပြောကြားသည်။ **(ရောင်နီတင်ဝင်း)**

စစ်ကိုင်းတိုင်းဒေသကြီး

ကလေးတက္ကသိုလ် မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်

ကလေး - ဖေဖော်ဝါရီ ၁၅

ကလေးတက္ကသိုလ် မိုးလုံလေလုံအားကစားရုံဆောက်လုပ်ပေးခြင်းဖြင့် တက္ကသိုလ်လူငယ်လူရွယ်တို့သည် ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအားတို့ဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကိုတည်ဆောက်နေချိန်တွင် ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားများ ဖြစ်ပေါ်စေရေးတို့အတွက် အလွန်အထောက်အကူပြုလာတော့မည်ဖြစ်သည်။

ကလေးတက္ကသိုလ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့မှ ကျောင်းသား ၈၅၀၀ ကျော်တို့က အဆင့်မြင့်ပညာဆည်းပူးနေကြပြီး ကျောင်းသား ကျောင်းသူများ၏ ပညာရေးသာမက ကျန်းမာရေးနှင့် ကိုယ်လက်ကြံ့ခိုင်ရေး၊ ကာယစွမ်းအားထက်မြက်နိုင်ရေးတို့အတွက် တက္ကသိုလ် မိုးလုံလေလုံအားကစားရုံကို နိုင်ငံတော်အစိုးရက ဆောက်လုပ်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါ မိုးလုံလေလုံအားကစားရုံသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ ထောက်ပံ့ငွေကျပ်သန်းပေါင်း ၁၈၀ အကုန်အကျခံလျက် အရှည် ပေ ၉၀၊ အကျယ် ပေ ၁၂၀၊ အမြင့် ၃၁ ပေရှိ RCသံကူကွန်ကရစ်ဖြင့် Alpha & Omega ကုမ္ပဏီက ၂၀၁၃ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ စတင်ဆောက်လုပ်ပြီး ၂၀၁၄ ခုနှစ်မတ်လကုန်တွင် အပြီးဆောက်လုပ်မည်ဖြစ်ကြောင်း အင်ဂျင်နီယာမှူး ဦးစိုးနိုင်ထံမှ သိရသည်။ **(ဂျိုးနက်)**

စစ်ကိုင်းတိုင်းဒေသကြီး

ကလေးဒေသတွင် ဝင်ငွေပိုရသော ဂျုံကို စိုက်ပျိုးသူ များပြားလာ

ကလေး ဖေဖော်ဝါရီ ၁၅ - စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ စီးစံ၊ ရှားတော၊ ဆင်တော၊ မြောင်းဆုံ၊ မြောင်းလှ၊ မောက်လင်း၊ ချမ်းသာကြီး စသောကျေးရွာများတွင် ရေရရှိမှု နည်းလာသဖြင့် နေကြာ၊ မြေပဲစသော ဆောင်းသီးနှံအစား ရေလိုအပ်မှုနည်းပါးပြီး အမြတ်ငွေပိုမိုရရှိသော ဂျုံကိုစိုက်ပျိုးလာကြကြောင်း သိရသည်။ **(ဝဲပုံ)**

"ဂျုံကို ဇန်နဝါရီလအတွင်း စိုက်ပျိုးကြပြီး မေလအတွင်း ရိတ်သိမ်းကြပါတယ်၊ ဂျုံစိုက်ပျိုးလာတာ သုံးနှစ်ခန့်ရှိပါပြီ။ တစ်ဧကကို တစ်တင်းခွဲလောက်ကြဲရပြီး တစ်ဧကတင်း ၄၀ ထိထွက်ရှိပါတယ်၊ အနည်းဆုံး ၁၀ နဲ့ ၂၀ ကြားထွက်တာတွေလည်းရှိပါတယ်၊ ဂျုံက ပြာကိုနှစ်သက်လို့ မိုးစပါးရိတ်သိမ်းပြီးတဲ့ ရိုးပြတ်ကွင်းကို မီးရှို့ကာ စိုက်ပျိုးကြပါတယ်၊ တစ်ဧကကို ယူရီးယားဓာတ်မြေဩဇာ တစ်အိတ်ခန့် ကြဲပက်ရင် လုံလောက်ပါတယ်"ဟု မြောင်းဆုံကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

"ဂျုံက နေကြာတို့၊ မြေပဲတို့လောက် ဂရုစိုက်စရာမလိုဘူး။ အမြတ်လည်းပိုရတယ်။ လုပ်အားခလည်း သိပ်မကုန်ဘူး၊ နေကြာတို့၊ မြေပဲတို့၊ ဖရဲတို့စိုက်ရင် လုပ်အားတော်တော်လေးကုန်တယ်၊ နောက်ပြီး ညအိပ်နိုင်မှ တော်ကာကြတယ်၊ ဂျုံကသူခိုးတို့ဘာတို့မပူရဘူး။ ယခင်နှစ်ကဆိုရင် ဂျုံတစ်တင်းကို ကျပ် ၁၁၀၀၀ ထိ ဈေးအမြင့်ဆုံးရရှိခဲ့ပြီး ယခုနှစ်တွင်လည်း ဈေးပိုရမယ်လို့မျှော်လင့်ပါတယ်"ဟု တောင်သူတစ်ဦးက ပြောပြသည်။

[လင်းလက်ကြယ်စင်]

ရှမ်းပြည်နယ်

ပင်လုံမြို့ (၂၈)ကြိမ်မြောက် မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ပင်လုံ ဖေဖော်ဝါရီ ၁၅ - ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့နယ် ပင်လုံမြို့နယ်ခွဲရှိ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူ ဗုဒ္ဓဘာသာဝင်များသည် ဘာသာတရားရိုသေကိုင်းရှိုင်းပြီး သဒ္ဓါတရားထက်သန်သူများဖြစ်ကြသည်။ ပင်လုံမြို့၌ နှစ်စဉ်ကျင်းပသော (၂၈)ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်) မွန်းလွဲ ၁ နာရီက နောင်ကွတ်ကျောင်းမှ မွေတော်ကျောင်းလမ်းပေါ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲကို ပင်လုံမြို့ပေါ်နှင့်အနီးကျေးရွာများ၊ လွိုင်လင်မြို့ပေါ်ရှိကျောင်းများ စုစုပေါင်း ၂၇ ကျောင်းမှ သံဃာအပါး ၁၇၀၀ အား ဆွမ်းဆန်တော်၊ ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

[မိုးလွင်ဦး(လွိုင်လင်)]

စစ်ကိုင်းတိုင်းဒေသကြီး

ကလေးဒေသနေ ချင်းလူမျိုးတို့၏ ဂျပ်ခုပ်ရက်လုပ်ငန်း

ကလေး ဖေဖော်ဝါရီ ၁၅ - "ကလေးဒေသနေ ချင်းလူမျိုးတို့အနေဖြင့် ဂျပ်ခုပ်ရက်လုပ်နိုင်ရန်အတွက် ချည်ကို အိန္ဒိယနိုင်ငံမီဇိုရမ်ဘက်မှလာသော ချည်ကိုအသုံးပြုတာများပြီး မိသားစု၏ တစ်နိုင် တစ်ပိုင်စီးပွားရေးကိုအထောက်အကူပြုစေရန် အမျိုးသမီးများက ရက်လုပ်နေကြပြီး ဂျပ်ခုပ်ရက်လုပ်ပုံကတော့ ရက်လုပ်သူရဲ့ခါးမှာ သားရေပြားဖြင့်ပတ်ပြီး ခြေဆင်းကာရက်လုပ်ရပါတယ်၊ နေရာကတော့ အကျယ်ကြီးမလိုပါဘူး၊ ချိန်စရာနေရာတစ်ခုရှိရင် ရက်လုပ်လို့ရပါပြီ၊ ချင်းရိုးရာအခမ်းအနားတွေရှိရင် မိသားစုခြုံဖို့၊ ဝတ်ဖို့ရည်ရွယ်ပြီး ရက်လုပ်ကြတာပါ"ဟု ချင်းအမျိုးသမီးတစ်ဦးက ရှင်းပြသည်။ **(အောက်ပုံ)**

ဂျပ်ခုပ်ရက်လုပ်ပြီးစောင်တစ်ထည်ကို အပြင်ဆိုင်များတွင် ဝယ်လျှင်တစ်ထည်ကို လေးသောင်းကျော်ရှိကြောင်း၊ စောင်များ၏ အလျားမှာ ငါးပေခန့်ရှိပြီး အနံအနေဖြင့် နှစ်ပေကျော်ရှိကြောင်း သိရပြီး ယောကျ်ားများအနေဖြင့် ရိုးရာကုပ်အင်္ကျီ၊ ဦးထုပ်အဖြစ်ချုပ်ဝတ်ကြပြီး အမျိုးသမီးများအနေဖြင့် ခြုံစောင်အဖြစ်အသုံးပြုတာများကြောင်း၊ စောင်တစ်ထည်ပြီးရန် ပုံမှန်ရက်လုပ်ရင် ရက်ပေါင်း ၂၀ မှ တစ်လအထိကြာကြောင်း၊ အရောင်အနေဖြင့် အဖြူ၊ အနီ၊ အပြာ၊ အစိမ်းစသည်ဖြင့် အရောင်တောက်တောက်တွေကို သုံးတာများကြောင်း မြောင်းဆုံကျေးရွာမှ ဂျပ်ခုတ်ရက်လုပ်ငန်းကို ကိုယ်တိုင်ရက်လုပ်နေသူ ချင်းတိုင်းရင်းသူတစ်ဦးက ရှင်းပြသည်။ **[လင်းလက်ကြယ်စင်]**

မကွေးတိုင်းဒေသကြီး

ငဖဲမြို့နယ် တောင်ပေါ်ဒေသ စိမ့်စမ်းရေသွယ်စနစ်ဖြင့် သောက်သုံးရေဖူလုံလျက်ရှိ

မင်းဘူး ဖေဖော်ဝါရီ ၁၅ - မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းရှိ ကျေးရွာများသည် တောင်ကုန်းတောင်တန်းများအပေါ် မှီတင်းနေထိုင်ကြသည့်အားလျော်စွာ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေး စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ခွင့်ပြုငွေကျပ်သိန်း ၃၀ နှင့် ဒေသခံပြည်သူများထည့်ဝင်ငွေများဖြင့် လင်းတဲကျေးရွာတွင် အရှည်ပေ ၁၃၀၀၀၊ နှစ်လက်မရေပိုက်ဖြင့် ကျေးရွာအရောက် ရေသွယ်တန်းခြင်းလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ယခင်က ဝါးလုံးများဖြင့်ရေကိုခက်ခဲစွာသွယ်တန်းရယူရာမှ ယခုအခါ အိမ်ထောင်တစ်စုချင်းအလိုက် သုည ဒသမ ၅ လက်မ ပိုက်ပျော့များဖြင့် နေအိမ်အရောက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်၍ လင်းတဲကျေးရွာသား ကျေးရွာသူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြသည်။

[တင်ထွန်းဦး-IPRD]

ရောဝတီတိုင်းဒေသကြီး

ရေလျှံတွင်းမှ ရေဖြင့် နွေစပါးများ ဖြစ်ထွန်းအောင်မြင်

မြန်အောင် ဖေဖော်ဝါရီ ၁၅ - ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အင်ပင်ကျေးရွာအုပ်စုအတွင်းရှိ အင်ပင်ကျေးရွာနှင့် တံတားကွင်းကျေးရွာကြားတွင် ရေလျှံတွင်းမှရေဖြင့်နွေစပါးများစိုက်ပျိုးထားမှုကို ဖေဖော်ဝါရီလအတွင်းက တွေ့ရှိခဲ့ရသည်။ **(အောက်ပုံ)**

"ယခုနှစ် လယ်တွေ ရေလိုလို့ ရိုးရိုးအဝီစိတွင်းတူးလိုက်ရာကနေ ရေလျှံတွင်း ဖြစ်သွားတာနဲ့ မနှစ်ကစပြီး နွေစပါးစိုက်ဖြစ်တယ်။ အခုနှစ်လည်း တွင်းကဆက်ထွက်နေတာနဲ့ ဒီနှစ်တော့ ပိုစိုက်လိုက်တယ်။ အနီးအနားမှာလည်း စမ်းရေကျတဲ့နေရာတွေရှိလို့ ရိုးရိုးတွင်းတူးရာကနေ ခုလိုမျိုးရေလျှံတွင်းဖြစ်သွားတာပါ"ဟု ဒေသခံတစ်ဦးက ပြောပြသည်။ "အခုနှစ်က မိုးစပါး ဈေးကောင်းတယ်လေ။ ခုလိုရေလျှံတွင်းနဲ့ နွေစပါးစိုက်လို့ရတော့ တောင်သူတွေအနေနဲ့ ဝင်ငွေတိုးတာပေါ့။ လာမယ့်နှစ်မှာလည်း ခုလိုရေဆက်ထွက်နေရင်စိုက်ဦးမှာ"ဟု တောင်သူတစ်ဦးက ပြောပြသည်။

[နေဝင်းဇော်-မြန်အောင်]

မန္တလေးတိုင်းဒေသကြီး

ကုလားပဲစိုက်ပျိုးခြင်းဖြင့် များစွာအကျိုးဖြစ်ထွန်း

သာစည် ဖေဖော်ဝါရီ ၁၅ - သာစည်မြို့နယ်အတွင်းရှိ တောင်သူများမှာ ကုလားပဲစိုက်ပျိုးခြင်းဖြင့် များစွာ အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

သာစည်မြို့နယ်အတွင်းရှိ တောင်သူများသည် မိုးအကုန် ဆောင်းအကူးကာလရောက်သည့်အခါ ဆောင်းသီးနှံများဖြစ်သော ကုလားပဲ၊ မြေပဲနှင့် နေကြာတို့ကို စိုက်ပျိုးကြပြီး အဓိကအားဖြင့် ကုလားပဲကို အားထားစိုက်ပျိုးကြသည်။ ကုလားပဲကို အဓိကထားစိုက်ပျိုးရခြင်းမှာ စိုက်ပျိုးစရိတ်သက်သာခြင်း၊ စိုက်ပျိုးရလွယ်ကူပြီး အကျိုးအမြတ်များစွာ ဖြစ်ထွန်းခြင်းတို့ကြောင့် ဖြစ်သည်။ စိုက်ပျိုးရာတွင် ထယ်ထိုး၍ ထယ်ကြောင်းအတိုင်းနောက်မှလိုက်၍ အစေ့ချစိုက်ပျိုးကြပြီး တချို့ကလည်း စပါးမရိတ်မီ စပါးခင်းများကြားကြဲပက်ထားရုံဖြင့် အောင်မြင်ဖြစ်ထွန်းသည့်အတွက် ဖြစ်သည်။ ထို့ပြင် ကုလားပဲခင်းများကြားတွင် နေကြာကို သီးညှပ်အဖြစ် စိုက်ပျိုးခြင်းဖြင့် မိသားစုဝမ်းစာဆီကိုလည်း ရရှိနိုင်သည်။

"ကုလားပဲစိုက်ချိန် မျိုးစေ့တစ်တင်းကို ကျပ် ၁၈၀၀၀ နဲ့ ဝယ်ရပြီး တစ်ဧက တစ်တင်းကျော် စိုက်ရုံနဲ့ ၁၅ တင်းမှ တင်း ၂၀ အထိ ထွက်နိုင်ပါတယ်။ ခု တစ်တင်းကို ကျပ် ၁၅၀၀၀ နဲ့ ရောင်းရတော့ စိုက်ဧကများရင် များသလိုဝင်ငွေကောင်းပါတယ်။ ဒီနှစ်က ရာသီဥတုကလည်းကောင်းတော့ စပါးနဲ့ ကုလားပဲ အထွက်ကောင်းပါတယ်။ နောက်ပြီး သီးနှံဈေးကလည်းကောင်းတော့ တောင်သူတွေ အဆင်ပြေပြီး ရွာထဲမှာလည်း အလှူအတန်းပေါ်များပါတယ်"ဟု မရွေးကျေးရွာတောင်သူများက ပြောပြသည်။

ထို့ပြင် ကုလားပဲစိုက်ခင်းများသည် ထယ်ရေးအခံရှိပြီးဖြစ်သည့်အတွက် မိုးဦးကျပါက အနည်းငယ်ထွန်ယက်ရုံဖြင့် နှမ်းကို အလွယ်တကူ ကြဲနိုင်သောကြောင့် ကုလားပဲစိုက်ပျိုးခြင်းဖြင့်ဝင်ငွေတိုးသည့်အပြင် နောက်စိုက်မည့်သီးနှံအတွက်လည်း အကျိုးပြုကြောင်း သိရသည်။

[ထွန်းထွန်း(သာစည်)]

စစ်ကိုင်းတိုင်းဒေသကြီး

စိန်တလုံးသရက်များအပွင့်မြိုင်၍ သီးကင်းပြအားကောင်းသောကြောင့် ယခုနှစ် သရက်သီးသီးနှုန်း အားကောင်းဖွယ်ရှိကြောင်း သရက်ခြံပိုင်ရှင်တို့က ခန့်မှန်းထား

ချောင်းဦး ဖေဖော်ဝါရီ ၁၅ - ချောင်းဦးမြို့နယ်အတွင်းရှိ တစ်ပိုင်တစ်နိုင်စိန်တလုံးသရက်ခြံများ၊ မြောင်မြို့နယ်၊ ရေစကြိုမြို့နယ် (ဇီးတော)၊ မြိုင်မြို့နယ်နှင့် မုံရွာမြို့မှတစ်ဆင့် ယာကြီးနယ် သရက်ခြံများသို့ တိုက်ရိုက်စိန်တလုံးပျိုးပင်များကို ပို့ပေးနေရသော ချောင်းဦးမြို့နယ် မှန်ချိုကျေးရွာ ဦးသောင်းဌေး၏ စိန်တလုံးသရက်ခြံတွင် ယခုအခါ သရက်သီးရန်အတွက် အပွင့်နှင့် အသီးကင်းထွက်ရှိမှုများစွာ မြိုင်ဆိုင်လှသောကြောင့် စိန်တလုံးသရက် အောင်မြင်ဖွယ်ရှိကြောင်း ဦးသောင်းဌေးက သုံးသပ်သည်။

"အခုအချိန် ဖေဖော်ဝါရီလမှာ အပွင့်မြိုင်ပြီး သီးကင်းလေးတွေ စပြရင် သရက်သီးနှုန်းကောင်းဖို့အခြေအနေပါ၊ ဇန်နဝါရီလလောက်မှာ အပွင့်စမြိုင်ပြီး မေလလောက်မှာ ပင်မှည့်အဖြစ်ပြိုင်သီးရင်ဈေးကွက်ကောင်းပြီပေါ့၊ ပြည်တွင်းဈေးကွက်က မှည့်ဝင်းပြီးပြောင်နေမှကြိုက်ကြတာပါ၊ ပြည်ပဈေးကွက်အတွက်ကတော့ ဝင်းမှည့်နေစရာမလိုဘဲ ပို့ရမယ့် အချိန်ကာလအတွက် ကြိုတင်ပြီး ဧပြီ ၁၅ ရက်လောက်ဆိုရင် ခူးပြီးတင်ပို့လို့ရမှာပါ၊ ပြည်ပပို့ရတာ အများဆုံးကတော့ တရုတ်နိုင်ငံကိုပါပဲ" ဟု ဦးသောင်းဌေးက ပြောပြသည်။

တရုတ်နိုင်ငံသို့တင်ပို့ရာတွင် ပြီးခဲ့သည့် သရက်ရာသီက ၉ ပိဿာ ၁၅ ကီလိုပုံးတစ်လုံးလျှင် တရုတ်ငွေ ၂၇၅ ယွမ်ရရှိပြီး ပြည်တွင်းဈေးကွက်၌ တစ်လုံးလျှင် အနိမ့်ဆုံးကျပ် ၁၀၀ ကျော်မှ အမြင့်ဆုံး ကျပ် ၃၅၀ မှ ၄၀၀ အထိ ရရှိခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ် သရက်စပေါ်ချိန်တွင် မိုးနည်းသောကြောင့် အသီးအားနည်းခဲ့သလို လေတိုက်ခတ်မှုကြမ်းခဲ့ခြင်းကြောင့် သရက်သီးရရှိမှုမှာ အထူးလျော့ခဲ့ရကြောင်း၊ ယခုနှစ်တွင် မိုးကောင်းပြီး အပွင့်မြိုင်သောကြောင့် အသီးအားကောင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

စိန်တလုံးသရက် ဈေးကွက်ကောင်းမွန်မှုကြောင့် တစ်ပိုင်တစ်နိုင်မိသားစုစိုက်ပျိုးလိုသူများအနေဖြင့် ပျိုးပင်ရောင်းချသူများနှင့် ချိတ်ဆက်ဝယ်ယူမှုများလာရာ ပျိုးပင်ရောင်းချသူများအနေဖြင့်လည်း စိုက်ပျိုးနည်းပညာ၊ ပြုစုပျိုးထောင်ခြင်းနည်းပညာများအပြင် စိုက်ပျိုးလိုသည့်နေရာအရောက် လိုက်လံစိုက်ပျိုးပေးသည်အထိ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

အဖူး၊ အပွင့် ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် စိန်တလုံးသရက်ခြံကို တွေ့ရစဉ်။

ပျိုးပင်များရောင်းချရာတွင် အစေ့ပျိုး(မျိုးပျိုး)တစ်ပင်လျှင် အရွယ်အကြီးအသေးပေါ်မူတည်၍ ကျပ် ၅၀၀၊ ၆၀၀ နှင့် ၇၀၀ ဝန်းကျင်ဖြင့်ရောင်းချပေးပြီး ကိုင်းကူးကိုင်းဆက်သရက်တစ်ပင်လျှင် ကျပ် ၁၀၀၀ အထက် အရွယ်အကြီးအသေးပေါ်မူတည်၍ ရောင်းချပေးသည်။ ကိုင်းဆက်သရက်ပင်သည် စိုက်ပြီး ယင်းနှစ်ပင်ပွင့်၍ သီးသောကြောင့် အစေ့ပျိုးသရက်ထက် ဈေးပိုသော်လည်း အဝယ်လိုက်ကြောင်း အပင်နှစ်သားပေါ်မူတည်၍ အသီးသီးလေ့ရှိရာ လေးနှစ်သား၊ ငါးနှစ်သားတစ်ပင်လျှင် ပျမ်းမျှ သရက်သီး ငါးထောင်ကျော်ခန့်သီးပြီး ခုနစ်နှစ်သား တစ်ပင်လျှင် သရက်သီး အလုံးရေ တစ်သောင်းကျော်သီးလေ့ရှိကြောင်း သိရသည်။

[မျိုးဝင်းထွန်း-မုံရွာ]

ပဲခူးတိုင်းဒေသကြီး

သာယာဝတီမြို့နယ်အတွင်းရှိ သက်ပြည့်အငြိမ်းစား ဝန်ထမ်းများ တန်ဖိုးနည်းဖုန်းများ ချထားပေး

သာယာဝတီ ဖေဖော်ဝါရီ ၁၅- ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်းရှိ သက်ပြည့်အငြိမ်းစားဝန်ထမ်းများအား ကျပ် ၁၅၀၀ WCDMA မိုဘိုင်းတန်ဖိုးနည်းဖုန်းများကို ဖေဖော်ဝါရီ ၉ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်အထိ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် သာယာဝတီမြို့နယ် စီးပွားရေးဘဏ်ခွဲနှင့် ဌာနများမှ သက်ပြည့်ပင်စင်ရရှိခံစားသူများ၏ တစ်ဦးချင်း အမည်စာရင်းများကို စိစစ်ပြီး လက်ရှိပင်စင်လစာအနည်းဆုံးမှစတင်၍ အစဉ်လိုက် ပွင့်လင်းမြင်သာစွာ ရောင်းချပေးခဲ့ရာ ထုတ်ယူခဲ့ပြီးသော ပင်စင်စားတစ်ဦးက "ပင်စင်ရပြီးအလုပ်မရှိလို့ အထီးကျန်သလိုဖြစ်နေတာ ဖုန်းလေးရလာတော့လည်း အဝေးကဆွေမျိုးတွေ၊ သားသမီးတွေနဲ့ အလွယ်တကူ ဆက်သွယ်လို့ရတာပေါ့၊ ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ပြောသည်။

မြို့နယ်စီးပွားရေးဘဏ်ခွဲနှင့် ဌာနဆိုင်ရာများမှ ရရှိသောစာရင်းများအရ သက်ပြည့်ပင်စင်ရရှိခံစားသူ ၁၃၁ ဦးကို ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

[ခရိုင်ပြန်/ဆက်]

ကြက်ဥအကြောင်း သိကောင်းစရာလေးများ

ကြက်ဥရဲ့အရောင်

ကြက်ဥရဲ့အခွံဟာအဖြူရောင်၊ အညိုရောင် စသည်ဖြင့်အမျိုးမျိုးရှိတတ်ပါတယ်၊ အခွံရဲ့အရောင်မတူညီမှုက ဥရဲ့အနံ့၊ အရသာ၊ အာဟာရပါဝင်မှုတွေနဲ့ (လုံး၀)မသက်ဆိုင်ပါဘူး။ ကြက်ဥရဲ့အမျိုးအစားနဲ့သာဆိုင်ပါတယ်။ ဥအရောင်ဟာ ကြက်တွေစားရတဲ့အစာပေါ်မှာ မူတည်ပါတယ်။ ဂျုံကိုအခြေခံတဲ့ အစာတွေ စားရတဲ့ ကြက်တွေရဲ့ဥဟာ အဝါရောင်ဖျော့ပြီး ပြောင်းဆန်ကို အခြေခံတဲ့ အစားအစာတွေစားရတဲ့ ကြက်တွေရဲ့ဥဟာ အဝါရောင်ရင့်ပါတယ်။ ဥရဲ့အနှစ်အရောင်ကလည်း အဝါနုနုကနေ လိမ္မော်ရောင်အထိရှိတတ်ပါတယ်။ ဥရဲ့အနှစ်အရောင်မတူပေမယ့် အနံ့၊ အရသာနဲ့ အာဟာရတွေကွဲပြားမှုများကတော့ ကွာခြားမှုမရှိကြပါဘူး။

ကြက်ဥတွေဝယ်တဲ့အခါ

(ဒါကတော့ ကြက်ဥတစ်မျိုးတည်းသာမဟုတ်ပါဘူး၊ ဘဲဥ၊ ငုံးဥတွေနဲ့လည်း သက်ဆိုင်ပါတယ်)ဥတွေကိုဝယ်ကတည်းက အကွဲအအက်မပါတဲ့ ဥနဲ့ ဥအခွံပေါ်မှာ ရွှံ့တွေ၊ ချေးတွေ ညစ်ပေမနေတဲ့ဥမျိုးကိုသာ ရွေးဝယ်သင့်ပါတယ်၊ ဥအခွံဟာမာနေတဲ့အတွက် အထဲကအဖြူရည်ကြည်အကာတွေနဲ့ အနှစ်တွေ ကိုလုံခြုံအောင်အကာအကွယ်ပေးနေတယ်လို့ ထင်ကောင်းထင်ပါလိမ့်မယ်။ တကယ်တော့ ဥအခွံပေါ်မှာ သာမန်မျက်စိနဲ့မမြင်နိုင်တဲ့ အပေါက်သေးသေးလေးတွေ ရှိနေပါတယ်။ အဲဒီအပေါက်လေးတွေကနေပြီး အထဲကိုရေ၊ ရေငွေ့၊ လေ၊ ဗက်တီးရီးယားပိုးတွေစိမ့်ဝင်နိုင်ပါတယ်။ ဥကိုမစားသေးဘဲ ကြာကြာထားလေ အခွံထဲက အပေါက်ကလေးတွေ ကျယ်လာလေဖြစ်ပါတယ်။ ဥတွေကို ရေခဲသေတ္တာထဲမှာ ထားရင်တော့ ဗက်တီးရီးယားတွေ လွယ်လွယ်နဲ့မပေါက်ပွားနိုင်တော့ပါဘူး။

ဥတွေကိုဝယ်လာပြီးမစားသေးဘဲ ဒီအတိုင်းထားရင် ရက်ကြာလာတာနဲ့အမျှ ပျက်စီးသွားပါလိမ့်မယ်။ အကာအရည်ကြည်တွေလျော့ပါးလာပြီး အနှစ်ရဲ့ ပတ်ပတ်လည်က အမြှေးကလေးကလည်းပျက်စီးလွယ်လာပါပြီ (ဒါကို ဈေးသည်တွေအခေါ် အဝေါ်အရ အဆန်ချောင်တယ်လို့ပြောလေ့ရှိပါတယ်) ဥပမာအားဖြင့် ပုံမှန်အခန်းအပူချိန်ထဲမှာ တစ်ရက်သာခံမယ့်ဥဟာ ရေခဲသေတ္တာထဲမှာ ခုနစ်ရက်လောက်ခံပါတယ်။ ဒါကြောင့် ဥတွေကိုဝယ်တဲ့အခါ City Mart တို့လို ရေခဲသေတ္တာထဲထည့်ရောင်းတဲ့ဆိုင်မျိုးတွေကပဲဝယ်သင့်ပါတယ်။ အိမ်ရောက်တဲ့အခါမှာလည်း ဥတွေကိုဝယ်လာတဲ့ဘူး (ကြက်ဥခွက်ဘူး)နဲ့အတူ ရေခဲသေတ္တာထဲမှာ သိမ်းပေးပါ။ (အဲဒီလိုကြက်ဥထည့်ဘူးတွေထဲသိမ်းထားတော့ ကြက်ဥထဲကို အနံ့ဆိုးမဝင်စေတော့ပါဘူး) ရေခဲသေတ္တာရဲ့တံခါးမှာမထားဘဲ အတွင်းပိုင်းမှာပဲထားသင့်ပါတယ်။ ဥတွေကို ချက်၊ ပြုတ်၊ ကြော်ပြီးတော့ ပူပူနွေးနွေး စားခြင်းက အန္တရာယ်ကင်းဝေးနိုင်ပါတယ်။ (ဥတွေကိုအနံ့ဆိုးတဲ့ ကြက်သွန်လို အစားအစာတွေနဲ့ တွဲမထားသင့်ပါဘူး)

ကြက်ဥမှရနိုင်တဲ့ ရောဂါ

(ဒါကတော့ ကြက်ဥတွေသာမကပါဘူး ဘဲဥ၊ ငုံးဥတွေနဲ့လည်း သက်ဆိုင်ပါတယ်) ဥတွေမှာ Salmonella ဗက်တီးရီးယားတွေ ပါလာနိုင်ပါတယ်။ Salmonella ဆိုတာ အစာကတစ်ဆင့် ကူးစက်ရောဂါဖြစ်စေတတ်တဲ့ ဗက်တီးရီးယားတစ်မျိုးဖြစ်ပါတယ်။ ကလေးတွေ၊ သက်ကြီးရွယ်အိုတွေနဲ့ ကိုယ်ခံအားနည်းသူတွေမှာ ရောဂါပိုဖြစ်လွယ်ပါတယ်။ Salmonella ဗက်တီးရီးယားကူးစက်ပိုးဝင်တဲ့လက္ခဏာများမှာ ဥတွေစားပြီးနောက် မကြာမီအချိန်အတွင်းမှာပဲ ယားယံခြင်း၊ အင်ပျဉ်အဖုအပိမ့်များထွက်ခြင်း၊ ဝမ်းပျက်ခြင်း၊ ဗိုက်နာခြင်း တို့ဖြစ်ပါတယ်။

ကြက်ဥခွံရဲ့ ထူးခြားချက်

ကြက်ဥခွံတွေမှာ တစ်ခါတစ်ရံ သွေးကွက်ကလေးတွေတွေ့မြင်ဖူးကြပါလိမ့်မယ်။ ဒါဟာ ကျန်းမာရေးအတွက် ဘေးဥပဒ်(လုံး၀)မဖြစ်စေလို့ကြောက်ဖို့ မလိုပါဘူး။ အကောင်ပေါက်မယ့် လက္ခဏာမျိုးလည်းမဟုတ်ပါဘူး။ ကြက်ဥဖြစ်ပေါ်နေစဉ် သွေးကြောငယ်လေးတစ်ခု ပေါက်သွားခြင်းကြောင့်သာ သွေးစက်လေးပေါ်နေတာဖြစ်ပါတယ်။

ကြက်ဥပြုတ်(အနှစ်)ရဲ့ထူးခြားချက်

ကြက်ဥပြုတ်ရဲ့အနှစ်မှာ မီးခိုးရောင်(ရံဖန်ရံခါ အစိမ်းရောင်)သမ်းနေတာကို တွေ့ဖူးကြမှာပါ။ ဒါကတော့ ဥမှာပါတဲ့သံဓာတ်နဲ့ ဆာလဖါ(ကန့်)တို့ဓာတ်ပြုကြတာကြောင့် အဲဒီလိုအရောင်မျိုးဖြစ်ပေါ်လာပါတယ်။ ကြက်ဥပြုတ်စဉ် အသုံးပြုတဲ့ရေထဲမှာ သံဓာတ်များနေရင်လည်း ခုလိုအရောင်ဖြစ်တတ်ပါတယ်။ သို့သော် ကြက်ဥအနှစ်ရဲ့ အနံ့၊ အရသာ မပြောင်းလဲသလို ကျန်းမာရေးအတွက် အာဟာရတန်ဖိုးတွေလည်း မထိခိုက်စေတာမို့ ယုံကြည်စိတ်ချစွာစားသုံးနိုင်ပါတယ်။

ကြက်ဥရဲ့အာဟာရတန်ဖိုး

ဥပမာ ၅၀ ဂရမ်အလေးချိန်ရှိတဲ့ ကြက်ဥတစ်လုံးမှာ ပရိုတင်း ခြောက်ဂရမ်ကျော်ပါဝင်နေပြီး အဲဒီပရိုတင်းပမာဏ ထက်ဝက်ကျော်ကအကာထဲမှာရှိနေပြီး ကျန်ထက်ဝက်ခန့်က အနှစ်ထဲမှာရှိနေပါတယ်။ ခွန်အားဓာတ် ၇၀ ကယ်လိုရီပါဝင်နေပြီး ထိုကယ်လိုရီရဲ့ လေးပုံသုံးပုံက အနှစ်ထဲမှာပါရှိနေပါတယ်။ အဆီ၊ မီစုန်း (Phosphorous)၊ သံဓာတ်၊ B1၊ B6၊ B12၊ ဖောလစ်အက်စစ်၊ ပင်တိုသင်းနစ်အက်စစ်၊ ခိုလင်းစတဲ့ဗီတာမင်ဘီအုပ်စုတို့အပြင် ဗီတာမင်အေ၊ ဗီတာမင်ဒီစတဲ့ အာဟာရဓာတ်များလည်း ကြက်ဥအနှစ်ထဲမှာပါရှိနေပါတယ်။ ဒါကြောင့် ကြက်ဥစားတဲ့အခါ အကာရောအနှစ်တွေပါ အားလုံးစားပေးရပါမယ်။

ကြက်ဥရဲ့အာဟာရတန်ဖိုးတွေက ကလေးများကြီးထွားဖွံ့ဖြိုးမှုအတွက် အထူးလိုအပ်သလို သက်ကြီးရွယ်အိုများခန္ဓာကိုယ်တစ်သျှူးတွေ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် အရေးပါတာကြောင့် အရွယ်သုံးပါးမရွေး ကြက်ဥစားသုံးသင့်ပါကြောင်းနှင့် မိသားစုကျန်းမာရေးအတွက် မချက်ပြုတ်ခင်ကြက်ဥတွေကို ကျန်းမာရေးနဲ့ညီညွတ်အောင် စနစ်တကျသိမ်းဆည်းထားသင့်ပါကြောင်း။

ဆေးလိပ်ငွေ့တလူလူ

» » ကျောဖုံးမှ

ရောဂါများကို ခံစားဖြစ်စေနိုင်သည်။ အလုံးအရင်း ဆေးလိပ်ငွေ့(ETS)ကြောင့် ဆေးလိပ်မသောက်သုံးသူ ၅၂၀၀၀ ကို နှစ်စဉ်သေဆုံးစေသည်။

အလုံးအရင်းဆေးလိပ်ငွေ့ (ETS) များကို စားသောက်ဆိုင်၊ အလုပ်ရုံ၊ လက်ဖက်ရည်ဆိုင်နှင့် လူနေအိမ် (ဆေးလိပ်သောက်သုံးသူ မိဘမှတစ်ဆင့်)တို့တွင် ရှူရှိုက်စေနိုင်သည်။ အလုံးအရင်းဆေးလိပ်ငွေ့ (ETS) သည် အကွာအဝေးနှင့် လေဝင်လေထွက်ရရှိမှုပေါ်မူတည်ကာ အကျိုးသက်ရောက်မှုသည် ကွာခြားစေနိုင်သည်။

အမေရိကန်နိုင်ငံတွင် သင်အသက်ဘယ်လောက်ရှိပြီး ဆေးလိပ်သောက်တာ မည်မျှကြာနေခြင်းသည် ကိစ္စမရှိပါ။ သင်ဆေးလိပ်မသောက်သုံးသည်မှ သင်သည် တစ်နေ့တခြားပို၍ ကျန်းမာလာပေမည်ဟူသော ဆောင်ပုဒ်ဖြင့် ဆေးလိပ်မသောက်ကြရန် တိုက်တွန်းထားသည်။

"It doesn’t matter how old you are or how long you’ve smoked. You become healthier and stronger each day you are tobacco free." -National Cancer Institute (USA)

ဆေးလိပ်သောက်သူသည် ဆေးလိပ်ဖြတ်ရာတွင် လွယ်ကူစွာမဖြတ်နိုင်သောကြောင့် ဆေးလိပ်အစား E-cigratte အသုံးပြု၍သော်လည်းကောင်း၊ ပီကေဝါးခြင်းဖြင့်သော်လည်းကောင်း၊ ပါးစပ်အတွင်း စပရေးဖျန်းခြင်း သော်လည်းကောင်း၊ ရှူဆေးဘူးများ အသုံးပြု၍သော်လည်းကောင်း အစရှိသည့်နည်းလမ်းများကို အသုံးပြုနိုင်ပေသည်။

ဆေးလိပ်သောက်သုံးသူသည် ဆေးလိပ်ဖြတ်လိုက်ပါ မိနစ် ၂၀ ကြာပြီးနောက် ခန္ဓာကိုယ်အတွင်း သွေးပေါင်ချိန်နှင့် နှလုံးခုန်နှုန်းသည် ပုံမှန်အခြေအနေသို့ ရောက်ရှိကာ လက်၏ နွေးထွေးမှုသည် ပုံမှန်သို့ ရောက်ရှိလာမည်။ ရှစ်နာရီကြာပြီးသည့်နောက်တွင် သွေးအတွင်း ကာဗွန်မိုနောက်ဆိုက် ပါဝင်မှုလျော့နည်းလာကာ အောက်ဆီဂျင်ပါဝင်မှု တိုးလာပေမည်။ ၂၄ နာရီအကြာတွင် နှလုံးရောဂါဖြစ်နိုင်ခြေ လျော့နည်းသွားမည်။ ၄၈ နာရီကြာသည့် အခါသေဆုံးနေသည့် အာရုံခံများ ပြန်လည်ရှင်သန်လာကာ အနံ့နှင့် အရသာများကောင်းမွန်လာသလို လမ်းလျှောက်သည့်အခါ မမောပန်းတော့မည်ဖြစ်သည်။ သုံးလလောက်ကြာသည့်အခါ သွေးလည်ပတ်မှုကောင်းမွန်လာကာ အဆုတ်၏ လုပ်ဆောင်မှုသည် ၃၀ ရာခိုင်နှုန်းအထိ တိုးတက်ကောင်းမွန်လာမည်။ တစ်လမှ ကိုးလအတွင်း ချောင်းဆိုး၊ နှာစေး၊ အစာမကြေခြင်းနှင့် ပင်ပန်းနွမ်းနယ်မှုများကို သက်သာစေမည်ဖြစ်သလို အဆုတ်သည်လည်း ပြန်လည်သန့်စင်လာကာ Cilia များ ပြန်လည်ရှင်သန်လာမည်ဖြစ်သည်။ ငါးနှစ်ကြာပြီးသည့် နောက်တွင် ဆေးလိပ်မသောက်သူ တစ်ယောက်နီးပါး ကျန်းမာလာမည်ဖြစ်သည်။

စာရေးသူတို့နိုင်ငံတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းတွင်း ဆေးလိပ်ကင်းစင်သည့် နယ်နိမိတ် (Tobacco free zone) အဖြစ် အကောင်အထည်ဖော် ဆောင်လာရာ အောင်မြင်မှုများ ရှိလာခဲ့သည်။ ယနေ့ စာရေးသူတို့နိုင်ငံသည် အလုံးအရင်းဆေးလိပ်ငွေ့ (ETS) ရှူရှိုက်သူသည် ဒုတိယအများဆုံးနိုင်ငံဖြစ်သည်ဟု သုတေသနစာတမ်းထွက်ရှိလာရာ အကြောင်းအရင်းသည် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့် မိဘ၊ မိတ်ဆွေ သူငယ်ချင်းများထံမှ ဖြစ်သည်။ ၎င်းပြဿနာကို ဖြေရှင်းပေးနိုင်သည့် နည်းလမ်းများစွာရှိသည်။ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များတွင် ဆိုင်ရှင်များအနေဖြင့် ဆေးလိပ်သောက်သုံးသူများအတွက် သီးသန့်အခန်း ပြုလုပ်ပေးခြင်းကို နိုင်ငံတော်အစိုးရအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးသင့်သလို အများပြည်သူအပန်းဖြေရာ ပန်းခြံ၊ ကစားကွင်း၊ မော်တော်ကားဂိတ်နှင့် ဘူတာရုံများတွင် ဆေးလိပ်သောက်သုံးသူများကို ဆေးလိပ်သောက်သုံးရာနေရာ အခန်း (Smoking Area) ပြုလုပ်ပေးကာ အကယ်၍ အများပြည်သူ အပန်းဖြေရာနေရာများတွင် သောက်သုံးပါက ပြင်းထန်သော အရေးယူမှုများ ပြုလုပ်ပေးဖို့လိုအပ်နေပေသည်။ ထို့အတူ ပြည်သူများကိုလည်း ဆေးလိပ်သောက်သုံးခြင်းနှင့်ပတ်သက်သည့် ဆိုးကျိုးများ အကြောင်းကို အခမ်းအနားများကျင်းပကာ ထဲထဲဝင်ဝင်သိရှိအောင် ဟောပြောလမ်းညွှန်သင့်သလို ဆေးလိပ်၏ ဈေးနှုန်းနှင့် အခွန်စည်းကြပ်မှုကို တိုးမြှင့်ဆောင်ရွက်သင့်သည်။ လူငယ်များ အလွယ်တကူ ဝယ်ယူသောက်သုံးခြင်းမပြုနိုင်ရန်အတွက် ဆေးလိပ်ကို တစ်လိပ်ချင်း၊ နှစ်လိပ်ချင်း ရောင်းချခြင်း မှတားမြစ်ရပေမည်။ ထို့အတူ အများပြည်သူ ကျန်းမာရေးအတွက် အလုံးအရင်း ဆေးလိပ်ငွေ့ (ETS) ရှူရှိုက်ခြင်းမှ ကာကွယ်ရန်အတွက် အများပြည်သူနှင့် သက်ဆိုင်ရာနေရာများတွင် ဆေးလိပ်သောက်သုံးခြင်း တားဆီးရန် အားလုံးအင်တိုက်အားတိုက် ပါဝင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရသည်။ ။

ဆောင်းရာသီ အပူကာန် လည်ချောင်းနာအတွက် ဆေးတစ်ခွက်

ဆောင်းရာသီကဲ့သို့ အေးမြတဲ့ရာသီရောက်လာတဲ့အခါတိုင်း ခန္ဓာကိုယ်တွင်း အပူဓာတ်များသူတွေမှာ အပူကန်ထွက်လာပြီး လည်ချောင်းနာလေ့ရှိကြပါတယ်။ အဲဒီလို အပူဓာတ်များသူတွေအဖို့ ခါတိုင်းထက် ရေပိုသောက်ပေးရမှာဖြစ်ပြီး ပုံမှန်ရေချိုးနေကျအတိုင်း တစ်နေ့နှစ်ကြိမ် (သို့မဟုတ်) အနည်းဆုံး တစ်ကြိမ် နေ့စဉ်ရေချိုးပေးဖို့လိုပါတယ်။ ကိုယ်လက်လှုပ်ရှားမှုများများလုပ်ကာ ကောက်ညှင်းပေါင်းလို ဝမ်းချုပ်စာတွေမစားဘဲ သဘော်သီး၊ ငှက်ပျောသီးတို့လို ဝမ်းနူးစာတွေကို စားပေးသင့်ပါတယ်။

အပူကန်၍ လည်ချောင်းနာတဲ့ဝေဒနာဟာ လည်ချောင်းထဲကို မီးစနဲ့ထိုးခံရသလို ပူစပ်ပူလောင်ခံစားရပြီး အာသီးရောင်သကဲ့သို့ တံတွေးမျိုချတဲ့အခါတိုင်း နာတဲ့အပြင် လည်ချောင်းထဲက ယား၍ ဆိုးတတ်ပြန်တာကြောင့် အင်မတန်ခံရခက်တဲ့ ဝေဒနာတစ်မျိုးပါပဲ။ ဒီအတွက် စိတ်ညစ်မနေပါနဲ့။ ဟောဒီမှာ ဆေးကောင်းတစ်လက်ရှိပါတယ်။ ဒီဆေးဖော်စပ်နည်းက လုပ်ရတာလွယ်ကူလို့ အထင်မသေးလိုက်ပါနဲ့။ ဘေးထွက်ဆိုးကျိုးမရှိဘဲ ပျောက်ကင်းသက်သာသွားစေမယ့် ဆေးကောင်းတစ်ခွက်ဖြစ်လို့ပါ။

သဘာဝပျားရည်စစ်စစ်၊ သံပရာသီး၊ ဂျင်းစတဲ့ပစ္စည်း သုံးမယ်ဆိုရင် ဆေးဖော်စပ်ဖို့ရပါပြီ။ (၁၀၀ ရာခိုင်နှုန်း သဘာဝပျားရည်စစ်စစ်ကို City Mart ဆိုင်များနဲ့ ဆေးဆိုင်တွေမှာ အလွယ်တကူ ဝယ်ယူရရှိနိုင်ပါတယ်။ သံပရာသီးတစ်လုံးကို အစေ့ဖယ်အရည်မညှစ်ဘဲ ခပ်ပါးပါးအချပ်လေးတွေ လှီးပေးရပါမယ်။ ဂျင်းလက်နှစ်ဆစ်ခန့်ကို အခွံနွှာပြီးနောက် ခပ်ပါးပါး အချောင်းမျှင်မျှင်လေးတွေ ရအောင် လှီးဖြတ်ပါ)

စောစောက လှီးဖြတ်ထားတဲ့ သံပရာသီး အလွှာချပ်လေးတွေနဲ့ ဂျင်းအချောင်းလေးတွေကို ခြောက်သွေ့သန့်ရှင်းတဲ့ ဖန်ပုလင်းလွတ်တစ်လုံးထဲမှာထည့်ပြီး ၎င်းတို့မြုပ်ရုံ ပျားရည်စစ်စစ်ကို အပေါ်ကလောင်းချပေးပါ။ ပြီးရင် ဖန်ပုလင်းလေလုံအောင် အဖုံးကို ကျပ်ကျပ်ပိတ်၍ ထိုအရောအနှောသုံးမျိုး ဂျယ်လီပုံစံပြောင်းသွားတဲ့အထိ ရေခဲသေတ္တာထဲမှာ သိမ်းထားရပါမယ်။ ဂျယ်လီဖြစ်လာတဲ့အခါ ၎င်းကို ဇွန်းနဲ့ခပ်ကာ မတ်ခွက်တစ်ခွက်ထဲ ပြောင်းထည့်ပြီး ရေနွေးဆူဆူလောင်းချ၍ ခပ်နွေးနွေးအနေအထားမှာ စားလို့ရပါပြီ။ ပျားရည်နဲ့ဓာတ်ပြုထားတာကြောင့် သံပရာခွံကို ဝါးစားလို့ရပါတယ်။ အဲဒီအချိုးအစားအတိုင်း တစ်နေ့တစ်ကြိမ်ကျ သောက်ပေးခြင်းဖြင့် သုံးရက်မျှကြာတဲ့အခါ အပူကန်လည်ချောင်းနာများ ပျောက်ကင်းသွားပါလိမ့်မယ်။ (ပုလင်းဖုံးလုံလုံပိတ်ပြီး ရေခဲသေတ္တာထဲမှာ နှစ်လ၊ သုံးလကြာတဲ့အထိ သိမ်းထားလည်း ဆေးဓာတ်မပြယ်နိုင်ပါဘူး)

(တင်ထက်ထက်ဇော်)

နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

မြင့်စိုး(နတလ)

နာဂဒေသ၏အစောဆုံးလမ်း/တံတားများ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ပေ ၅၀၀၀ အထက်မြင့်မားသည့် တောင်ကုန်းတောင်တန်းများ ထူထပ်ရာဒေသဖြစ်၍ လမ်းများဖောက်လုပ်ရာတွင်ဖြစ်စေ၊ တံတားများတည်ဆောက်ရာတွင်ဖြစ်စေ အခက်အခဲများစွာ ကြုံတွေ့ရလေ့ရှိသည်။

ဝေသီခေါင်မြင့်မားသောနေရာဒေသများဖြစ်၍ နယ်စပ်ဖွံ့ဖြိုးရေးလမ်းများ စတင်ဆောင်ရွက်ပေးရာတွင်လည်း စစ်အင်ဂျင်နီယာတပ်ရင်းများ၏အကူအညီကို အများဆုံး ရယူဆောင်ရွက်ခဲ့ရသည်။ လမ်းအူကြောင်းရှာဖွေသည်မှအစ ယာဉ်/ယန္တရားကြီးများ အသုံးပြုဖောက်လုပ်သည်အထိ ယန္တရားစစ်သည်များ၏ အသက်သွေးချွေးများ၊ စိတ်ရင်းစေတနာကောင်းများ ရင်းနှီးပေးဆပ်ခဲ့ကြရသည်။ လမ်းဖောက်တာများ အသက်သွေးချွေးပေးဆပ်ရတဲ့အထိဖြစ်သလားကွာဟူ၍ မေးလာခဲ့ပါလျှင် ပေးခဲ့ကြရပါသည်ဟု ကျွန်တော်ဖြေရပါလိမ့်မည်။ နတလလုပ်ငန်းများကို ၁၉၈၉ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ချောက်ထဲပြုတ်ကျသည့် မြေထိုးစက်၊ မြေကော်စက်ကြီးများ၊ မြေသယ်ယာဉ်များကြောင့် တိမ်းပါးခဲ့ကြသလို အလုပ်ပင်ပန်းမှု၊ ရာသီဥတုမမျှတမှု၊ အနေအစားချို့တဲ့မှုတို့ကြောင့် ရောဂါဘယများ ဖြစ်ပွားပြီး အသက်ဆုံးရှုံးမှုများကိုလည်း ကြုံတွေ့ခဲ့ကြရပါသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပထမဆုံးနယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ၁၉၉၉ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့သည့် လဟယ်-တိုက်ရံ-ယမ်းကြုံးလမ်း (၆၁/၀)မိုင်၊ ၂၀၀၀ ပြည့်နှစ်တွင် ဖောက်လုပ်ခဲ့သော ခန္တီး-ဆင်သေ-လဟယ်လမ်း (၅၆/၀)မိုင်တို့ဖြစ်သည်။ ထို့အတူ ကြိုးတံတားများကို အဓိကအားထားခဲ့ရသည့် နာဂဒေသအတွက် ၁၉၉၄ ခုနှစ်တွင် ဆပ်ပလော်-ဆော့လော်လမ်းပေါ်တွင် အရှည်ပေ ၁၇၀၊ နမ့်သလက်ချောင်းကူးအရှည်ပေ ၄၅၀၊ စပျစ်လက်တက်ချောင်းကူးအရှည်ပေ ၃၅၀ တံတားများကို တည်ဆောက်ပေးခဲ့သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုလုပ်ငန်းများ

နယ်စပ်ဒေသများတွင် လမ်း/တံတားလုပ်ငန်းများကို တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ ပညာရည်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိရေးတို့အတွက် စီမံချက်များ ချမှတ်ဆောင်ရွက်ပေးခြင်း၊ စီးပွားဖြစ်ကုန်ထုတ်လုပ်ငန်းများထူထောင်၍ ဒေသခံပြည်သူများ၏ အလုပ်အကိုင်နှင့် အခွင့်အလမ်းများ၊ လူမှုစီးပွားရေးအခြေအနေများ တိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လမ်း/တံတားလုပ်ငန်းများသည် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုနယ်စပ် ဖွံ့ဖြိုးရေးရန်ပုံငွေများကို အောက်ပါအတိုင်း တွေ့ရပေမည်-

စဉ်	လုပ်ငန်းအမည်	ခွင့်ပြုငွေ (ကျပ်သန်း)
၁။	လမ်းတံတားလုပ်ငန်း	၁၉၇၃၀ . ၈၇၄
၂။	ပညာရေးလုပ်ငန်း	၂၄၄ . ၆၀
၃။	ကျန်းမာရေးလုပ်ငန်း	၁၈၇ . ၅၀
၄။	စိုက်ပျိုးရေးလုပ်ငန်း	၄၀ . ၀၀
၅။	မွေးမြူရေးလုပ်ငန်း	
၆။	စွမ်းအင်လုပ်ငန်း	၂၄၄ . ၃၇၅
၇။	ပြည်သူ့ဆက်ဆံရေးလုပ်ငန်း	၂ . ၀၀
၈။	သာသနာရေးလုပ်ငန်း	၄၄ . ၀၀
၉။	အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း	၅၉၄ . ၇၈
	စုစုပေါင်း	၂၁၁၁၈ . ၁၂၉

> "နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကားလမ်းများ တိုးချဲ့ဖောက်လုပ်ပေးနေသကဲ့သို့ နယ်မြေလူထု၏ လိုအပ်ချက်ဖြစ်သော ဆိုင်ကယ်စီးလမ်းများ ပေါ်ပေါက်လာရေးကိုလည်း အလေးထားဆောင်ရွက်ပေးခဲ့သည်"

ယင်း လမ်း/တံတားလုပ်ငန်း ခွင့်ပြုငွေများထဲတွင် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူဆောင်ရွက်ပေးနေသော ပါဆောင်-ပါရိုးလမ်း (၃၀/၀)မိုင်၊ လေရှီး-ပန်ဆပ်-ဆွမ္မရာလမ်း (၃၉/၆)မိုင်၊ နန်းယွန်း-ပန်ဆောင်လမ်း (၃၄/၃) မိုင်၊ မကျန်-တိုက်ရံ-ပုံညိုလမ်း (၄၁/၀) မိုင်၊ လဟယ်လန်ခင်လမ်းခွဲမှ ယမ်းကြုံးအထိ (၂၀/၀) မိုင်တို့အတွက် ခွင့်ပြုငွေ ၁၆၃၆၀ ဒသမ ၈၇၄ သန်းနှင့် ဒေသတွင်း အခြားလမ်း/တံတားလုပ်ငန်းများအတွက် ၃၃၇၀ ဒသမ သုည သန်းပါဝင်ပါသည်။

ပစ်ပယ်၍ မရသေးသော ဆိုင်ကယ်စီးလမ်းများ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ထူးခြားချက်တစ်ခုမှာ နယ်မြေဒေသ၏ပထဝီအနေအထားအရ ဆိုင်ကယ်စီးလမ်းများကို လျာထားဖောက်လုပ်ပေးနေရခြင်းဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်လျာထားချက်တွင် မြေလမ်းစုစုပေါင်း (၄၆၃/၄)မိုင်ပါဝင်လျက်ရှိသည်။ တစ်မိုင်လျှင် ကျပ်တစ်သန်းနှုန်းဖြင့် လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များအတွင်း ရှစ်ပေအကျယ်ရှိ ဆိုင်ကယ်စီးလမ်း ၂၀ အတွက် လျာထားတင်ပြထားခြင်းဖြစ်ပါသည်။ ရှေးရှေးကာလတွင်မူ ပေါက်တူး၊ ပေါက်ပြားများဖြင့် ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ခဲ့ကြရကြောင်း၊ လမ်းအကျယ်မှာ အများဆုံး လေးပေ၊ ငါးပေခန့်သာရှိကြောင်း၊ အတက်အဆင်းပြေပြစ်အောင် လုပ်မထားနိုင်၍ တံတောင်ဆစ်ချိုးအကွေ့များ၊ မတ်စောက်သောနေရာများတွင်ကျွမ်းကျင်မှုအထူးလိုအပ်ကြောင်း သိရသည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကားလမ်းများ တိုးချဲ့ဖောက်လုပ်ပေးနေသကဲ့သို့ နယ်မြေလူထု၏ လိုအပ်ချက်ဖြစ်သော ဆိုင်ကယ်စီးလမ်းများ ပေါ်ပေါက်လာရေးကိုလည်း အလေးထားဆောင်ရွက်ပေးခဲ့သည်။

မြန်မာ-အိန္ဒိယချစ်ကြည်ရေး စီမံကိန်းလုပ်ငန်းများ

အိန္ဒိယနိုင်ငံ၏ကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ချင်းပြည်နယ်တို့၌ လမ်း/တံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယင်းစီမံကိန်းအရ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လဟယ်မြို့နယ်အတွင်း၌ နှစ်လွှာတစ်ထပ်ဘေလီအမျိုးအစား တိုက်ရံချောင်းကူးတံတား၊ လော်ချောင်းတံတား၊ ထွေးညိုချောင်း တံတားများတည်ဆောက်ပေးနေပါသည်။ လေရှီးမြို့နယ်တွင် အမက(၃)ကျောင်းနှင့် ဆေးပေးခန်းသုံးခု၊ လဟယ်မြို့နယ်တွင် အမက(၄)ကျောင်းနှင့် ဆေးပေးခန်း သုံးခု တည်ဆောက်လျက်ရှိသည်။ ယင်းစီမံကိန်းအရ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်အလိုက်ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်နှင့် ဒေသဖွံ့ဖြိုးရေး

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နှစ်စဉ် ဇန်နဝါရီ ၁၅ ရက်၌ ကျင်းပခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ယင်းပွဲတော်၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြို့နယ်အသီးသီးတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် လမ်း/တံတား၊ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ မီးလင်းရေး၊ သာသနာရေး၊ လျှပ်စစ်ကားထစ်လယ်ယာဖော်ထုတ်ရေး စသောလုပ်ငန်းများအတွက် ငွေကျပ်သိန်း ၅၀၀၊ အခြားထောက်ပံ့ပစ္စည်းများအတွက် ငွေကျပ် ၃၁ ဒသမ ၄ သိန်းပေးအပ်ခဲ့သည်။ ၂၀၀၅ ခုနှစ်မှစ၍ နှစ်စဉ် ထောက်ပံ့ပေးအပ်ခဲ့ရာ ယခုနှစ်အထိငွေကျပ် ၂၆၆၅ ဒသမ ၅၂ သိန်း ပေးအပ်ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုနည်းတူစွာ သီတဂူဆရာတော်ကြီးအမှူးပြုသော သီတဂူဗုဒ္ဓသာသနာပြုအဖွဲ့ကဲ့သို့ စေတနာရှင်၊ အလှူရှင်များကလည်း နာဂဒေသမှတိုင်းရင်းသားသွေးချင်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဆေးရုံဆေးခန်းနှင့် ဆေးဝါးပစ္စည်းများဆောက်လုပ်လှူဒါန်းထောက်ပံ့ခြင်းတို့ စီစဉ်ဆောင်ရွက်ပေးနေကြောင်း တွေ့ရှိရသည်။ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့သော နာဂဒေသတွင် နိုင်ငံတော်အစိုးရနှင့် စေတနာရှင်အလှူရှင်တို့ကြောင့် ကောင်းမွန်သည့်အကျိုးရလဒ်တစ်စုံတစ်ရာတွေ့ရမြင်ရလေတိုင်း ဒေသခံများနှင့်ထပ်တူထပ်မျှ ကြည်နူးဝမ်းသာဖြစ်ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

နာဂရိုးရာ ပွဲတော် မြင်ကွင်းတစ်ခု။

မိခင်နှင့်ကလေးမူကြိုကျောင်း (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ကျင်းပ

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၅

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကျောင်း၏ (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွဋ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းတို့က အမှာစကားပြောကြားခဲ့ပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ပြုံးကြည်က နှစ်ပတ်လည်နေ့ကျင်းပခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မိခင်နှင့်ကလေး မူကြိုကျောင်းမှ ကျောင်းသား ကျောင်းသူရင်သွေးငယ်များက "ကလေးတို့ဆရာမ" အစရှိသည့်သီချင်း ၁၀ ပုဒ်ဖြင့်ကပြသီဆိုဖျော်ဖြေတင်ဆက်ကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး ရင်သွေးငယ်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ (၅၈၀)

မိုးညှင်းမြို့နယ် နန်းမား-နန့်စော်လော် ချောင်းကူးတံတား တည်ဆောက်ပြီးစီးရန် အခက်အခဲရှိဟုဆို

ပြည်တွင်းရေးရာ စာမျက်နှာ - ၂ » »

ကလေးဒေသတွင် ဝင်ငွေပိုရသော ဂျုံကို စိုက်ပျိုးသူများပြားလာ

ပြည်တွင်းရေးရာ စာမျက်နှာ - ၄ » »

ဧရာဝတီတိုင်းဒေသကြီး ရေလှျံတွင်းမှ ရေဖြင့် နွေစပါးများ ဖြစ်ထွန်းအောင်မြင်

ပြည်တွင်းရေးရာ စာမျက်နှာ - ၄ » »

ဆေးလိပ်ငွေ့တလူလူ

သစ်ပင်ချစ် (Eng Env)

ဆေးလိပ်သည် ဆေးရွက်ကြီးပင်မှရရှိသောအရွက်ကို ထောင်းကာ ဆေးလိပ်အတွင်း ထည့်သွင်းကာ သောက်သုံးခြင်းဖြစ်သည်။ ဆေးလိပ်ကို စီးကရက်အနေဖြင့်လည်းကောင်း၊ ပိုက်ဖြင့်လည်းကောင်း သောက်သုံးကြသလို ဆေးပေါ့လိပ်အနေဖြင့်လည်း သောက်သုံးကြသည်။ ၎င်းဆေးရွက်ကြီးကို ဝါးသည့်အရာ (Chewing tobacco) ဖြင့်လည်း အသုံးပြုကြသလို နှာခေါင်းဖြင့်လည်း ရှူရှိုက်သည့်အရာ (snuff) အနေဖြင့်လည်း အသုံးပြုကြသည်။

ဆေးလိပ်ငွေ့တွင် လူ့ခန္ဓာကိုယ်ကို အဆိပ်သင့်ဆိုးကျိုးဖြစ်စေသော ကာဗွန်မိုနောက်ဆိုက် (မော်တော်ယာဉ်များမှ ထုတ်လွှတ်သည့် ဓာတ်ငွေ့၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုကို ဖယ်ရှားပေး)၊ နိုက်ထရိုဂျင်အောက်ဆိုက်နှင့် ဟိုက်ထရိုဂျင်ဆိုင်ယာနိုက် Hydrogen Cyanide (HCN) ဓာတ်ငွေ့များ၊ ဘန်ဇင်း (Benzene)၊ နိုက်ထရိုစမင်း (N-nitrosamine) အစရှိသည့် ငွေ့ရည်များနှင့် အနုစိတ်သော အမှုန်များဖြစ်သည့် နစ်ကိုတင်း၊ Polyaromatic Hydrocarbons (PAHs)၊ Tobacco -Specific Nitrosamines (TSNAs) နှင့် ဖီနော (Phenol) တို့ပါဝင်သည်။ ဆေးလိပ်ငွေ့တွင် ဓာတုပစ္စည်းမျိုးပေါင်း ၄၀၀၀ ပါဝင်ကာ လည်ချောင်းအတွင်းမှ ၁၀၉ မျိုးသည် ကင်ဆာရောဂါကို ဖြစ်စေသည်။

ထိုသို့ ရှုပ်ထွေးစွာပါရှိပါဝင်သည့် ဓာတုဖွဲ့စည်း လူသားများဆီသို့ အမျိုးစုံသော ရောဂါများကိုဖြစ်စေနိုင်သည်။ အထူးသဖြင့် Hydrogen Cyanide (HCN) သည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အချင်းကနေတစ်ဆင့် သန္ဓေသား ဖွံ့ဖြိုးမှုအပေါ် အကျိုးသက်ရောက်စေနိုင်စေလို ဦးနှောက်သွေးကြောမျှင်ပျက်စီးခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ Polyaromatic Hydrocarbons (PAHs) နှင့် Tobacco-Specific Nitrosamines (TSNAs) တို့သည်ကင်ဆာဖြစ်စေနိုင်သည့် အရာများဖြစ်သလို ဘန်ဇင်းနှင့် ဖီနောတို့ကိုလည်း ကင်ဆာဖြစ်စေနိုင်သော ဓာတ်ပစ္စည်းများအဖြစ် သတ်မှတ်ထားသည်။ ကျွန်တော်တို့တစ်တွေသည် ဆေးလိပ်သောက်တိုင်း ကားအိပ်ဇောကို ပါးစပ်ပေါက်အတွင်းတပ်ထားသည်ဟု ရှုမြင်သင့်သည်။

ဆေးလိပ်သောက်သုံးခြင်းကြောင့် နှစ်စဉ်လူပေါင်းသုံးသန်းခန့် သေဆုံးနေပြီး ရှစ်စက္ကန့်တွင် လူတစ်ယောက်သေဆုံးနေကာ ၂၀၂၀ ခုနှစ်တွင် ဆေးလိပ်ကြောင့် သေဆုံးသူလူပေါင်း ၁၀ သန်းခန့်ရှိလာပြီး သုံးစက္ကန့်တွင် လူတစ်ယောက် သေဆုံးမည်ဟု ခန့်မှန်းထားသည်။ ၁၉၇၀ ခုနှစ်မှစတင်ကာ ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဆေးလိပ်သောက်သုံးခြင်းကို ၁၀ ရာခိုင်နှုန်း လျှော့ချလာသော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများသည် ၆၀ ရာခိုင်နှုန်းထိ တိုးတက်လာသည်ဟု ဖော်ပြထားသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆေးလိပ်သောက်သုံးသည့် အမျိုးသားဦးရေသည် ၅၀ ရာခိုင်နှုန်းရှိကာ သောက်သုံးသူ အမျိုးသမီးသည် ၂၂ ရာခိုင်နှုန်းရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သောက်သုံးသူ အမျိုးသား ၃၅ ရာခိုင်နှုန်းနှင့် အမျိုးသမီး ကိုးရာခိုင်နှုန်းရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအစီရင်ခံစာ (World Health Report) တွင် ဖော်ပြထားသည်။ အမေရိကန်နိုင်ငံတွင် ဆေးလိပ်သောက်သုံး ခြင်းကြောင့် သေဆုံးမှုပမာဏသည် ဒုတိယအများဆုံးဖြစ်သည်။ အဆုတ်ကင်ဆာဖြင့် သေဆုံးသူ ၉၀ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သုံးခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့် ဆေးလိပ်ငွေ့သည် သောက်သုံးသူ (Active smoker)နှင့် တစ်ဆင့်ခံ သောက်သုံးသူ(ဝါ) ရှူရှိုက်သူ (Passive smoker) တို့၏ ကျန်းမာရေးအပေါ် ဆိုးကျိုးများသက်ရောက်စေနိုင်သည်။ ယနေ့ ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံသည် ဆေးလိပ်သောက်သူများဖြစ်ကာ ၎င်းအတွင်းမှ သန်း ၂၅၀ သည် အမျိုးသမီးများဖြစ်ကာ သန်း ၁၀၀၀ သည် အမျိုးသားများဖြစ်သည်။ ဆေးလိပ်သောက်သုံးသူ (Active smoker) သည် ၅၀၀ ဂရမ်ရှိသည့် မီးခိုးငွေ့ကို ထုတ်လွှတ်ကာ ၎င်းခန္ဓာကိုယ်အတွင်းသို့ ၅၀၀ ဂရမ်သာဝင်ရောက်ပြီး တစ်ဆင့်ခံသောက်သုံးသူ (Passive smoker) သည် ဆေးလိပ်သောက်သုံးသူမှုတ်ထုတ်လိုက်သော ၄၅၀ ဂရမ်ကို ရှူရှိုက်ရသည်။ ထို့ကြောင့် ရှူရှိုက်သူ (Passive smoker) သည် သောက်သုံးသူ (Active smoker) ထက် ပို၍အန္တရာယ်ရှိကာ ကျန်းမာရေးကို များစွာထိခိုက်နိုင်ပေသည်။

တစ်ဆင့်ခံသောက်သုံးသူ(ဝါ) ရှူရှိုက်သူ (Passive smoker) ကို အလုံးအရင်းဆေးလိပ်ငွေ့ (Environmental Tobacco Smoke,ETS)ဟုလည်းကောင်း၊ Secondhand Smoking (မသိမသာသောက်သုံးခြင်း)ဟူ၍ လည်းကောင်း ခေါ်သည်။ အလုံးအရင်းဆေးလိပ်ငွေ့ (ETS)တွင် ဆေးလိပ်သောက်သုံးသူတစ်ယောက်မှထုတ်လွှတ်သည့် ဆေးလိပ်ငွေ့ (Mainstream Smoke, MS)နှင့် ဆေးလိပ်သောက်သုံးသူများမှ ထုတ်လွှတ်လိုက်သည့်ဆေးလိပ်ငွေ့ (Sidestream Smoke, SS)ဟူ၍ နှစ်မျိုးခွဲခြားသတ်မှတ်နိုင်သည်။ ဆေးလိပ်သောက်သုံးသူများမှ ထုတ်လွှတ်လိုက်သည့် ဆေးလိပ်ငွေ့(SS)တွင် ဆေးလိပ်သောက်သုံးသူတစ်ယောက်မှထုတ်လွှတ်သည့် ဆေးလိပ်ငွေ့ (MS) ထက်ပို၍ ဓာတုပစ္စည်းပါဝင်မှုပမာဏပိုများကာ ဆေးလိပ်မသောက်သုံးသူများအပေါ် ဆိုးကျိုးဖြစ်စေခြင်း၏ ရင်းမြစ်ဖြစ်သည်။ သို့သော် ဆေးလိပ်တွင်ပါဝင်သည့် အစီခံသည် ဆေးလိပ်သောက်သုံးသူတစ်ယောက်မှထုတ်လွှတ်သည့် ဆေးလိပ်ငွေ့ (MS)ကို စစ်ထုတ်ပေးသောကြောင့် ဆေးလိပ်သောက်သုံးသူများမှ ထုတ်လွှတ်လိုက်သည့် ဆေးလိပ်ငွေ့ (SS)ဓာတု ပါဝင်မှုပမာဏနှင့်တူညီသည်ဟု သုတေသနစာတမ်းများတွင်ဖော်ပြထားသည်။ ဆေးလိပ်မသောက်သုံးသူအများစုသည် ဆေးလိပ်သောက်သုံးသူများမှ ထုတ်လွှတ်လိုက်သည့်ဆေးလိပ်ငွေ့(SS) ကို ရှူရှိုက်ကြရသည်။

အလုံးအရင်းဆေးလိပ်ငွေ့ (ETS)တွင် သောက်သုံးသူမိဘများမှတစ်ဆင့် ကလေးသူငယ်များအား တူညီသောဆေးလိပ်ငွေ့ကို သောက်သုံးစေကာ ပန်းနာရင်ကြပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါများကို ခံစားစေနိုင်သလို အရွယ်ရောက်လူငယ်များတွင် ဆီးအိမ်ကင်ဆာ၊ သားအိမ်ကင်ဆာ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ အဆုတ်နှင့်ပတ်သက်သည့် ရောဂါ (Chronic Obstructive Pulmonary Disease, COPD) အစရှိသည့်

စာမျက်နှာ ၆ သို့ » »